www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

6 JUN 2014

ကဇော မဖဲဝါရဲ့ အိမ်

ထုတ်ဝေသူ
ဦးဇော်ဝမ်းမြဲဦးအေး
(မြ-၀၄၁၀၀)
လာဘ်မိုးစွေတပေ
ဒုနိုဝ်သူ
ဦးစည်သူကိုကို
(မြ-၁၀၉၈၁)
တော်ဝင်ထွန်းပုံနိပ်တိုက်
မျက်နှာဖုံးဖန်းချီ
ဝေါဟာရ
မျက်နှာဖုံးဒီဇိုင်း
လမုံမိုး
ကွန်ပြူတာစာစီ
ဇာနည်မော်
မျက်နှာဖုံးဇလင်
EAGLE
အတွင်းဇလင်
ရာဇာမျိုဝင်း
စာအုပ်ချုပ်
ဇာနည်
အုပ်ရေ
၁၀၀၀ အုပ်
တန်ဖိုး
၁၃၀၀ ကျပ်

ပြန်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ပထမထပ်၊လမ်း-၄၀၊ကျောက်တံတားပြိုနယ်၊ရန်ကုန်။

ဖုန်း-၀၉၇၃၁၅၃၁၃၉၊၀၉၄၂၀၅၆၃၅၄

www.burmeseclassic.com

မာတိကာ

မောင်ထဲကရယ်သံ ၅

စောကြီးခေါင်း ၃၆

တောင်ကျရေ ၆၇

ချစ်ကလဲ့စား ၉၇

မဖဝါရဲ့အိမ် ၁၂၇

BURMESE CLASSIC .com

မောင်ထဲကရယ်သံ

ကျုပ်တို့အညာနွားဆိုတာ အားကြီးသနားဖွဲတောင်းတာ ဗျ။ ယာထဲလည်း လုပ်ရတယ်။ ရေစည်လည်း တိုက်ရတယ်။ ဆီဆုံ

www.burmeseclassic.com

www.burmeseclassic.com

လည်း ကြိတ်ရတယ်။ ကုန်ပစ္စည်းလည်း ဆယ်ရ၊ ဟိုနား ဒီနားသွား တော့လည်း လှည်းဆွဲရနဲ့ ဒင်းတို့ခမျာ နားရတယ်ကို မရှိရှာတာဗျ။

လူက ဂရုစိုက်ပါမှ။ အစာမှန်မှန်ကျွေး။ ရေမှန်မှန်တိုက်။ ရေချိုးခိုန်ခိုးပေး။ နေထိုင်မကောင်းတော့လည်း ဆေးလေးဝါးလေး ဂရုစိုက်တိုက်ပေးရတာပေါ့ဗျာ။

ကျုပ်ကတော့ အဘွားကြီးတွေကို လွှတ်ဂရုစိုက်တာဗျ။ အစာရေစာ မှန်မှန်တိုက်ကျွေးနေတော့ နွားကြီးတွေက ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုး ဖြစ်နေတော့တာပေါ့ဗျာ။

အခုလည်း နွားစာကျွေးပြီးလို့ နွားတင်းကုတ်ရှေ့က သရက်တုံးပေါ်မှာထိုင်ပြီး ဆေးလိပ်ကလေး ဖွာနေတာဗျ။ တာတော မြို့ကျောင်းမှာနေတုန်းက ဆေးလိပ်ရဲ့ ဆိုးကျိုးတွေ သင်ခဲ့ရပါတယ်။ ဒါပေမဲ့ မောနေတဲ့အချိန်မှာ ဆေးလိပ်ကလေး ဖွာလိုက်ရရင် အမောကို ပြေသွားတာဗျို့။

"တာတေ အိမ်ရှေ့မှာ ဆန်စေ့လုံး ရောက်နေတယ်၊ ဆရာတော် လွှတ်လိုက်တာထင်တယ်၊ လာတွေ့လိုက်ဦး"

အမေက အိမ်ဘေးပြတင်းပေါက်က ခေါင်းပြူပြီး ကျုပ်ကို အော်ပြောတယ်။ အဘက ရွာတောင်ပိုင်းက အရိုးမယ်ကျင်တို့ဝိုင်းကို သွားလို့ဗျ။

ဆန်စေ့လုံးဆိုတာ ပုဗ္ဗာရုံကျောင်းက ကျောင်းသားကလေးဗျ။ လူလေးက သေးသေးညှက်ညှက်ကလေးမို့ သူ့ကို ဆန်စေ့လုံးလို့

ခေါ်ကြတာ။ ဆန်စေ့လုံး ဆိုတဲ့ကောင်က လူကောင်က သေးသေး၊ မျက်လုံးကပြူးပြူး၊ ပါးစပ်က ပြဲပြဲဗျ။ ဒါပေမဲ့ လွှတ်လျင်တဲ့ကောင်ပါဗျာ။ ဆရာတော် ဦးဂုဏရဲ့ လက်စွဲပေါ့ဗျာ။ ဆရာတော့် အလိုက် အထိုက်ကိုလည်း လွှတ်သိတာဗျ။ အားကြီးလူကင်းပါးတဲ့ကောင်။

ကျုပ်က အိမ်ဘေးကပတ်ပြီး အိမ်ရှေ့ပေါက်ကနေ အိမ်ပေါ် တက်လိုက်တယ်။

"ကိုကြီးတာတေ ဘာတွေလုပ်နေတုံးဗျ"

ဟော တွေ့လား။ အဲဒီလိုကောင်ဗျ။ နှုတ်စ လျှာစကလည်း သွက်ပါ့ဗျာ။ ဒီကောင်လေးကို ကျုပ်တို့ရွာသားတွေက အားကြီးချစ်ကြတာ။

"ဆန်စေ့လုံး ဘာလုပ်လာတာတုံး"

ကျုပ်က ပြုံးပြပြီး မေးလိုက်တယ်။ ဆန်စေ့လုံးက မျက်လုံးပြူးပြူးကြီးတွေနဲ့ ကျုပ်ကို ကြည့်ပြီး. . .

"ဆရာတော်က ကိုကြီးတာတေကို ခေါ်ခိုင်းလို့ဗျ"

"ဟေ ဟုတ်လားကွ ဆန်စေ့လုံးရဲ့၊ ဘယ်တော့ လာခဲ့ရမှာတဲ့တုံး"

"အခုလာခဲ့ပါတဲ့ဗျ"

"ဟေ အခုဟုတ်လား၊ မင်း ဆရာတော် ဘာတွေများ အရေးပေါ်နေလို့တုံးကွ"

"ဧည့်သည်တွေ ရောက်နေလို့ဗျ၊ ဆရာတော်ရဲ့ ညီနဲ့တူ

www.burmeseclassic.com

www.burmeseclassic.com

လို့ပြောတယ်၊ ဘယ်က လာတာလဲတော့ ကျုပ် မသိဘူး"

"ဆရာတော့်ညီဆိုတော့ ဟိုတစ်ခါလာတဲ့ အရပ်ပုပုနဲ့ သျှောင်ထုံးနဲ့လူလား"

"ဟာ အဲဒါက ဘိုးလူနီပါ၊ အခုလာတဲ့ ဘိုးတော်က တစ်ခါမှ မလာဖူးဘူးဗျ၊ သျှောင်ထုံးနဲ့ မဟုတ်ဘူး"

"ဩော်. . . အေးအေး၊ ဒါဆိုရင် ဝမ်းကွဲညီ ဖြစ်လိမ့်မယ်၊ ကဲ မင်းပြန်နှင့်၊ ငါ နောက်ကလိုက်ခဲ့မယ်"

"ဟာ မဖြစ်ဘူးဗျ၊ ဆရာတော်က ကိုကြီးတာတေကို တပါတည်း ခေါ်ခဲ့လို့ မှာလိုက်တာ"

"ဟေ ဒါဆိုရင်တော့ ခဏာစောင့်ကွာ၊ ပုဆိုးလေး အင်္ကျီလေး လဲလိုက်ဦးမယ်"

ကျုပ်က ကျုပ်အခန်းထဲဝင်ပြီး ပုဆိုးနဲ့အင်္ကျီ လဲလိုက်တယ်။

"ကဲ ဆန်စေ့လုံး သွားကြမယ်၊ အမေရေ ကျုပ်ကို ဆရာတော်ခေါ်လို့ ကျောင်းကို လိုက်သွားလိုက်ဦးမယ်"

"အေး အေး လိုက်သွား၊ လိုက်သွား၊ ကိစ္စရှိလို့နေမှာပေါ့"

ပုဗ္ဗာရုံကျောင်းကိုရောက်တော့ ပန်းခြံတွေကြားက အုတ်လမ်းလေးအတိုင်း ဝင်လာခဲ့တယ်။ ဆရာတော် သီတင်းသုံးနေတဲ့ နှစ်ထပ်တိုက်ကျောင်းကြီးထဲကို ဝင်လိုက်တယ်။ ဆရာတော်က ကျောင်းကြီးရဲ့ အပေါ်ထပ်မှာဗျ။

ပွတ်လုံးတိုင်ကြီးတွေနဲ့ ပြောင်ပြောင်လက်လက် လက်ရမ်း

ကြီးတွေ တပ်ထားတဲ့ လှေကားကြီးအတိုင်း ကျောင်းကြီးအပေါ်ထပ်ကို ကျုပ်တက်လာခဲ့တယ်။ ဘုရားခန်းမှာ ထိုင်နေတဲ့ ဆရာတော်ကို ကျုပ် လှမ်းမြင်တယ်။ ဆရာတော့်ရှေ့မှာ လူနှစ်ယောက်ဗျ။ ကြုံကြုံကလေးတွေ ထိုင်နေကြတယ်။

တစ်ယောက်က အသက်ခြောက်ဆယ်လောက်ရှိပြီ။ တစ်ယောက်က အသက်လေးဆယ်လောက်ရှိမယ်။ ဆရာတော်ရောဥ္ဇသည်နှစ်ယောက်စလုံးကရော ကျုပ်ကို လှည့်ကြည့်ကြတယ်။

ကျုပ်နဲ့ ဆန်စေ့လုံးက ဆရာတော်ကို ဝတ်ဖြည့်လိုက်ကြတယ်။

"အေး အဲဒါ၊ ကျုပ်ပြောတဲ့ မောင်တာတေပဲ၊ ကဲ ဆန်စေ့လုံး မင်းသွားလို့ရပြီ"

"တင်ပါ့ဘုရား"

ဆန်စေ့လုံးက ဆရာတော်ကို ကန်တော့ပြီး ခွေနောက်ဆုတ် နောက်ဆုတ်သွားတယ်။

"ဆန်စေ့လုံး သိပ်မဆော့နဲ့နော်"

"တင်ပါဘုရား၊ မဆော့ပါဘူးဘုရား"

"တာတေရေ၊ နင့်အကောင် ဆန်စေ့လုံးက အားကြီးဆော့စာကွ၊ မနေ့ကလည်း သရက်ပင်ပေါ်က ပြုတ်ကျတာ ကံကောင်းလို့ မကျိုးတာဟော့၊ ငါ့မှာ ဒဏ်ကြေလိမ်းဆေးတွေ လိမ်းလိုက်ရတာကွာ"

ကျုပ်ရော ဥ္ဇသည်တွေရော လှေကားထိပ်ကို ရောက်နေတဲ့ ဆန်စေ့လုံးကို ပြုံးပြီးကြည့်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

"တာတေရေ ဟောဒီဘက်က ဦးညွန့်တဲ့ကွ၊ ကျွဲပဲညီ တစ်ဝမ်းကွဲတော်တယ်၊ ဟိုဘက်က သူသား မောင်ညိုမောင်တဲ့၊ ကျွဲပတူပေါ့ကွယ်"

"မှန်ပါ့ဘုရား"

"သူတို့က ကျောက်ဆည်နယ်ကကွ၊ သရက်ခြံလုပ်တယ်၊ သရက်ခြံမှ အကျယ်ကြီးဗျ၊ အဲဒါ အခုတော့ ဒုက္ခကြုံနေလို့ဟ့ ကျွဲဆီကို အားကိုးတကြီး လိုက်လာကြတာ။ အေး ဖြည်းဖြည်းပြောကြတာပေါ့ကွယ်၊ မောင်တာတေလည်း လာ ရှေ့ကိုတိုး၊ ရေနွေးကြမ်း လေးသောက်ရင်း ပြောကြတာပေါ့"

"မှန်ပါ့ဘုရား"

ကျွဲမ်က ရှေ့ကို တိုးထိုင်တယ်။ ဦးညွန့်က ကျွဲကို ရေနွေးကြမ်းတစ်ပန်းကန် ငဲ့ပေးတယ်။ ကျွဲလည်း ရေနွေးကြမ်းကို မှုတ်ပြီး တစ်ကျိုက်သောက်လိုက်တယ်။

"ဒီလိုကွ၊ တာတေရဲ့၊ ဟောဒီက ကျွဲပဲညီ ညွန့်က အဲဒီ သရက်ခြံကြီးကို ဝယ်လိုက်တာ နှစ်နှစ်ပဲ ရှိသေးတယ်ကွ၊ သရက်ကတော့ လွတ်သီးတာပေါ့ကွာ၊ စီးပွားလည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ခြံထဲမှာက ပြဿနာ ရှိနေတယ်ကွ၊ ကဲ ညွန့် မင်းပဲ မောင်တာတေကို ပြောပြလိုက်ပေတော့ကွာ"

ဦးညွန့်က မျက်နှာကြည့်ရှုံနဲ့ တော်တော်ကို ရိုးသားလှမှန်း သိသာပါတယ်ဗျာ။

"ဒီလို မောင်တာတေရေ၊ ဦးရဲ့ခြံထဲမှာ ဒီခြံကို ဝယ်လိုက်စဉ်ကတည်းက အိမ်နှစ်လုံး ပါလာတယ်။ တစ်လုံးက အခု ဦးတို့ မိသားစုနေတဲ့ နှစ်ထပ်အိမ်ကွ၊ ပြီးတော့ ဦးတို့နေတဲ့အိမ်နဲ့ ကိုက်ငါးဆယ်လောက်အကွာက လျှိုလေးထဲမှာ သစ်သားတစ်ထပ်အိမ်ကလေးတစ်လုံးရှိတယ်။ ဦးတို့ ဒီသရက်ခြံကြီးကို ရလိုက်တာက လည်း တော်တော်ကို စွေးပေါပေါနဲ့ ရခဲ့တာကွ။ ပိုင်ရှင်တွေက ဘာဖြစ်တယ် မသိဝါဘူးကွာ၊ ခြံကို လက်သိပ်ထိုးရောင်းပြီး ရန်ကုန်ကို ပြောင်းသွားကြတာ"

"ဩော်"

"ဒါပေမဲ့ ဧ၁ောင်တာတေရေ၊ ကျွဲပတို့မိသားစု ခြံထဲကို ပြောင်းနေပြီး တစ်လလောက် ကြာတော့မှ ဒီခြံကို ပိုင်ရှင်တွေ ဘာဖြစ်လို့ စွေးပေါပေါနဲ့ ရောင်းခဲ့တယ်ဆိုတာ သဘောပေါက်ကြတော့တာပေါ့ကွာ"

"ဟင် ဘာဖြစ်လို့တုံးဗျ အဘညွန့်ရဲ့"

"သူတို့ခြံက သရဲခြောက်တာကိုး မောင်တာတေရဲ့"

"ဗျာ သရဲခြောက်တယ် ဟုတ်လား အဘညွန့်"

ဦးညွန့်က ကျွဲပအမေးကို ပါးစပ်နဲ့ မဖြေဘဲ ခေါင်းပဲတဆတ်ဆတ်ညိတ်ပြတာဗျို့။ သူသား ကိုညိုမောင်ကတော့ ဆေးပေါ့လိပ်ကလေးဖွာရင်း သူ့အဖေ ကျွဲပကိုပြောပြနေတာကို နားထောင်နေတယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုခြောက်တာတုံးဗျ အဘညွှန့်ရဲ့"

"ဒီလို မောင်တာတေရေ၊ စောစောက ကျွဲပြောတဲ့အထဲမှာ လျှိုထဲက တစ်ထပ်အိမ်အကြောင်း ပါရဲ့မဟုတ်လား"

"ဟုတ်ကဲ့ ပါတယ်ဗျ"

"အေး အဲဒီတစ်ထပ်အိမ်ကလေးက ခြောက်တာဟေ့"

"ဟင် ဘယ်လိုများ ခြောက်လို့တုံးဗျ၊ တော်တော်ဆိုးဆိုးဝါးဝါး ခြောက်တာလား"

"အေး ဆိုးဝါးတယ်လို့ပဲ ပြောရတော့မှာပေါ့ကွာ၊ ခြောက်ပုံက ဒီလိုကွ၊ မောင်တာတေရဲ့၊ နေ့တိုင်း ခြောက်တာမဟုတ်ဘူး၊ လပြည့် လကွယ်ညတွေမှာမှ ခြောက်တာကွ"

"ဟာ ဟုတ်လား၊ ဘယ်လိုခြောက်လို့တုံး"

"ရယ်တာဟေ့၊ ရယ်တာ၊ အော်ပြီးတော့ကို ရယ်တာ"

"ဗျာ ရယ်တာ၊ ဟုတ်လား၊ တယ်လည်းထူးခြားပါလား၊ ဒီလိုအော်ရယ်တဲ့သရဲ တစ်ခါမှ မကြားဖူးပါဘူး"

"ဟုတ်ပါ့ မောင်တာတေရာ၊ ရယ်သမှ တဟားဟားနဲ့ကို ရယ်တာကွ"

"ဟင် တစ်ညဆိုရင် ဘယ်နှခါလောက်ရယ်တုံး"

"ဟာ ညဆယ်နာရီလောက်က ရယ်တာ၊ မနက်မိုးလင်းခါနီးအထိပဲကွ၊ ဘယ်နှခါရယ်လည်းတော့ ကျွဲတို့လည်း မသိပါဘူးကွာ"

"ဗျာ ဒါဆိုရင် တစ်ညလုံး ရယ်နေတာပေါ့"

"ဟုတ်တယ် မောင်တာတေ၊ လပြည့် လကွယ်ညတွေမှာ တစ်ညလုံး ရယ်နေတာ၊ ပြီးတော့ အဲဒီရယ်သံနဲ့အတူ သံကြိုးသံတွေလည်း ကြားရတယ်။ တချွင်ချွင်နဲ့နေတာပါပဲကွာ"

"ဟင် သံကြိုးသံ ဟုတ်လား အဘညွှန့်"

"ဟုတ်တယ် မောင်တာတေ၊ သံကြိုးသံ ကြားရတာက ချွင်ကနဲ၊ ချွင်ကနဲ မြည်နေတာကို အတိုင်းသား ကြားနေရတာ"

"နေဦး အဘညွှန့်ရဲ့၊ အဲဒီရယ်သံကြီးကို လူတိုင်း ကြားရတာပေါ့ ဟုတ်လား"

ကျွဲပစကားကိုကြားတော့ ဦးညွှန့်က ပျာပျာသလဲဖြစ်သွားတယ်ဗျ။ ပြီးတော့မှ ကျွဲပ်ကို သေသေချာချာကြည့်ပြီး-

"အဲဒါ ဒုက္ခဖြစ်နေတာပေါ့ မောင်တာတေရဲ့၊ လူတိုင်း ကြားရတာ မဟုတ်ဘူး၊ ကျွဲပ်တို့တစ်အိမ်လုံး ကျွဲပ်တစ်ယောက်တည်း ကြားရတာ၊ ကျန်တဲ့လူတွေ တစ်ယောက်မှ မကြားရဘူး၊ ဒီတော့ သူတို့ဟာ ကျွဲပ်ပြောတာကို မယုံကြဘူးပေါ့။ ကျွဲပ်ပဲ စိတ်ဓာဖြစ်သလား ဘာလား တွေးကြတာပေါ့ကွာ"

"ဟင် ဟုတ်လား၊ ကိုညီမောင်ရော မကြားဘူးလား"

ကျွဲပ်က ဆေးလိပ်ဖွာရင်း ငြိမ်ပြီးနားထောင်နေတဲ့ ကိုညီမောင်ကို မေးလိုက်တယ်။

"မကြားဘူးကွ တာတေရ၊ အဘတစ်ယောက်ပဲ ကြားရတာ"

အရွှေဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

"ဟာ တစ်မျိုးပါလားဗျ"

"အေး ဒါပေမဲ့ အခုတော့ သူတို့ ယုံသွားကြပါတယ်၊ ဦးတို့ခြံမှာက သရက်တွေခူးပြီး အမှည့်အုပ်ရတဲ့အချိန်ဆိုရင် ညဘက်ပါမီးထွန်းပြီး လုပ်ကြရတာကိုး၊ ဒီမှာတင် သရက်ခြံအလုပ်သမားထဲက တစ်ယောက်က အဲဒီရယ်သံကြီးကို ကြားရတယ်၊ ဒီကောင့်နာမည်က မောင်ချစ်လို့ ခေါ်တယ်။ ချက်ချင်းကို စက်ဘီးကလေးနင်းပြီး ရွာထဲကို ပြန်ပြေးတော့တာပဲဟေ့၊ ဘယ်သူမှ ဆွဲထားလို့ကို မရတော့ဘူး။ ဒီတော့မှ ကျုပ်အိမ်သားတွေက ကျုပ်ပြောတာကို ယုံသွားကြတာ"

"နို့ အဘညွှန့်တို့ အဲဒီအိမ်ကို သွားကြည့်သေးလား"

"ဟာ ကြည့်ပါပြီကော မောင်တာတေရယ်၊ အိမ်ထဲမှာ ဘာမှကို မရှိတာကွ၊ တစ်အိမ်လုံး ရှင်းလင်းနေတာပါ"

ကျုပ်လည်း မျက်ခုံးတွန့်ပြီး စဉ်းစားမိတော့တာပေါ့ဗျာ။

"နေဦး အဘညွှန့်ရဲ့၊ ဒီအိမ်မှာ အစက ဘယ်သူနေသွားတာတုံးဗျ"

"အေး ဟုတ်ပြီ မောင်တာတေ၊ ဒီလိုကွ၊ အဲဒီသရက်ခြံပိုင်ရှင်ရဲ့ အဖေကြီးက အသက်ခုနစ်ဆယ်ကျော်လောက် ရှိပြီတဲ့၊ မန္တလေးမှာ နေတာဆိုပဲ။ ဘာအကြောင်းတွေ ရှိလို့တုံးဆိုတာတော့ ကျုပ် မသိဘူးပေါ့ကွယ်၊ သွက်သွက်ခါအောင်ကို ရူးသွားတာတဲ့ကွ"

"ဟင် ရူးသွားတာ ဟုတ်လား အဘညွှန့်"

"ဟုတ်တယ်ဟေ့၊ ရူးသွားတာ၊ နာမည်က ဦးမှုံတဲ့၊ ဒီအရူးအဖေကြီးကို ဘယ်သားသမီးကမှ ခေါ်ထားလို့ အဆင်မပြေဘူးပေါ့ကွာ၊ ဒီမှာတင် သူသားက သရက်ခြံထဲမှာ အိမ်ကလေးတစ်လုံးဆောက်ပြီး ဖအေကြီးကို သူခြံကြီးထဲ ခေါ်ထားရတာ။ သူ့အိမ်နဲ့ သိပ်မဝေးတဲ့နေရာမှာထားပြီး စောင့်ရှောက်ရတာပေါ့ကွာ။ ဘယ်လောက်တောင် ရူးနေလည်းဆိုရင် သံကြိုးကြီး အမြဲခတ်ထားရတာတဲ့ကွ။ သူသားကိုယ်တိုင် အစားအသောက်ကျွေး၊ ရေမိုးချိုး ဆေးတိုက်ပေါ့ကွာ။ တစ်ခါတလေ သူသောက်တဲ့ ဆေးပြတ်သွားရင် အခုလိုပဲ တစ်ညလုံး ရယ်နေတာတဲ့ကွ၊ သံကြိုးကြီးဆွဲပြီး အိမ်ထဲမှာ ဟိုလျှောက် ဒီလျှောက် လုပ်နေတာဆိုပဲ၊ သံကြိုးသံတွေ တချွင်ချွင်နဲ့ပေါ့ကွာ"

"နောက်တော့ အရူး ဦးမှုံကြီး ဘာဖြစ်တုံးဗျ"

ကျုပ်က ဦးညွှန့် ပြောပြတဲ့ အရူးကြီး ဦးမှုံအကြောင်းကို စိတ်ဝင်တစားမေးတယ်။

"အသက်ချစ်ဆယ်နီးနီးလောက်မှာ သူ့ကိုချည်ထားတဲ့ သံကြိုးနဲ့ပဲ ကြိုးဆွဲချ သတ်သေသွားတာတဲ့။ အဲဒီတော့ မကျွတ်မလွတ်တော့ဘူးပေါ့ကွာ၊ အခုလို ဖြစ်တော့တာပဲ။ လပြည့် လကွယ်ညတွေမှာ တစ်ညလုံး ရယ်နေတဲ့ အသံကြီးကို ကျုပ်ကြားသလို သူသားလည်း ကြားသတဲ့ကွ၊ ဒီတော့ သူ့အဖေအတွက် အလျှုအတန်းတွေလုပ်၊ ပရိတ်တွေရွတ်တဲ့၊ ဒါလည်း ဒီရယ်သံကြီးက ရှိနေတုန်းပဲ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ကွာ။ နောက်ဆုံးတော့ သူသားလည်း လက်လျှော့ပြီး သရက်ခြံကြီးကို ရသလောက်နဲ့ ရောင်းပစ်ခဲ့တော့တာပေါ့ မောင်တာတေ"

"ဖြစ်မှဖြစ်ရလေဗျာ၊ အရူးဦးမှုံကြီးက သရဲဖြစ်နေတာတောင် ရူးနေတုန်းထင်တယ် အဘညွှန့်ရ"

"အေး ဟုတ်လောက်တယ် မောင်တာတေ၊ ဒါကြောင့် သူသား အမျှဝေတာလည်း မသိတာ နေမှာပေါ့ကွာ"

"အကုသိုလ်များ တော်တော်ကို ကြောက်စရာကောင်းပါလားဗျာ"

ဆရာတော်ကြီးက တစ်ခွန်းဝင်ပြောတယ်ဗျ။ စောစောက ဦးညွှန့်ပြောတာတွေကို ဆရာတော်က ငြိမ်ပြီးနားထောင်နေတာ။

"ဘုန်းဘုန်း တပည့်တော်ဖြင့် အခုလို ရူးနေတဲ့ သရဲမျိုးကို တစ်ခါမှကို မကြားဖူးတာဘုရား"

"အေးကွ၊ တာတေရ၊ ဒီဒကာကြီး ဦးမှုံဟာ အကုသိုလ်တော်တော်ကြီးပေတာကိုး၊ ဘဝပြောင်းပြီး အပါယ်လေးပါးရောက်နေတာတောင် စိတ္တဇရောဂါက ဆက်ခံစားနေရတယ်ဆိုတော့ တော်တော်ကို ဆိုးပေတာပဲကွယ်"

"နို့ အဘဲညွှန့်တို့ ဆရာတွေ ဘာတွေပင့်ပြီး မနှင်ဘူးလားဗျ"

"ဟာ နှင်ပါပြီလား မောင်တာတေရယ်၊ ဆရာတစ်ယောက်ဆိုရင် တော်တော်ကို သတ္တိရှိတာကွဲ့၊ လပြည့်ညမှာ မီးအိမ်ထွန်းပြီး အဲဒီအိမ်ထဲမှာ တစ်ယောက်တည်းဝင်ပြီး ဂါထာမန္တန်တွေရွတ်တာ၊

တစ်ခါတည်း သူ့ဘေးနားမှာတင်ကပ်ပြီး ရယ်လိုက်တာကွာ၊ ဆရာလည်း လန့်ပြီးစွတ်ပြေးတာ သရက်ခြံကြီးထဲမှာ မနည်းကို လိုက်ဖမ်းယူရတယ်။ လူလည်း ပြူးကြောင်ကြောင်ကြီးဖြစ်နေလို့ ကျုပ်မှာ ပရိတ်ရေတွေ၊ ဘာတွေနဲ့ မနည်းကို လုပ်ယူရတယ်။ နောက်နေ့ မနက်အစောကြီး ပြန်သွားတော့တာပဲဟေ့။ တစ်ရက်နေပါဦးဆိုတာတောင် မနေတော့ဘူး။ အဲဒီလို သတင်းတွေက တဖြည်းဖြည်းပျံ့သွားတော့ ခြံထဲကို အလုပ်သမားတောင် သိပ်ဌားလို့ မရတော့ဘူးမောင်တာတေရ၊ ဒါကြောင့် ကျုပ်တို့သားအဖ ဒီကိုရောက်လာတာ၊ ကျုပ်အစ်ကို ဆရာတော်နဲ့လည်း တိုင်ပင်ဖို့ပေါ့ကွာ၊ အခုနေဆိုရင် ခြံပြန်ရောင်းတာတောင်မှ ဝယ်တဲ့လူရှိမှာမဟုတ်ဘူး။ ဟိုလူက ဒီသတင်းသိပ်မမျှဲ့ခင် သူခြံကို ကျုပ်ဆီမှာ ထိုးရောင်းသွားဟာ၊ အခုက သတင်းက ပျံ့နေပြီလေ"

"အဲဒါကြောင့် ဘုန်းဘုန်း မင်းကိုခေါ်တာ မောင်တာတေရဲ့၊ မင်း စဉ်းစားကြည့်ပါ၊ ဖြစ်နိုင်ရင်တော့ လိုက်လုပ်ပေးစေချင်တယ်၊ ဘုန်းဘုန်းရဲ့ညီမှာ တော်တော်ကို အခက်ကြုံနေတာကွဲ့၊ မင်း သွားလုပ်မယ်ဆိုရင် ကျွဲပါ ကြွမှာပါ"

"ဟာ ဆရာတော်ပါ ကြွမှာဆိုတော့ တပည့်တော် အားရှိလိုက်တာဘုရား"

ဦးညွှန့်တို့ သားအဖက တော်တော်ကို ဝမ်းသာသွားကြတာဗျို့။

www.burmeseclassic.com

www.burmeseclassic.com

"ဘုန်းဘုန်းလည်း ကြွမယ်ဆိုရင် တပည့်တော်က ငြင်းစရာ ဘယ်လိုတော့မှာတုံးဘုရား၊ အမေနဲ့ အဘကိုပြောပြီး လိုက်လာရုံ ပေါ့ဘုရား"

"ဟာ ဒါဆိုရင် ဟန်ကျပြီပေါ့ကွယ်၊ ကဲ တို့ဆရာတပည့် လိုက်သွားကြတာပေါ့ကွယ်"

ဆရာတော်ကိုယ်တိုင် လိုက်မှာဆိုတော့ အဘတို့ အမေတို့ က ဘယ်တားတော့မှာတုံးဗျာ။

ဦးညွှန့်တို့ သရက်ခြံကို ကျုပ်ရောက်တော့ လမကွယ်ခင် တစ်ရက်ဗျ။ နတ်တော်လဆိုတော့ (၁၄)ရက်နဲ့ လကွယ်တာလေ၊ ကျုပ်တို့ရောက်တာ လဆုတ်(၁၃)ရက်ပေါ့ဗျာ။

ကျုပ် အခြိန်မဆိုင်းဘူးဗျ။ ရောက်တယ်ဆိုရင် ကျုပ် လုပ် စရာရှိတာတွေ စလုပ်ရတော့တာပေါ့ဗျာ။ ဦးညွှန့်တို့မိသားစုတွေက တော့ ဆရာတော် ပါလာတာဆိုတော့ ဆွမ်းကွမ်းအတွက် စီမံကြရ တော့တာပေါ့ဗျာ။ ကျုပ်ကတော့ ကိုညီမောင်ကိုခေါ်ပြီး ခြံထဲမှာပဲ အလုပ်လုပ်ရတော့တာပေါ့။

လှိုဏဲက တစ်ထပ်အိမ်ကလေးကို ကျုပ် သွားကြည့်တယ်။ တံခါးတွန်းဖွင့်ပြီး အိမ်ထဲကိုဝင်တယ်။ ကိုညီမောင်လည်း ကျုပ်နဲ့ အတူလိုက်ဝင်ပါတယ်။

အိမ်ထဲမှာတော့ ရှင်းလင်းလို့ဗျ။ ဘာမှလည်း မတွေ့ဘူး။ လှုပ်လှုပ်ရှားရှားလည်း ဘာမှမရှိဘူးဗျ။

ဦးမှုံဟာ စိတ္တဇဝေဒနာသည်ကြီးဆိုတော့ တစ်ခုခုကို စွဲလန်းသွားပြီး လပြည့်ညနဲ့ လကွယ်ညရောက်မှ ဒီနေရာမှာ ပေါ်လာပြီး တဟားဟားနဲ့ အော်ရယ်နေတာ ထင်ပါရဲ့။

ကျုပ်နဲ့ ကိုညီမောင်နဲ့ သရက်ခြံထဲမှာထိုင်ပြီး စီစဉ်ကြတယ်။

"ကိုညီမောင် ရွာထဲမှာ နတ်ဝင်သည် ရှိလားဗျ"

ကျုပ်က ရုတ်တရက် မေးလိုက်တော့ ကိုညီမောင်လည်း အံ့သြသွားတယ် ထင်ပါရဲ့။

"ဟေ နတ်ဝင်သည် ဟုတ်လား၊ မောင်တာတေ၊ ဟား ရှိ တယ်၊ ဒေါ်စိန်ပွင့်ဆိုတဲ့ မိန်းမကြီးတစ်ယောက် ရှိတယ်။ အမေဂျမ်း ခေါင်းစွဲဆိုလားပဲကွ၊ နတ်ဟောတာ မှန်တယ်လို့ ပြောကြတာ၊ သူ့ကို ဟိုရွာ ဒီရွာတွေက လာလာပြီးပင့်ကြတယ်"

"ဟာ ဒါဆိုဟန်ကျပြီဗျ၊ ကဲ ကိုညီမောင် ရွာထဲသွားပြီး ကြက်တစ်ကောင် ဝယ်ဗျာ၊ ပြီးရင် အဲဒီနတ်ဝင်သည်ကြီးကို ခေါ်ခဲ့ ဗျာ"

"အေး ဟုတ်ပြီ၊ ဒါဆို ငါသွားမယ်၊ ဒေါ်စိန်ပွင့်ကို ဘာပြော ရမှာတုံး"

"ဟာ မပြော်နဲ့၊ မပြောနဲ့ ဒီရောက်မှ ကျုပ် ပြောမယ်"

ကိုညီမောင် သိပ်မကြာဘူးဗျ၊ ပြန်ရောက်လာတယ်။ ကြက်တစ်ကောင်လည်း ဝယ်လာတယ်။ ပြီးတော့ ဒေါ်စိန်ပွင့်ဆိုတဲ့ မိန်းမကြီးလည်း ပါလာတယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com

"ကိုညီမောင် ဆရာတော် မသိအောင် ခြံထဲမှာပဲ ဒီကြက်ကို ချက်ထားဗျာ၊ ထမင်းလည်း ဆန်တစ်ခွက်လောက်ချက်ထား၊ ပြီးရင် ထမင်းထုပ် ထုပ်ဖို့ ငှက်ပျောဖက်ကြီးကြီး ခုတ်ထားဗျာ"

ကိုညီမောင်က ထမင်းဟင်းချက်ဖို့ ထွက်သွားတယ်။ ကျော်က ဒေါ်စိန်ပွင့်ကိုခေါ်ပြီး အိမ်ပေါ်ကို တက်ခဲ့တယ်ဗျို့။

အိမ်ပေါ်ရောက်တော့မှ ဒေါ်စိန်ပွင့်ကို အကျိုးအကြောင်း အားလုံးပြောပြပြီး အကူအညီတောင်းရတာပေါ့ဗျာ။ နတ်ဝင်သည် ဒေါ်စိန်ပွင့်ကလည်း ဦးညီမောင်မိန်းမနဲ့က အတော်လေး ခင်ကြတာဆိုတော့ သူ ကူညီပါ့မယ်လို့ ဟာဗျာသလဲပြောပါတယ်။

ညမိုးချုပ်မှ သူပြန်လာခဲ့မယ်လို့ပြောပြီး ရွာထဲကို ပြန်သွားတယ်ဗျ။ ဆရာတော်ကတော့ ဘုရားခန်းမှာ ဘုရားရှိခိုး ပုတီးစိပ်ပဲ လုပ်နေတယ်။

မိုးချုပ်စရောက်တော့ ကျော်ထမင်းထုပ် ထုပ်တယ်။ ကိုညီမောင်လည်း ကြက်သားချက်ကောင်းသားဗျ။ ထမင်းထုပ်ကို တောင်းလေးတစ်လုံးထဲထည့်ပြီး ဒေါ်စိန်ပွင့်ကို ကျော်တို့ စောင့်နေတယ်။

ကိုညီမောင်တို့ရွာသခ္ဓိုင်းက သိပ်မဝေးပါဘူး။ ဒေါ်စိန်ပွင့်လည်း လာရှာပါတယ်။ ဒေါ်စိန်ပွင့် ရောက်တာနဲ့ ကိုညီမောင်ရယ်၊ ကျော်ရယ်၊ ဒေါ်စိန်ပွင့်ရယ် သရက်ခြံကြီးထဲကထွက်ပြီး ရွာသခ္ဓိုင်းကို လာခဲ့ကြတယ်။

ကျော်က ခပ်ကြီးကြီးအုတ်ဂူကို လိုက်ရှာတယ်။ လကွယ်

တော့မှာဆိုတော့ သခ္ဓိုင်းတစ်ခုလုံး အမှောင်ဖုံးနေတာပေါ့ဗျာ။ ကြယ်ရောင်ကလေး ဝိုးတဝါးပဲ ရှိတာပေါ့။ ကိုညီမောင်က လက်နှိပ်စက်မီးထိုးပြတယ်ဗျ။

သရက်ပွဲစားကြီး ဦးရာမ
အသက်(၇၀)

ဆိုတဲ့ အုတ်ဂူကြီးက တော်တော်ကြီးတယ်ဗျ။ ကျော်က အဲဒီအုတ်ဂူကြီးပေါ်မှာ အသင့်ပါလာတဲ့ ဖယောင်းတိုင်ကို မီးထွန်းပြီး စိုက်လိုက်တယ်။ ပြီးတော့မှ ထမင်းတောင်းထဲက ထမင်းထုပ်ကို ဖြည်ပြီး ခင်းလိုက်တယ်။ ကြက်သားဟင်းနဲ့က မွှေးသွားတာပေါ့ဗျာ။ ပြီးတော့ အသင့်ပါလာတဲ့ သံရေပုံးကလေးကိုလည်း ဂူပေါ်မှာ ချထားလိုက်တယ်။

ဒေါ်စိန်ပွင့်က ဆံပင်ကို ဖားလျားဖြေချလိုက်တယ်။ ဂူရှေ့က မြေကြီးပြောင်ပြောင်ကလေးပေါ်မှာ ကြုံကြုံကလေးထိုင်ပြီး လက်အုပ်ချီထားတယ်ဗျ။

ကျော် မဖဝါကို ပင့်ရတော့မှာပေါ့လေ။ သွက်သွက်လည်အောင် ရွးနေတဲ့ သရဲဆိုတာ ကျော်လည်း ဒီတစ်ခါပဲ ကြားဖူးတာဗျ။

"မဖဝါ၊ သခ္ဓိုင်းရှင်မကြီး မဖဝါ"

ကျော်ရဲ့အသံက သခ္ဓိုင်းတစ်ခုလုံးကို လွှမ်းသွားမယ်ထင်တယ်။ ကိုညီမောင်ကတော့ နည်းနည်းလန့်သွားပုံပဲဗျ။ နောက်ကို

www.burmeseclassic.com

www.burmeseclassic.com

ခြေနှစ်လှမ်းလောက် ဆုတ်သွားတယ်။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံခါကွန်၊ မြောက်ဓူဝံအတွင်း မည်သည့်နေရာတွင် ရောက်ရှိလို့နေသည်ဖြစ်စေ ဒီနေရာကို အရောက်ကြွခဲ့ပါလို့ ကျွပ်တာတောက ပင့်ဖိတ်ပါတယ်၊ သခ္ဓိုင်းရှင်မကြီး မဖဝါဗျား၊ ကြွပါ၊ ကြွပါ၊ ကြွပါဗျာ"

ကျွပ် ခဏနေတော့ နောက်တစ်ခါ ထပ်ပင့်တယ်။ ပြီးတော့ နောက်တစ်ခါ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ ဝူး"

ဟော ဒါမဖဝါရဲ့ခွေးကြီးအသံဗျ။ ကျွပ် ကောင်းကောင်းမှတ်မိတာပေါ့ဗျာ။ လာနေပြီဗျို့။ မဖဝါ လာနေပြီ။

"ဝူး၊ ဝူး၊ အူး၊ အူး၊ အီ၊ ဝူး၊ ဝူး"

ဟော ခွေးကြီးရဲ့အသံက နီးလာပြီဗျို့။ ဟာ လေအေးလေးတစ်ချက်တိုက်သွားတယ်ဗျို့။ သခ္ဓိုင်းထဲက ထနောင်းပင်တွေ လှုပ်သွားတယ်။ ကျွပ်တောင်မှ စိမ့်ကနဲ ဖြစ်သွားတာဗျို့။

ဟော ဟော ဒေါ်စိန်ပွင့်ကြီး လက်အုပ်ခိုထားတဲ့လက်တွေ တဆတ်ဆတ် တုန်လာပြီဗျို့။

"ဖြောင်း၊ ဖြောင်း၊ ဖြောင်း"

နဖူးနဲ့ လက်နဲ့ရိုက်တဲ့ အသံဗျ။ ဟာ လက်ကြီးတွေ ကွေးကောက်နေပြီဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဒေါ်စိန်ပွင့်ကို မဖဝါ ဝင်စီးလိုက်ပြီဗျ။

"သခ္ဓိုင်းရှင်မကြီးကို စားပွဲသောက်ပွဲများနဲ့ ကြိုဆိုပါတယ်ဗျ။ အားရပါးရ သုံးဆောင်လိုက်ပါဗျာ"

ဟော ခုန်ပြီ၊ ခုန်ပြီ။ သရက်ပွဲစားကြီးရဲ့ဂူပေါ်ကို လွှားကနဲနေအောင် ခုန်တက်သွားပြီဗျို့။ ဟာ ပေါင်ကြီးကားကားကြီးလုပ်ထိုင်ပြီး ဆံပင်ဖားလျားကြီးနဲ့ ထမင်းတွေ စားပြီဗျို့။

"ခွပ်၊ ခွပ်၊ ဂလွပ်၊ ဂလွပ်"

ဟော ကြက်ရိုးတွေ တဂွပ်ဂွပ်နဲ့ ကိုက်နေတာဗျို့။ တော်တော်ကလေးစားပြီးမှ ကျွပ်ကို မှုတ်လုံးပြူးပြူးကြီးနဲ့ စိုက်ကြည့်တယ်။

ကျွပ် သိတာပေါ့ဗျာ။ ကျွပ်ပြောရတော့မှာပေါ့။

"ဒီလိုပါ မဖဝါ၊ ဒီရွာက သရက်ခြံကြီးတစ်ခြံထဲမှာ သရဲကြီးတစ်ကောင် ရှိနေပါတယ်၊ လပြည့် လကွယ်ညတွေမှာ တစ်ညလုံး အော်ရယ်နေတာဗျ။ ဒါပေမဲ့ သူ့ရယ်သံကြီးကို လူတိုင်းတော့ မကြားဘူးဗျ၊ ကြားတဲ့သူမှ ကြားတာ။ အခုတော့ ဒီခြံထဲမှာ လူတွေ အလုပ်လာမလုပ်ရဲကြတော့ဘူး။ ခြံရှင်မိသားစုလည်း တော်တော်ကို စိတ်ညစ်နေပြီဗျ။ အဲဒါ ဘာလုပ်ရမယ်ဆိုတာ မဖဝါ ပြောပြပါဗျာ"

ကျွပ်ကပြောပြီး အသာအကဲခတ်နေရတာပဲပေါ့ဗျာ။ ကျွပ်နောက်ကို အသာလှည့်ကြည့်လိုက်တော့ ကိုညိုမောင်ရဲ့မျက်နှာမှာ အတော်ကို ကြောက်နေတဲ့ပုံက အထင်းသားပေါ်နေတာဗျ။

www.burmeseclassic.com

www.burmeseclassic.com

မဖဝါရဲ့ ခွေးနက်ကြီးအူတဲ့အသံက တဖြည်းဖြည်း ဝေးသွားပြီ။ ကျွဲတို့လည်း သရက်ခြံကြီးထဲကို ပြန်လာခဲ့ကြတယ်။ အဲဒီညက ဒေါ်စိန်ပွင့်က ကိုညီမောင်တို့အိမ်မှာပဲ အိပ်တယ်ဗျ။

ကျွဲစိတ်ထဲမှာ တွေးနေတာက မဖဝါပြောတဲ့ ဆင်ခေါင်းတောင်က သရဲခြောက်ပင်ရဲ့အမြစ်ဆိုတာကိုပေါ့ဗျာ။ ကျွဲအဲဒီအပင်ကို ကြားလည်း မကြားဖူးဘူးဗျ။ ဘယ်လိုရှာရမှန်းလည်း မသိဘူး။ အဲဒီအမြစ်ရမှပဲ ရူးနေတဲ့သရဲကို ထုတ်လို့ရမှာလေဗျာ။

မနက်မိုးလင်းတော့ ဒီအကြောင်းကို ကိုညီမောင်ကိုပြောတော့ ကိုညီမောင်က ကျွဲကို ပြောတယ်ဗျ။ ရွာထဲမှာ ကိုကျားဆိုတဲ့ မုဆိုးတစ်ယောက် ရှိတယ်တဲ့။ ဒီလူကို ရှာခိုင်းရင် ရနိုင်တယ်လို့ ပြောတယ်။

ဒါနဲ့ အခြိန်မဆိုင်းဘဲ ကျွဲနဲ့ ကိုညီမောင် ရွာထဲကို သွားကြတယ်။ နတ်ဝင်သည် ဒေါ်စိန်ပွင့်ကိုလည်း တစ်ခါတည်း ခေါ်သွားရတာပေါ့ဗျာ။

ဒေါ်စိန်ပွင့်ကို ပို့ပြီးတော့ ကိုကျားကို သွားရှာရတာပေါ့ဗျာ။ တွေ့တယ်ဗျ။ ကိုကျားလို့ခေါ်တဲ့ မုဆိုးကိုတွေ့တယ်။

ကိုညီမောင်က ကိုကျားကို မေးတယ်။

"ကိုကျား သရဲခြောက်ဆိုတာ ကြားဖူးလားဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား မင်းကွာ တော်တော်ရှာရှာဖွေဖွေးတာပဲကွ၊ မင်း ငါ့ကို မေးမိပေလို့ပေါ့ကွာ၊ တခြားသူကိုသာမေး

ဖယောင်းတိုင်မီးရောင်မှာ အထင်းသား မြင်နေရတယ်။

"တာတေ အဲဒီသရဲက ရူးနေတာ၊ သူသေတာလည်း မသိဘူး၊ သူ့ကို သံကြိုးခတ်ထားတယ်ပဲ ထင်နေတာ၊ သူ့ကို အရူးပျောက်အောင် အရင်လုပ်ရမယ်။

နင် မှတ်ထား၊ ဆင်ခေါင်းတောင်မှာ သရဲခြေထောက်ပင် ရှိတယ်၊ အမြစ်ကို ယူခဲ့ပြီး မီးရှို့။ အဲဒီမီးခိုးမွှေးကို သရဲ ရှူမိရင် အရူးပျောက်သွားလိမ့်မယ်။ ဒီတော့မှ အိမ်ပြင်ကို ခေါ်ထုတ်၊ ငါ့ နာမည်ပြောပြီး ခေါ်ခဲ့၊ မနက်ဖြန်ညမှာ ငါခေါ်သွားမယ်"

ပြောရင်း စာရင်းနဲ့ ထမင်းတစ်ခွက်ချက်ရော ကြက်တစ်ကောင်ချက်ရော ကုန်ပါရောလားဗျာ။ ပြီးတော့ သံပုံးကလေးထဲကရေကို မော့သောက်ပြီး လက်ဆေးလိုက်သေးတယ်။

ဟော ဟော ဒေါ်စိန်ပွင့်ကြီး ဂူပေါ်မှာ လဲကျသွားပြီဗျို့။ မဖဝါ ထွက်သွားပြီ။ ထွက်သွားပြီ။ ကျွဲက ကယာကယာပြေးပြီး ဒေါ်စိန်ပွင့်ကို လှုပ်နှိုးရတာပေါ့ဗျာ။

"ဒေါ်စိန်ပွင့်၊ ဒေါ်စိန်ပွင့် ထ၊ ထ"

ကိုညီမောင်လည်း ပြေးလာပါတယ်။ ဒေါ်စိန်ပွင့်ကို ကျွဲနဲ့ ကိုညီမောင် တွဲပြီး ဂူပေါ်က ချပေးရတယ်ဗျ။ စောစောက ဂူပေါ်ကို လွှားကနဲ ခုန်တက်သွားတဲ့ နတ်ဝင်သည်ကြီးကို မနည်းကို ဂူပေါ်က ချပေးရတာဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ အူး၊ အူး"

www.burmeseclassic.com

ရင် မင်းကို ရှူးနေတယ်လို့တောင် ပြောမှာ"

"နို့ ကိုကျားကရော ကြားဖူးသလားဗျ"

ကျော်က ဝင်မေးလိုက်တယ်။

"ကျော်ဆရာ မုဆိုးကြီး ပြပေးခဲ့လို့ ကျော်ကတော့ သိတယ်၊ လူတောင် မကြားဖူးတဲ့ အပင်မျိုးကွ၊ အားကြီးရှားတယ်။ ဆင်ခေါင်း တောင်မှာပဲရှိတာ၊ တခြားဘယ်မှာမှ မတွေ့ဘူး"

"ဟာ ဟုတ်ပြီဗျို့ ကိုကျားရေ၊ ကျော်တို့ ကြားတာလည်း ဆင်ခေါင်းတောင်မှာလို့ပဲ ကြားတာဗျ"

"ကျော်ဖိုက်ဆံပေးဝယ်ပါမယ်ဗျာ၊ အဲဒီအပင်ရဲ့အမြစ်ကို တူးပေးပါ၊ ဒီနေ့ နေမဝင်ခင် ရမှဖြစ်မှာဗျ ကိုကျားရဲ့"

ကိုညီမောင်က ကိုကျားကို သေသေချာချာ ပြောတာဗျ။

"ဟာ ဒီလိုဆို စိတ်ချ၊ ငါ အမဲလိုက်မထွက်တော့ဘူး၊ ဆင်ခေါင်းတောင်သွားပြီး သရဲခြေထောက် သွားတူးတော့မယ်"

ဒီတော့မှ ကျော်လည်း စိတ်ချသွားတော့တာပေါ့ဗျာ။ ကျော်နဲ့ ကိုညီမောင် သရက်ခြံကြီးထဲကို ပြန်ခဲ့ကြတယ်။

ညနေ လေးနာရီလောက်ကျတော့ မုဆိုးကိုကျား သရက်ခြံကြီးထဲကို ရောက်လာတယ်ဗျ။

"ဟာ ကိုကျား ပြန်လာပြီလား၊ အဆင်ပြေရဲ့လားဗျ"

"ညီမောင်ရာ မိုးပေါ်မှာ သိကြား၊ လူပြည်မှာ ငကျား ဆိုတာ မင်းမှ မသိတာကွာ"

ကိုကျားဆိုတဲ့လူက ပျော်ပျော်နေတတ်တဲ့လူဗျ။ ကိုညီမောင်က ဝမ်းသာအားရနဲ့ ကိုကျားကို စေးသုံးပိုက်ဆံပေးတယ်။ ကိုကျားလည်း ဝမ်းသာသွားတဲ့ပုံပဲဗျ။

ညဆယ်နာရီလောက်ရောက်တော့ ကျော်နဲ့ ကိုညီမောင် ဆရာတော်ကို ရှိခိုးပြီး ထွက်လာခဲ့တယ်။ ကျော်က မှန်ကွင်းဆေးကို သွေးပြီး ကွင်းလိုက်တယ်။ သစ်စုန်းဆေးတော်ကြီးကိုလည်း ယူခဲ့တယ်။

လှိုဏ်ဝင်က မြက်ခင်းကလေးမှာ ကျော်နဲ့ ကိုညီမောင် ထိုင်ပြီး လှိုဏ်ထဲက အိမ်တလေးကို ကြည့်နေကြတယ်။ လက္ခဏာလည်း ဖြစ်ပြန် သရက်ခြံကြီးဆိုမှာလည်း ဖြစ်ပြန်ဆိုတော့ မှောင်ပိန်းနေတာဗျ။

ကိုညီမောင်ကတော့ ခြံကြီးထဲမှာ သွားနေကျဆိုတော့ ငါးထောင့်ထိုး လက်နှိပ်ဓာတ်မီး ယူလာခဲ့တယ်။

ကျော်က နဂါးဆေးပေါ့လိပ်ကို မီးခတ်နဲ့ မီးညှိပြီး ဖွာလိုက်တယ်။ ကိုညီမောင်ကတော့ ဆေးပြင်းလိပ်တိုကလေးကို မီးညှိပြီး ဖွာနေတယ်ဗျ။

သံပြားကလေးတစ်ချပ်လည်း ကျော် ယူလာတယ်ဗျ။ ဒါမှ သရဲခြေထောက်မြစ်တွေကို မီးရှို့လို့ကောင်းမှာပေါ့ဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ဟော ရယ်ပြီဗို့။ ရယ်ပြီ။ ကျော်ဖြင့် ဗြုန်းစားကြီးပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com

တဲ့ ရယ်သံကြီးကြောင့် တုန်တောင်သွားတယ်ဗျ။ ကိုညီမောင်ကို လှည့်ကြည့်တော့ ဘာမှကြားပုံမပေါ်ဘူးဗျ။ ကျွပ်ဖြင့် တော်တော့်ကို အံ့သြသွားတာပျို့။

ရယ်သံကြီးကို ကျွပ် နားစိုက်ထောင်နေတုန်း ကျွပ် နောက်ဘက်က ခြေသံတစ်သံ ကြားလိုက်ရတယ်။

"မောင်တာတေ ကြားလား၊ ကြားလား"

ဟာ အဘညွန့်ပဲ။ မှောင်ထဲမှာ စမ်းပြီးလိုက်လာတာဗျ။

"ကျွပ် ကြားတယ် အဘညွန့်"

"ဟာ တော်သေးတာပေါ့ကွာ၊ မောင်တာတေ ကြားပေလို့ ကျွပ်ပြောတာကို မယုံမှာ စိုးရိမ်နေတာဇွ"

"ယုံပါတယ် အဘညွန့်ရဲ့၊ မဖဝါကိုယ်တိုင် ကျွပ်ကို ပြောလိုက်တာပဲ၊ အခုလည်း သူခိုင်းတဲ့အတိုင်း ကျွပ် လုပ်မှာပဲလေ"

"ဘယ် ဘယ်သူကွဲ့၊ မောင်တာတေ"

"မဖဝါလေ အဘညွန့်၊ သခ္ဓိုင်းရှင်မ မဖဝါကို ပြောတာလေဗျာ"

"ဟေ မင်းက မဖဝါနဲ့ကို အလုပ်လုပ်နိုင်တာကိုး မောင်တာတေက လူသာငယ်တာ၊ အဆင့်က တယ်မြင့်သကိုးကွဲ့"

"ဟာ ဒီလိုလည်း မဟုတ်ပါဘူးဗျာ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ရယ်သံကြီး ထွက်လာပြန်ပြီဗျို့။ အဘညွန့်နဲ့ ကျွပ်က

ကြားတဲ့လူတွေဆိုတော့ နားထောင်နေကြောပေါ့ဗျာ၊ ရယ်လိုက်တာမှ လှိုက်လှိုက်လဲလဲကို ရယ်တာဗျ။ အားရပါးရကို ရယ်တာ။

"ချလွင်၊ ချလွင်၊ ချလွင်"

ဟာ အဘညွန့်ပြောတာ ဟုတ်သားပဲဗျ။ သံကြိုးသံကြီးကို ပါ ကြားနေရတာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

"ချလွင်၊ ချလွင်၊ ချလွင်၊ ချလွင်"

ကိုညီမောင်ကတော့ အဘညွန့်နဲ့ ကျွပ်နဲ့ ပြောတာကို ငေးသာကြည့်နေတော့တာဗျ။ သူက ဘာသံမှ မကြားဘူးလေဗျာ။

တော်တော်ကို အံ့သြစရာကောင်းတဲ့ အဖြစ်ပါဗျာ။ ဒီလောက်ကြောက်စရာကောင်းတဲ့ ရယ်သံကြီးကို ကြားတဲ့သူက ကြားပြီး မကြားတဲ့သူက မကြားဘူးဆိုတာ အံ့သြစရာပဲဗျို့။

လျှိုထဲက အိမ်ကလေးကို အမှောင်ထဲမှာ ဝါးဝါးကလေးပဲ မြင်နေရတာ။ အဲဒီအမှောင်ထဲက ထွက်လာတဲ့ ရယ်သံကြီးက ကြားရတဲ့သူတိုင်းကို ကြက်သီးမွေးညင်းထစေတာပေါ့ဗျာ။

ကျွပ်ဖြင့် ကျောထဲက စိမ့်ကနဲ စိမ့်ကနဲ ဖြစ်သွားပြီး ကြက်သီးတွေ တဖျန်းဖျန်း ထသွားတာပျို့။

"ကဲ အဘညွန့် အိမ်ပြန်တော့၊ ခဏဆိုရင် ကျွပ်တို့ အလုပ်စလုပ်ကြတော့မှာ"

"အေး အေး ဒါဆိုရင် ကျွပ် ပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

လို့ မြောပြီး အဘညွန့်က အိမ်ကို ပြန်သွားတယ်။

"ကိုညီမောင် အဘညွန့်ကို မီးထိုးပြလိုက်ပါ။ ညက တော်တော်မှောင်လာတယ်ဗျ၊ ဒါ ပုံမှန်မှောင်တာ မဟုတ်ဘူးထင်တယ်"

ကိုညီမောင်က ဒီတော့မှ သတိရပြီး သူ့အဖေကို မီးထိုးပြပေးလိုက်တယ်။

ညမှောင်ပုံကြီးကို ကျွဲပ် မကြိုက်ဘူးဗျ။ ဒါဟာ ပုံမှန်မှောင်တာ မဟုတ်ဘူးဗျ။ ထူးထူးခြားခြား မှောင်နေတာ။ ကိုယ့်ကိုယ်ကိုယ် ငဲ့ကြည့်လို့ မမြင်အောင်ကို မှောင်နေတာ။ ဒါ အမိုက်မှောင်ကြီး ကျနေတာဗျို့။ ကျွဲပ် ကောင်းကောင်းသိတယ်။

ဧမှောင်ထဲမှာ အော်အော်ပြီး ရယ်နေတဲ့ မကောင်းဆိုးဝါး သရဲကြီးကြောင့် ဒီအနီးတစ်ဝိုက်မှာ အမိုက်မှောင်ကြီးတွေနေတာဗျ။

ညဆိုတာ လမသာပေမဲ့ ကြယ်ရောင်ကလေးတွေရှိရင် ဝါးဝါးကလေးတော့ မြင်ရတာပဲလေဗျာ။ ခုဟာက ဘာဆိုဘာမှ မမြင်ရအောင်ကို ပိန်းပိန်းကြီး မှောင်နေတာဗျ။ ဒါ ဦးရိုးအမှောင် မဟုတ်ဘူး အမိုက်မှောင်ကျနေတာ။

"ကဲ ကိုညီမောင် ထတော့၊ မီးထိုးဗျာ၊ ဟိုအိမ်ကိုသွားမယ်"

ကျွဲပ်က ရှေ့ကသွား၊ ကိုညီမောင်က နောက်က လိုက်ပေါ့ဗျာ။ ဝါးတောင့်ထိုးမောတ်မီးကြီးကို ကိုညီမောင်က ထိုးပြတယ်။

လျှိုကလေးထဲကိုရောက်တော့ တစ်ထပ်အိမ်ကလေးကို တန်းသွားတယ်။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ချလွဲ၊ ချလွဲ"

တော်သေးတာပေါ့ဗျာ။ ဒီအသံကြီးကို ကိုညီမောင် မကြားပေလို့ပေါ့။ ကြားသာကြားရင် ခုလောက်ဆို ထွက်ပြေးသွားမှာ သေချာတာပေါ့ဗျာ။

ကျွဲပ်လည်း လာသာလာရတာ ကြက်သီးတွေကတော့ တဖျန်းဖျန်းပါပဲဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

အသံနက်ကြီးနဲ့ဗျာ၊ လှိုက်လှိုက်လှဲလှဲနဲ့ကို ရယ်နေတာဗျို့။ ကိုညီမောင်က မီးထိုးထားတယ်။ ကျွဲပ်က သတိထားပြီး တံခါးကို တွန်းဖွင့်လိုက်တယ်။ ဓာတ်မီးအလင်းရောင်က အိမ်ကလေးထဲမှာ လင်းသွားတယ်။

ဟာ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာဗျာ။ ခေါင်မိုးနဲ့ ခေါင်းနဲ့ တိုက်မတတ်ပဲကိုဗျ။ ဟုတ်ပါ့ဗျာ။ သူ့ခြေထောက်မှာ သံကြိုးကြီးနဲ့ချည်လို့ဗျ။ ဒါကြောင့် သံကြိုးသံ တချွင်ချွင် ကြားနေရတာကိုး။ လွှာဘဝတုန်းက ချည်ထားတဲ့ သံကြိုးက သရဲဖြစ်တာတောင် ချည်လျက်သားကြီး ဖြစ်နေတာ ဘာသဘောတုံးဗျ။ ကျွဲပ်လည်း တွေးလို့မရတော့ပါဘူးဗျာ။ ဒါမျိုးဆိုတာ အချိန်ဆွဲလို့ မဖြစ်ဘူးဗျ။ ကျွဲပ် ခွက်ခွင်းပဲ စက္ကူနဲ့ ထုပ်ထားတဲ့ သရဲခြေထောက်မြစ်တွေကို အဆင်သင့်ယူလာတဲ့ သံပြားကလေးပေါ်မှာပုံပြီး မီးခတ်နဲ့ မီးရှို့လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟော ဆေးမြစ်တွေကို မီးစွဲသွားပြီဗျို့။ ဟာ ထွက်လိုက်တဲ့ မီးခိုးတွေဆိုတာ အလိပ်လိုက်ပါပဲလားဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ရယ်သံကြီး ထွက်လာပြန်ပြီ။ မီးခိုးတွေကို ကျွဲက လေနဲ့ မှုတ်ပြီး အိမ်ထဲကို သွင်းလိုက်တယ်။ ဟော မီးခိုးတွေ အိမ်ထဲဝင် သွားပြီ၊ ဝင်သွားပြီ။ ဟာ ငြိမ်သွားပြီဗျို့။ သရဲကြီး ငြိမ်သွားပြီ။ ရယ်သံကြီးလည်း ငြိမ်သွားပြီ။ စောစောကလို ဟားဟားနဲ့အော်ပြီး မရယ်တော့ဘူးဗျ။

"ချလွှမ်"

ဟာ သံကြိုးကြီး ပြုတ်ထွက်သွားပြီဗျို့။ ကျွဲလည်း မီးခိုးတွေအလိပ်လိုက်ထွက်နေတဲ့ အောက်ခံသံပြားကလေးကိုယူပြီး အိမ်ထဲကို ဝင်ခဲ့တယ်။ ကိုညီမောင်ကလည်း ဓာတ်မီးကိုင်ပြီး ကျွဲနောက်က ပါလာတာပဲဗျို့။

အိမ်ထဲမှာ သရဲခြောက် ဆေးမြစ်ခဲ့ မီးခိုးတွေက တလွင့်လွင့်နဲ့ပေါ့ဗျာ။

ဟော သရဲကြီး ထိုင်ချလိုက်ပြီဗျ။ ဟာ ငိုပြီဗျို့။ ငိုပြီ။ ရိုက်ကြီးတငင်ကို ငိုတာဗျို့။ သတိဝင်သွားပြီ ထင်တယ်ဗျ။ ဝမ်းနည်း ပမ်းနည်းကို ငိုနေရှာတာဗျို့။ သူ့ဘဝကို သူသိသွားပြီ ထင်ပါရဲ့။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး"

ဟာ မဖဲဝါရဲ့ခွေးကြီး အူတဲ့အသံပဲဗျ။ ကေန့တော့ မဖဲဝါ

ကြီး ရောက်နေပြီထင်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အူး၊ အူး"

အလို ခွေးအူသံကြီးက သရဲခြံကြီးထဲက ထွက်လာတာဗျို့။ မဖဲဝါကြီး ခြံထဲကို ရောက်နေပြီထင်တယ်။ ကျွဲပ် သူ့ကို ဆွဲထုတ်သွားမှပဲ။

"ဦးမှဲ့ ကျွဲပ်ပြောတာ နားထောင်ပါ။ တကယ်တော့ ခင်ဗျား က ဘဝပြောင်းသွားပါပြီ။ အခု သခ္ခိုင်းရှင်မ မဖဲဝါကိုယ်တိုင် ခင်ဗျားကို လာခေါ်နေပြီ၊ ခင်ဗျား အခုပဲ အိမ်ထဲကထွက်ပြီး လိုက် သွားရမယ်၊ ကဲ ထွက် ထွက် ထွက်"

ဟာ ထိုင်နေတဲ့ သရဲကြီးက ထလာပြီဗျို့။

"ကိုညီမောင် နောက်ကိုဆုတ်နေ"

ကျွဲပ်က ကိုညီမောင်ကို နောက်ဆုတ်ခိုင်းတယ်။ သွားပြီ၊ သွားပြီ။ အိမ်ထဲက ထွက်သွားပြီ၊ ဟော အပြင်ဘက်ကို ရောက်သွားပြီ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ကိုညီမောင်ကတော့ သရဲကြီးရဲ့ ရယ်သံကို မကြားရသလို ဝဲ၊ မဖဲဝါရဲ့ ခွေးကြီးအူသံကိုလည်း မကြားရဘူးဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ ဒါ မဖဲဝါကြီး ရယ်သံပဲဗျ။ ကျွဲပ် အသံကြားတဲ့ဘက်ကို လှမ်းကြည့်လိုက်တယ်။ စောစောက ကျွဲနဲ့ ကိုညီမောင် ထိုင်နေခဲ့ တဲ့ လျှိုထိပ်က မြက်ခင်းကလေးမှာ မားမားကြီး ရပ်နေတာဗျို့။

www.burmeseclassic.com

www.burmeseclassic.com

နောက်သုံးရက်ကြာတော့ ဆရာတော်နဲ့ကျုပ် ရွာပြန်ရောက်ခဲ့ကြတယ်။

တာတေ

□□□

သူ့ဘေးမှာက နွားပေါက်တစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီးဗျ။ မဖဝါရဲ့ မျက်လုံးကြီးတွေက အမှောင်ထဲမှာ ရဲရဲတောက်နေတာဗျို့။ အရပ်ကြီးကတော့ ဆယ်ပေလောက်ရှိမှာ။ သရဲကြီး မရယ်တော့ စောစောကလောက် မမှောင်တော့ဘူးဗျ။ အမိုက်မှောင်ကြီး ပျောက်သွားပြီ။

"ကိုညိုမောင် မီးမှိတ်လိုက်တော့"

ကျုပ်က တရွေ့ရွေ့သွားနေတဲ့ သရဲကြီးရဲ့နောက်ခပ်လှမ်းလှမ်းက လိုက်ခဲ့တယ်။ ကိုညိုမောင်က ကျုပ်နောက်ကပေါ့ဗျာ။

မဖဝါက လက်ကြီးနှစ်ဖက်ကို အရှေ့ဘက် ဆန့်ထုတ်ထားတယ်ဗျ။ သရဲကြီးက မဖဝါကို မြင်သွားပြီ။ ဟော မဖဝါကြီး နောက်ကိုလှည့်ပြီး ထွက်သွားပြီဗျို့။ သရဲကြီးကလည်း မဖဝါနောက်ကပါသွားတာပေါ့ဗျာ။ မဖဝါရဲ့ခွေးကြီးကတော့ နောက်ကို တစ်ချက်တစ်ချက် လှည့်ကြည့်တယ်ဗျ။ သွားပြီ။ သွားပြီ။ သရဲကြီး ပါသွားပြီ။ သရက်ခြံဆုံးတဲ့အထိ ကျုပ်နဲ့ ကိုညိုမောင် လိုက်ကြည့်ခဲ့ကြတယ်။

မဖဝါရော၊ ခွေးနက်ကြီးရော၊ အမှောင်ထဲမှာ အော်အော်ရယ်တဲ့ သရဲကြီးပါ ကျုပ်ရဲ့မြင်ကွင်းက ပျောက်သွားတော့မှ ကျုပ်တို့ အိမ်ပြန်လာခဲ့ကြတယ်။

ကျုပ်က မကျိန်းသေးဘဲ စောင့်နေတဲ့ ဆရာတော်ကို အားလုံးလျှောက်ရတာပေါ့ဗျာ။ အဘညွှန့်တို့မိသားစုကတော့ ပျော်ရွှင်နေကြတာပေါ့။ ဆရာတော်ကလည်း ခေါင်းတညိတ်ညိတ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

တေရဉီးခေါင်း

တာတေဆိုတဲ့ ကျုပ်ကလည်း ထူးထူးဆန်းဆန်းဆိုရင် ကြဲး မှကြီးတတ်ပလေဗျာ။

ကျုပ်မှတ်မိတယ် ဆောင်တွင်းကြီးဗျ။ ကျုပ်တို့အညာဆိုတာကလည်း ခက်သားလား။ နွေဆိုရင် လွတ်ပုပြီး ဆောင်းကျတော့လည်း လွတ်အေးတာလေ။ နှစ်ညရှိပြီဗျ။ ဝိုင်းတွေထဲမှာ နှမ်းရိုးဥွေမီးလုံးကြရတာ။

ကိုယ့်အရပ်နဲ့ ကိုယ်ဓလေ့ဆိုတော့လည်း ပျော်ဖို့တော့ကောင်းသားဗျ။ ကျုပ်တို့ဝိုင်းထဲမှာ ညဆိုရင် အဘနဲ့ အမေက နှမ်းရိုးတွေ မီးရှို့တော့တာပဲဗျို့။ ကျုပ်တို့ဝိုင်းမှာ မီးရောင်တွေ့ပြီဆိုတာနဲ့ ရွာထဲက မျက်ပြူးတို့၊ ဆင်ပေါက်တို့၊ တောကျော်တို့အုပ်စုရောက်ချလာရောဗျာ။ ဒီကောင်တွေက ဆယ်နှစ်သားလောက်တွေဗျ။ သူတို့ထက်ငယ်တဲ့ ကလေးတွေလည်း တစ်ခါတလေ ပါလာတတ်သေးသဗျ။

ကျုပ်အမေကလည်း ကလေးအားကြီးချစ်တာ။ ကလေးတွေမို့လို့ ဝိုင်းထဲမှာ မီးလုံလာပြီဆိုရင် ပဲကြီးလှော်နဲ့ ထန်းလျက်ကျွေးတော့တာဗျို့။ ဟိုကောင်တွေကလည်း စားပါဗျာ။ တစ်ခါမှ ငြင်းတယ်လို့ မရှိဘူးဗျ။

မျက်ပြူးက လူလည်ဗျ။ ကျုပ်အကြောင်းလည်း ဒီကောင်က တော်တော်သိတာ။ လူစုံလို့ ဝိုင်းငြိမ်ပြီဆိုတာနဲ့ မျက်ပြူးက ကျုပ်ကို ဟိုမေး ဒီမေးလုပ်တော့တာပဲဗျို့။ ကျုပ်ကလည်း ကျုပ်တွေ့ကြုံခဲ့တာကလေးတွေကို ပြောပြတယ်။ ဒီကောင်တွေအုပ်စုဆိုတာ ငြိမ်ပြီး နားထောင်တာဗျ။ တစ်ယောက်မှကို မလှုပ်ဘူး။

အဘနဲ့ အမေကတော့ တော်တော်ကလေး နွေး[illegible]ရင်

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပေါ် တက်သွားကြတော့တယ်ဗျ။ ဒီကောင်တွေနဲ့ ကျုပ်နဲ့ပဲ ကျန်ခဲ့တာ။

"ကိုကြီးတာတေ၊ ဆရာပေသီးကို မဖဲဝါ ကျောက်ပြင်နဲ့ ရိုက်သတ်တုန်းက ကိုကြီးတာတေ ပါတယ်ဆို"

မျက်ပြူးဆိုတဲ့ကောင်က စကားကို ထောင်တဲ့နေရာမှာ အားကြီးတော်တာဗျ။

"မပါပါဘူးကွာ၊ မင်းတို့ကို ငါပါတယ်လို့ ဘယ်သူပြောတုံး"

ကျုပ်က ဒီကိစ္စတွေကို အခုထိ အုပ်ထားတာဆိုတော့ ပြောင်ငြင်းရတာပေါ့ဗျာ။

"တောင်ပိုင်းက ကိုသိန်းဇော် ပြောတာဗျ၊ သူလည်း တိတိကျကျ သိတာတော့ မဟုတ်ဘူးဗျ၊ တာတေ ပါနိုင်တယ်လို့ပဲ ပြောတာပါဗျာ"

"အလကားပါကွာ၊ သူထင်တာကို လျှောက်ပြောတာပါ။ ငါလည်း အဲဒီကိစ္စကို သူများပြောမှသိတာပါ"

"နေပါဦး ကိုကြီးတာတေရဲ့၊ ဘိန်းစားဘစိန်ကြီးကို မဖဲဝါ ဂုတ်ချိုးသတ်တုန်းကလည်း ကိုကြီးတာတေ ပါတယ်ဆို"

တောကျော်ကလည်း မျက်ပြူးလေသံကို လိုက်ပြီး ကျုပ်ကို မေးပြန်တာပေါ့ဗျာ။

"မပါပါဘူးကွာ၊ ဘိန်းစားဘစိန်က ဂူဖောက်တာ ထင်ပါတယ်၊ မနက်မိုးလင်းလို့ လူတွေပြောမှ ငါသိတာပါ။ အဲဒီညက ဘုရားပွဲရှိတော့ တစ်ညလုံး ဘုရားပွဲမှာ ထိန်းနေရတာကွ၊ နို့ မင်းကို

ဘယ်သူက ပြောတာတုံး တောကျော်ရဲ့"

"အရှေ့ပိုင်းက ကိုကြီးဖိုးထောင် ပြောတာဗျ၊ သူလည်း အတိအကျ ပြောတာတော့ မဟုတ်ပါဘူး၊ ပါတယ်ထင်တယ်ပို့ပြောတာပါ"

"ငါက နေရာတကာ စပ်စပ် စပ်စပ်နဲ့ ပါနေကျကောင် ဆိုတော့ ဒီကိစ္စတွေမှာလည်း ပါသွားသလားလို့ တွေးကြတာပေါ့ကွာ"

ကျုပ်က ကလေးတွေနဲ့ စကားလက်ဆုံကျရင်း နဂါးဆေးပေါ့လိပ်ကလေး တစ်လိပ်ကို နှမ်းရိုးက မီးတောက်ကလေးယူပြီး ညှိလိုက်တယ်။ ဆေးပေါ့လိပ်ကလေး နှစ်ဖွာ သုံးဖွာပဲ ဖွာရသေးတယ်။ ခိုင်းဝကခေါ်တဲ့အသံ ကြားရောဗျ။

"တာတေ မီးလှုံနေတာလားကွ၊ ဟာ ကလေးတွေလည်း မနည်းပါလား"

ကျုပ်က မီးအလင်းရောင်ကို လက်နဲ့ကာပြီး ဝိုင်းဝကို လှမ်းကြည့်တယ်။

"ငါပါကွ တာတေရ၊ ငွေတွင်းကုန်းက မင်းဒင်ပါ"

"ဟာ ကိုမင်းဒင် ညဘက်ကြီးပါလား၊ လာ လာ"

ကျုပ်က ကိုမင်းဒင်ကို ခရီးဦးကြိုပြုရတာပေါ့ဗျာ။

"တာတေ မင်း ကလေးတွေကို ပုံပြောပြနေတာထင်တယ်"

"ဟုတ်ပါဗျာ၊ ပုံလည်းပြောပြရသေးတယ်၊ နှမ်းရိုးလည်း မပြတ်ထည့်မေးရသေးတယ်၊ ပဲကြီးလှော်နဲ့ ထန်းလျက်လည်း ကျွေး

www.burmeseclassic.com

www.burmeseclassic.com

ရသေးတယ်၊ အကြမ်းကလည်း လက်ဖက်ခြောက် ခပ်ရတာ နှစ်အိုး ရှိပြီ ကိုမင်းဒင်ရေ၊ ဟား ဟား လာဗျာ ဒီဘက်ကို"

ကိုမင်းဒင်က ကျူပ်ဘေးမှာ ဝင်ထိုင်တယ်ဗျ။

"ဒီည တော်တော်အေးပါလားကွ၊ တစ်ချက် တစ်ချက် တုန်တောင်သွားတယ်"

"ဟုတ်ပဲ့၊ ကိုမင်းဒင်ရာ၊ ဒီည အေးချက်ကတော့ လွန်ရော ဗျာ၊ ညနေ သုံးနာရီလောက်ကတည်းက စိမ့်နေတာဗျ။ ကဲ ခဏ နေဦးဗျာ၊ ကျူပ်အိမ်ပေါ် တက်ပြီး လက်ဖက်ကလေးဘာလေး ယူခဲ့ဦးမယ်"

"ဟာ နေပါကွာ တာတေရာ၊ ငါ ခုပဲ ဒွေးလေးတို့အိမ်က ထမင်းစားပြီး ထလာတာကွ"

"ဟာ မဟုတ်သေးပါဘူးဗျာ၊ လက်ဖက်ကလေးတော့ စားပါဦးဗျာ၊ မကြာပါဘူးဗျ ကိုမင်းဒင်ရ"

ကျူပ်က ပျာပျာသလဲ အိမ်ပေါ် တက်လာခဲ့တယ်။ ကျူပ် အိမ်ပေါ် တက်ခါနီးမှာ-

"ကိုကြီးတာတေ၊ ကျူပ်တို့ ရေနွေးအိုး ထပ်ကျိထားရ မလား"

ပျက်ပြားက လူအလိုက်ကို လွတ်သိတဲ့ ကလေးဗျ။

"ဟာ ကောင်းတာပေါ့၊ မျက်ပြားရ၊ စဉ်းအိုးအဖုံးပေါ်မှာ ရေမုတ်ရှိတယ်"

"သိတယ်၊ သိတယ်၊ ကိုကြီးတာတေ"

မီးလှုံနေတဲ့ နေရာဘေးမှာတင် ကျူပ်က ဖိုခနောက်ဆိုင်ပြီး ရေနွေးကျိတာဗျ။

ကျူပ်အိမ်ပေါ်က ပြန်ဆင်းလာတော့ လက်ထဲမှာ လက်ဖက် အစ်ရော၊ နဂါးဆေးပေါ့လိပ် သုံးလိပ်ရော ယူလာတာ။ မျက်ပြူးရဲ့ ရေနွေးအိုးကလည်း မီးဖိုပေါ် ရောက်နေပြီဗျ။ ဆင်ပေါက်က ထင်း ခြောင်းတွေထိုးပြီး မီးမှုတ်ပေးနေလေရဲ့။

"ကဲ လက်ဖက်ကလေးလည်းစား၊ အကြမ်းပူပူကလေး လည်း သောက်ဗျာ၊ ကျူပ် ခပ်ထားတဲ့ လက်ဖက်ခြောက် လွတ် ကောင်းတာဗျ၊ ဟိုတလောကမှ ကျူပ်ဆရာ စိုင်းနွံဖ ရောက်လာလို့ ဆရာတော် လျှဖို့ရေး ကျူပ်သောက်ဖို့ရော လက်ဖက်ခြောက်တွေ ယူလာတာဗျ။ စော်ဘွားနှုတ်ခမ်းမွေးအစစ်ပဲ ကိုမင်းဒင်ရဲ့၊ ကဲ သောက်ဗျာ"

ပြောရဦးမယ်ဗို့။ ကိုမင်းဒင် ဆိုတာက ဌေတွင်းကုန်းသား ဗျ။ ကိုမင်းဒင်တို့မှာက ညီအစ်ကိုနှစ်ယောက်ပဲ ရှိတာ။ ကိုမင်းဒင်က အငယ်။ သူ့အစ်ကိုက ကိုမင်းလွင်တဲ့ဗျ။ ညီအစ်ကိုနှစ်ယောက်စလုံး အိမ်ထောင်မရှိကြဘူး။

သူတို့မိဘတွေက သူတို့ခပ်ငယ်ငယ်မှာတင် ဆုံးပါးသွား တယ်ဆိုပဲဗျ။

ဒါပေမဲ့ သူတို့အဘိုး ဦးအိုဆိုတာက လူချမ်းသာဗျ။ ယာ ရော ထန်းတောရော ပိုင်တာ။ သူတို့ညီအစ်ကိုကို သူ့အဘိုးကပဲ မွေးခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ရွာမှာ ဘိုးအိုဆောက်ထားတဲ့ ကျောင်းတွေ၊ ဘိုးအို တည်ထားတဲ့ ဘုရား၊ ဘိုးအိုလှူထားတဲ့ ရေတွင်းဆိုတာ နေရာအနှံ့ ပါပဲဗျာ။ တစ်နှစ် တစ်ခါ ရွာထဲက ကလေးတွေကို ရှင်ပြုပြီး အရွယ် ရောက်တဲ့သူတွေကို ပဥ္စင်းတက်ပေးသေးတာဗျ။ အဲဒါက နှစ်တိုင်း လုပ်တာ။ တစ်နှစ်တောင် ပျက်မသွားဘူး။ ငွေတွင်းကုန်းက ဘိုးအို အလှူဆိုရင် မသွားဖူးတဲ့၊ မစားဖူးတဲ့လူ ကျွန်ုပ်တို့ရွာတွေမှာ မရှိ သလောက်ပဲဗျ။

ဘိုးအိုဆိုတာ အားကြီးစေတနာ သဒ္ဓါတရားကောင်းတဲ့ အဘိုးကြီးဗျ။ သူ့ရွာထဲမှာ အဆင်မပြေတဲ့လူတွေကို ဘိုးအိုက အမြဲ ကြည့်တာ။ သူတို့ရွာမှာဆို ဘိုးအိုကျေးဇူးကင်းတဲ့သူ သိပ်မရှိပါဘူး ဗျာ။

ဒါပေမဲ့ အဘိုးကြီးက မရှိတော့ဘူးဗျ။ မနှစ်ကပဲ ဆုံးသွား တာ။ ကိုမင်းဒင်တို့ ညီအစ်ကိုပဲ ကျန်ခဲ့တာ။

ကိုမင်းဒင်က လက်ဖက်တစ်စွန်း ခပ်စားပြီး အကြမ်းကို ဖူးကနဲမှုတ်ပြီး သောက်လိုက်တယ်ဗျ။

"အေး မင်းပြောတာ ဟုတ်သားကွ၊ တာတေရ၊ လက်ဖက် ခြောက်က တော်တော်ကို ကောင်းတာကွ"

"ဟုတ်တယ် ကိုမင်းဒင်ရဲ့၊ သောက်ဗျာ၊ နို့ ကိုမင်းဒင် ညကြီး ဘယ်ကရောက်လာတာတုံး"

ကျွန်ုပ် မေးတာကို ကိုမင်းဒင်က ခေါင်းညိတ်ပြတယ်။

"အေး အမှန်အတိုင်း ပြောရရင်တော့ ငါ မင်းဆီကို လာ

တာပဲ တာတေ၊ ဒါပေမဲ့ မင်းတို့ရွာမှာ ငါ့ဒွေးလေး မပုကြည်တို့လည်း ရှိတာဆိုတော့ ဒွေးလေးတို့ဆီ လာတာလို့ ပြောရတာပေါ့ကွာ၊ မင်း ဆီကိုတော့ လမ်းကြုံလို့ ဝင်လည်တယ်လို့ပဲ ပြောရတာပေါ့။ တကယ် က ငါ မင်းကို ပြောစရာတွေ အများကြီးရှိလို့ လာတာကွ"

"ဩော် ဒီလိုလား၊ ဒါဆိုရင် ကလေးတွေကို ပြန်လွှတ်လိုက် ဦးမယ်ဗျာ"

"ဟာ နေပါစေကွာ၊ ကလေးတွေ ငါ့ကြောင့် ပြန်နေရတာ မကောင်းပါဘူး"

"ရပါတယ် ကိုမင်းဒင်ရ၊ ဒီကောင်တွေက ကျွန်ုပ်တူလေး တွေလို ဖြစ်နေတာပါ"

ကိုမင်းဒင်ကဲ့ ပြောရင်း ကျွန်ုပ် မျက်ပြူးတို့ကို လှည့်ကြည့် လိုက်တယ်။ ကျွန်ုပ်အရိပ်အခြေကို ကြည့်နေတဲ့ မျက်ပြူးက ချက်ချင်း သဘောပေါက်တယ်ဗျ။ ဒီကောင်က လွတ်အောင်းပါးတဲ့ကောင်။

"ဘာလဲ ကိုကြီးတာတေ၊ အကြမ်းကုန်ပြီလား၊ ရေနွေးအိုး က ဆူနေပြီဗျ၊ ကိုကြီးတာတေတို့ အိုးထဲကို ရေနွေးဖြည့်ပေးပြီးရင် ကျွန်ုပ်တို့လည်း ပြန်တော့မလို့ပဲဗျ"

အဲဒါသာ ကြည့်တော့ဗျို့။ ကျွန်ုပ်တောင် ဘာမှမပြောရ သေးဘူး။ ဒီကောင် မျက်ပြူးက ကြိုပြောနေတာ။

"အေး အေး ကိုကြီးတာတေလည်း ဧည့်သည်နဲ့ စကားပြော လိုက်ဦးမယ်၊ ရေနွေးက အခု မလိုသေးပါဘူး၊ လိုမှပဲ ကိုကြီးတာတေ ဖြည့်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ ဒါဆို ကျုပ်တို့ သွားဦးမယ်၊ တောင်ပိုင်းက အာကျယ်တို့ဝိုင်းကို ခဏသွားလိုက်ဦးမယ်"

မျက်ပြူးက သူ့ကောင်တွေကိုခေါ်ပြီး ထပြန်သွားတယ်။ ဒီတော့မှ ကိုမင်းဒင်က စကားစတော့တာဗျို့။

သူပြောမဲ့ကိစ္စက လူမသိစေချင်တဲ့ကိစ္စဆိုတာ ကျုပ် သိလိုက်တာပေါ့ဗျာ။ ဒါကြောင့်လည်း သူ ကျုပ်ဆီကို ညဘက် လာတာပေါ့လေ"

"အေးကွာ၊ မင်းကို ငါ ဘယ်ကစပြောရမလဲဆိုတာ စဉ်းစားနေတာကွ၊ တာတေရဲ့"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေး တစ်လိပ်ကို မီးညှိပြီး ကိုမင်းဒင်ကို ကမ်းပေးလိုက်တယ်။

ကိုမင်းဒင်ကလည်း ဆေးပေါ့လိပ်ကလေးကိုယူပြီး ဖွာတယ်။ ဆေးလိပ်ကို နှစ်ဖွာ၊ သုံးဖွာ ဖွာပြီး တစ်ချက်ရှိုက်လိုက်တယ်။ ပြီးမှ စကားစတယ်ဗျ။

"တို့အဘိုး ဘိုးအိုကို မင်းသိတယ်မို့လား တာတေ"

"ဟာ သိတာပေါ့ ကိုမင်းဒင်ရဲ့၊ ဘိုးအို ဆုံးတော့တောင် ကျုပ် လာပို့သေးတယ်လေဗျာ"

"အေးပါကွ၊ ငါက စကားစမျိုးတာပါ။ ဘိုးအိုဆုံးတာ တစ်နှစ်ကျော်ပြီလေကွာ"

"ဟုတ်တယ်လေ ကိုမင်းဒင်"

"အေး ဘိုးအိုဆုံးသွားတော့ ငါတို့ညီအစ်ကိုအတွက် ပစ္စည်း

ဥစ္စာတော်တော်ကို ကျန်ခဲ့တယ်ကွ"

"ဟာ ကျန်မှာပေါ့ဗျာ၊ ဘိုးအိုက လူချမ်းသာပဲ"

"ငါပြောချင်တာက အဲဒီလို မဟုတ်ဘူးကွ၊ တာတေရ၊ ငါတို့ ခန့်မှန်းတာထက် အဆပေါင်းများစွာ ကွာနေတာ၊ သူသေတော့ကို ငါတို့ညီအစ်ကို ဖွင့်ကြည့်တော့ စိန်တွေ၊ ရွှေတွေ၊ ရတနာတွေဆိုတာ နည်းနည်းနောနော မဟုတ်ဘူးကွ၊ ငါ့အစ်ကိုကတော့ ဘိုးအိုက သူမိဘတွေဆီက နှစ်မွေခံ၊ သုံးမွေခံတွေ ရ,ထားလို့ဖြစ်မယ်လို့ တွေးတာပေါ့ကွာ"

"အင်း ကိုမင်းလွင် တွေးတာ ဟုတ်မှာပေါ့ဗျာ"

"ဘယ်ကဟုတ်ရမှာလည်းကွာ၊ ဘိုးအို မသေခင် နှစ်လလောက်အလိုမှာ ငါ့ကိုခေါ်ပြီး နှစ်ယောက်ချင်း ပြောခဲ့လို့ ငါက အကုန်သိထားတာကွ၊ ဒါပေမဲ့ ဒီအကြောင်းကို ငါ့စိတ်ထဲမှာပဲ သိမ်းရတာကွ"

"ဟင် ဒါဆိုရင် ဘိုးအို ကျန်ခဲ့တဲ့ စိန်တွေ၊ ရွှေတွေက နှစ်မွေခံ၊ သုံးမွေခံ ပိုင်ဆိုင်ခဲ့တာ မဟုတ်ဘူးလား"

"မဟုတ်ဘူးကွ၊ ဘိုးအိုတို့မိဘတွေက ဆင်းရဲကြတယ်၊ ဘာအမွေမှ ဘိုးအို မရခဲ့ဘူးကွ၊ ငါ့ကို အားလုံးပြောပြတာ၊ ဘိုးအိုငယ်ငယ်က တော်တော်ဆင်းရဲတာဆိုပဲ တာတေရ၊ တောထဲမှာ တောင်ထဲမှာ ထင်းခုတ်ရောင်းရတာတဲ့ကွ"

"ဟင် ဟုတ်လား၊ ဒါဆိုရင် ဒီပစ္စည်းတွေက"

"အေး အဲဒီအကြောင်းကိုသိတာ ငါပဲ ရှိတာကွ၊ ငါကလည်း

www.burmeseclassic.com

www.burmeseclassic.com

ဒီအကြောင်းကို ငါ့အစ်ကို ကိုမင်းလွင်ကိုတောင် ငါမပြောပြဘူး
မင်းကို ပြောရတာကလည်း အကြောင်းရှိလို့ တာတေရ"

"ကိုမင်းဒင်ရေ၊ ကျုပ်ဖြင့် ဘိုးအိုအကြောင်းကို အရမ်းစိတ်
ဝင်စားသွားပြီဗျာ"

"အေး ငါ အားလုံးပြောပြမယ် တာတေ"

ကိုမင်းဒင်နဲ့ စကားပြောရင်း ကျုပ်က မီးဖိုထဲကို မီးမသေ
အောင် နှိမ်းခိုးတွေ ထပ်ထည့်လိုက်တယ်။

"ဩော် နေဦး ကိုမင်းဒင်ရဲ့၊ ကျုပ် တစ်ခုမေးရဦးမယ်
ဘိုးအိုမှာ သားသမီး ဘယ်နှယောက် ရှိတာတုံးဗျ"

"သုံးယောက်လေကွာ၊ ငါတို့ဘကြီး ဖိုးသောင်းရယ်၊ ငါ့
အဖေ ဖိုးကောင်းရယ်၊ ငါတို့ဒွေးလေး မပုကြည်ရယ်လေကွာ၊ ဒွေး
လေးက မင်းတို့ရွာမှာ နေတာလေ"

"ဒီတော့ ဘိုးအိုဆုံးတဲ့အခါ သူတို့ကိုရော အမွေခွဲမပေး
ဘူးလား"

"ဟာ ဘိုးအို မသေခင်ကတည်းက အားလုံးကို ပေးပြီးသား
ကွ၊ ဘကြီးဖိုးသောင်းတို့မောင်နှမနှစ်ယောက်ကို ရွှေတွေပေးလိုက်
တာ ဘယ်လောက်မှန်းတော့ မသိဘူး။ သိပ်တော့ နည်းမှာမဟုတ်
ဘူးကွ၊ ငါတို့ညီအစ်ကိုကိုတော့ ရွာက အိမ်ကြီးရယ်၊ ထန်းတော
ရယ်၊ ယာတွေရယ် ပေးတာပေါ့ကွာ။ ဘကြီးဖိုးသောင်းတို့ ဒွေး
ပုကြည်တို့ကလည်း လူချမ်းသာတွေပဲလေ တာတေရာ၊ ကျန်တာ
တာပေါ့"

"နို့ ဘိုးအိုသေတော့ဆဲမှာ တွေ့တဲ့ ရွှေတွေ ရတနာတွေကို
ခွဲမပေးတော့ဘူးလား၊လို့ မေးတာ"

"အေး ရှင်းရှင်းပြောရရင် အဲဒီသေတ္တာနဲ့ ဟောဒီပစ္စည်း
က ငါ့ကို ပေးခဲ့တာကွ တာတေရ"

"ဟင် ဘာပစ္စည်းတုံး ကိုမင်းဒင်"

ဒီတော့မှ ကိုမင်းဒင်က သူ့ပေါင်အောက်မှာ ဖိထိုင်ထားတဲ့
ပုဆိုးနဲ့ ပတ်ထားတဲ့ ခပ်ပြားပြား အထုပ်ကလေးကို ထုတ်ပြတယ်ဗျ။
ကျုပ်စိတ်ထဲမှာ စာအုပ်ထူထူကြီးတစ်အုပ်ကို ပုဆိုးနဲ့ ပတ်ထားတာ
လို့ ထင်သွားတယ်။ ကိုမင်းဒင် ဝင်လာတုန်းက အဲဒီအထုပ်ကလေး
ပါလာတာကို ကျုပ်က သတိမထားမိလိုက်ဘူးဗျ။

"ဒါ ဘာတုံး ကိုမင်းဒင်"

ကျုပ်က စပ်စုပြီပေါ့ဗျာ။ ကိုမင်းဒင်က ခေါင်းလေးညိတ်ပြီး
သူ့လက်ထဲက စာအုပ်လို ခပ်ပြားပြားအထုပ်ရဲ့ ပတ်ထားတဲ့ပုဆိုး
ကလေးကို ဖြေဖာယ်ဗျ။ ပုဆိုးစကို ဖယ်လိုက်တော့ အထဲက ထွက်
လာတာ သစ်သားသေတ္တာပြားပြားကလေးတစ်ခုဗျ။ စာအုပ်ထူထူ
တစ်အုပ်အရွယ်လောက်ရှိတယ်။ ကျွန်းသေတ္တာကလေးဗျ။ ပေါ်လစ်
တွေဘာတွေ အကျအန သုတ်ထားတာ။ အတွင်းမှာ ဘာပစ္စည်းရှိ
နှုန်း မသိပေမဲ့ ဒီပစ္စည်းကို ပိုင်တဲ့ ပိုင်ရှင်က တော်တော်ကို မြတ်နိုး
တဲ့ပုံပဲဗျ။

"ဩော် သေတ္တာကလေးပဲ၊ သော့ခလောက်ကလေးလည်း
ခတ်ထားတာကိုး"

www.burmeseclassic.com

www.burmeseclassic.com

လို့ ကျုပ်က ပြောလိုက်တယ်။ ကိုမင်းဒင်က သူ့အိတ်ထဲက သော့တံကလေးကို နှိုက်ယူပြီး သောက်ခလောက်ကို ဖွင့်တယ်။

"ထောက်"

တစ်ချက်ပါပဲ။ သော့ပွင့်သွားတယ်။ ဟော သေတ္တာကလေးကိုဖွင့်ပြီး-

"ဟာ ဒါ ဘာတုံးဗျ"

ကျုပ်ဖြင့် အံ့သြလွန်းလို့ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရောပျို့။ ဖြူဖြူကြီးဗျ။ လူမျက်နှာပုံ၊ မျက်လုံးပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်တွေအားလုံး ပါတယ်။ ဘယ်လိုဟာကြီးတုံး။ မျက်နှာဖုံးလား။

"တွေ့လား တာတေ၊ ဘိုးအိုပေးခဲ့တဲ့ ပစ္စည်းလေ"

"တွေ့တယ် ကိုမင်းဒင်၊ အဲဒါကို ကျုပ်ကြည့်နေတာဗျ၊ မျက်နှာဖုံးလားလို့"

"လူခေါင်းခွံကွ၊ လူခေါင်းခွံကို မျက်နှာဘက်ကနေ သံဖြတ်လွန့် လွှာထားတာ"

အရှေ့ဘက်ကောင်းကင်

"ဩော် ဟုတ်သားပဲဗျ။ 'နို့ ဒါကြီးက ဘာလုပ်တာတုံး"

"ဒါကို စောရဦးခေါင်းလို့ ခေါ်တယ်ကွ၊ ဒီလူက စောရနက္ခတ်နဲ့ မွေးလာတဲ့လူဆိုပဲ။ မဦးရရင် နေကိုမနေနိုင်တာတဲ့၊ ဒီလူ ခိုးမှန်းသိပေမဲ့ တစ်ခါမှ မိတာမဟုတ်ဘူးဆိုပဲ။ အိမ်ခေါင်အမြင့်ကြီး ပေါ်ကနေ မြေကြီးပေါ်ကို ခုန်ချတာတောင် ဘာမှမဖြစ်ဘူးတဲ့ကွ"

"ဟင် ဒါဆိုရင် စွမ်းလည်းစွမ်းနေတာ ထင်တယ်"

"သေချာတာပေါ့ကွာ၊ ဒီလူရဲ့အဘိုးက ဆရာကြီးတစ်ယောက်တဲ့ကွ၊ အင်းဘက် ဆေးဘက်မှာ အားကြီးစွမ်းတာဆိုပဲ၊ သူမြေးက စောရနက္ခတ်မှန်းသိတော့ အန္တရာယ်ကင်းအောင်ဆိုပြီး ကြောင်ဆေးထိုးပေးလိုက်တာတဲ့။ ငှက်ပျောရွက်ပေါ်မှာတောင် အိပ်နိုင်တာတဲ့ကွ"

"အို တော်တော်ကိုစွမ်းတဲ့သူခိုး ဖြစ်သွားပဲကိုး"

"အေးပေါ့ ဧကာတေရ၊ အင်းဝခေတ်က သူခိုးကြီး ငတက်ပြားလို ရှိမှာပေါ့ကွာ"

"ဆက်ပါဦး ကိုမင်းဒင်ရဲ့၊ ကျုပ်ဖြင့် စိတ်ဝင်စားလိုက်တာဗျာ"

"အေး ဂျပန်ခေတ်ရောက်တော့ အခိုးခံရတဲ့လူတွေက မကျေနပ်ကြဘူးဆိုတော့ ဂျပန်ကို တိုင်တာပေါ့ကွာ၊ ဒီမှာတင် ဂျပန်စာ ဒီလူကို ရအောင်ဖမ်းပြီး ခေါင်းဖြတ်သတ်လိုက်တာတဲ့ဟေ့"

"ဩော်"

"ဒီလူ့အကြောင်းကို ဘိုးအိုက ဆရာကြီးတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com

ပြောပြမိတယ်တဲ့ကွ၊ အဲဒီမှာတင် အဲဒီဆရာကြီးက မောင်အို မင်းတော့ ကြီးပွားပြီကွ၊ အဲဒီစောရကြီးမြှုပ်တဲ့နေရာ သိသလားလို့ မေးသတဲ့၊ ငါတို့အဘိုးကလည်း သိနေတော့ သိတာပေါ့ ဆရာကြီးရယ်၊ ဒီလူကို ကျုပ်ကိုယ်တိုင် မြှုပ်ခဲ့တာပဲလို့ ပြောသတဲ့"

"ဟင် ဘိုးအိုက ဂျပန်တွေနဲ့ ပတ်သက်နေလို့လား"

"ဘိုးအိုက ဂျပန်ချွေးတပ်ဆွဲခံထားရတာတဲ့ကွ၊ အဲဒါနဲ့ ဂျပန်က သူတို့ကို ဒီသူခိုးယူသွားပြီး ကျင်းနက်နက်တူးမြှုပ်ပစ်လိုက်လို့ ပြောသတဲ့"

"ဩော် ဒါကြောင့် ဘိုးအိုက စောရကြီး မြှုပ်တဲ့နေရာကို အတိအကျ သိနေတာကိုး"

"ဘိုးအိုက ဂျပန်ခေတ်က သူတို့မြှုပ်ခဲ့တဲ့ သူခိုးကြီးရဲ့ အလောင်းကို ပြန်ဖော်တာပေါ့ကွာ၊ မှားစရာ မရှိဘူးတဲ့ကွ၊ သူတို့မြှုပ်ကတည်းက ခေါင်းပြတ်ကြီးဆိုတော့ မှတ်မိတာပေါ့ကွာ။ ဒီမှာတင် ဘိုးအိုက စောရကြီးရဲ့ ခေါင်းခွံကိုယူပြီး ဆရာကြီးကို သွားပေးတယ်ဆိုပဲ။ အဲဒီဆရာကြီးက ခေါင်းခွံကို သံဖြတ်လွှဲနဲ့ မျက်နှာကလေးတင် လွှာထုတ်လိုက်တာတဲ့။ ပြီးတော့ ကန်တော့ပွဲတွေထိုးပြီး ဂါထာတွေစုတ်တာ ခုနစ်ရက်တိတိ ဆိုပဲကွ။ နောက်ဆုံးတော့ စောရကြီးရဲ့ ဝိညာဉ်ပြန်ရောက်လာတယ်တဲ့ဟော့။ အဲဒီဆရာကြီးက ဘိုးအိုကို ဂါထာနှစ်ပုဒ် သင်ပေးတယ်တဲ့"

"ဟင် ဂါထာ ဟုတ်လား၊ ဘာဂါထာတွေတုံးဗျ"

"တစ်ပုဒ်က စောရကြီးကိုခေါ်တဲ့ ဂါထာတဲ့ကွ၊ တစ်ပုဒ်က

တော့ စောရကြီးကိုနှင်တဲ့ ဂါထာတဲ့"

"ဩော် ကိစ္စရှိရင် အခေါ်ဂါထာရွတ်၊ ကိစ္စပြီးရင် အနှင်ဂါထာရွတ်၊ ဒီလိုရှိမှာပေါ့ဗျာ"

"အေး ဟုတ်တယ်၊ ဟုတ်တယ် တာတေ၊ အဲဒီဂါထာတွေ ဒီသေတ္တာထဲမှာ စာရွက်နဲ့ ရေးထည့်ထားတယ်"

"နို့ နေပါဦး ကိုမင်းဒင်ရဲ့၊ ဒါကို ဘာအတွက်သုံးတာတုံး"

"ဒီလိုကွ တာတေရ၊ မင်းမှာ ငွေလိုတယ်ဆိုရင် စောရကြီးရဲ့ ဝိညာဉ်ကို ဂါထာရွတ်ခေါ်လိုက်လေ၊ မင်းနားမှာ အရိပ်လိုလို မည်းမည်းကြီး ပေါ်လာလိမ့်မယ်။ သူ့ကို မင်းပဲ တွေ့ရမှာနော်၊ ကျန်တဲ့လူတွေက လုံးဝမတွေ့ရဘူး။ အဲဒီအချိန်မှာ မင်းက 'စောရကြီးရေ . . ကျုပ် ငွေလိုနေတယ်လို့ပဲ' ပြောလိုက်။ အဲဒီဝိညာဉ်လိုလို မည်းမည်းအရိပ်ကြီးက ရှေ့က ထွက်သွားလိမ့်မယ်၊ မင်းက ပစ္စည်းထည့်ဖို့အိတ်လွယ်ပြီး သူနောက်က လိုက်ပေတော့၊ အဲဒီအချိန်က စပြီး မင်းကို ဘယ်သူမှ မမြင်တော့ဘူး"

"ဟင် ဘာဖြစ်လို့တုံး ကိုမင်းဒင်"

"ဟာ မင်းကိုယ်ပျောက်နေလို့ပေါ့ တာတေရ"

"ဗျာ ကိုယ်ပျောက်နေတယ်၊ ဟာ စွမ်းလှချေလား ကိုမင်းဒင်ရယ်"

"အေး မင်း သူနောက်ကသာ ရဲရဲလိုက်သွား၊ နာရီဝက်၊ တစ်နာရီလောက် သွားပြီးရင် ဘယ်နေရာ၊ ဘယ်ဒေသတွေမှန်း မသိတဲ့နေရာတွေကို မင်းရောက်သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ဟုတ်လား"

"အင်မတန်ကြီးတဲ့ မြို့ကြီးတွေ၊ ရွာကြီးတွေကို မင်း ရောက်သွားလိမ့်မယ်၊ ပြီးရင် ဝိညာဉ်အရိပ်ကြီးက အိမ်ကြီးတစ်အိမ်ထဲကို ဝင်သွားလိမ့်မယ်၊ မင်းလည်း ဝင်လိုက်သွား၊ ဘာမှမကြောက်နဲ့၊ မင်းက ကိုယ်ပျောက်နေတာ၊ ခြံတံခါး၊ အိမ်တံခါး၊ အခန်းတံခါး၊ မီးခံသေတ္တာ၊ သံသေတ္တာအားလုံး တံခါးတွေ ပွင့်နေလိမ့်မယ်၊ တစ်အိမ်လုံးလည်း လူရော၊ ခွေးရော၊ ကြောင်ရော ဘာကောင်မှ မကျန်အောင် အိပ်မောကျနေလိမ့်မယ်။ တွေ့တဲ့ပစ္စည်းတွေကို စိတ်တိုင်းကျရွေးပြီး မင်းကြိုက်သလောက် ယူပေတော့။ ပြီးရင် စောရကြီးရဲ့ ဝိညာဉ်က မင်းကို ပြန်ခေါ်လာလိမ့်မယ်"

"ဟင် ကျုပ်ရွာကိုရော ပြန်ရောက်ပါ့မလားဗျ"

"ဟဲ့ ဟဲ့ မပူပါနဲ့ တာတေရာ၊ နာရီဝက် တစ်နာရီအတွင်းမှာပဲ မင်းအိမ်အထိကို ပြန်ရောက်လာမှာပါကွ၊ ဒါပေမဲ့ မင်းရောက်သွားတာ ဘယ်မြို့ ဘယ်ရွာဆိုတာ မင်း ဘယ်လိုမှ မသိနိုင်ဘူးတဲ့ကွ"

"နို့ ဒီခေါင်းခွံကို မျက်နှာမှာ စွပ်သွားရမှာလား ကိုမင်းဒင်"

"မဟုတ်ဘူးကွ၊ စောရခေါ်တဲ့ ဂါထာမရွတ်ခင် မင်းရဲ့ချက်မှာအုပ်ပြီး ကြိုးနဲ့ချည်ထားရမှာ၊ ပြီးရင် အပေါ်က အကျီင်္ကုံးထားရမှာပေါ့ကွာ၊ ပြီးမှ ဂါထာရွတ်ရမှာ"

"ဩော် ဒီလိုလား"

"မင်း အိမ်ပြန်ရောက်တာနဲ့ စောရ နှင်တဲ့ဂါထာကို ရွတ်

လိုက်ပေတော့၊ အရိပ်မည်းမည်းကြီး ချက်ချင်းပျောက်သွားလိမ့်မယ်"

"ဟင် အဲဒီစောရကြီးရဲ့ ဝိညာဉ်ကြီးကို ဘာမှမကျွေးရ၊ မမွေးရဘူးလားဗျ"

"ဟာ မကျွေးရဘူးကွ၊ အဲဒီဝိညာဉ်က အဲဒီလိုလုပ်နေရရင် လွှတ်ပျော်နေတာဆိုပဲ"

"ဩော် ဖြစ်မှဖြစ်ရလေဗျာ၊ ဒီလိုဘဝမျိုး ရောက်နေတာ တောင်မှ သူ့ရဲ့ဝါသနာကို မစွန့်နိုင်သေးဘူးနော်"

"အေးကွ တာတေရ၊ ထူးတော့ တော်တော်ကိုထူးဆန်းတာနော်"

"ဟာ ကိုမင်းဒင်ရယ်၊ ထူးဆန်းပါပြီလားဗျာ"

ကျုပ်တော့ ဒါမျိုးကို တစ်ခါမှကို မကြားဖူးပါဘူးဗျာ၊ ဩော် ဒါနဲ့ ဘိုးအိုကြီးသေတ္တာထဲက ရွှေတွေ၊ စိန်တွေက. . . "

ကျုပ်ပြောမလို့ လုပ်ပြီးမှ ကိုမင်းဒင်ကို အားနာတာနဲ့ စကားရပ်ပစ်လိုက်ရတာပေါ့ဗျာ။ ဒါပေမဲ့ ကိုမင်းဒင်က ပွင့်ပွင့်လင်းလင်းသမားဗျ။

"ဟုတ်တာပေါ့ တာတေရာ၊ စောရဦးခေါင်းကိုသုံးပြီး ဘိုးအိုရွာထားခဲ့တဲ့ ပစ္စည်းတွေပေါ့ကွာ၊ ငါတို့က ပိုင်ရှင်ကို ပြန်ပေးချင်တာတောင်မှ ဘယ်မှာသွားပေးရမှာတုံး၊ ဘိုးအိုကိုယ်တိုင်တောင်မှ သူရောက်သွားတဲ့နေရာတွေက ဘယ်နေရာတွေမှန်း မသိဘူးဆိုပဲ"

"အင်း ဒါတော့လည်း ဟုတ်တာပဲဗျ၊ နို့ ဒီစောရဦးခေါင်းတြီး ကျုပ်ဆီကို ယူလာပြီး ပြတာက ဘာအတွက်တုံး ကိုမင်းဒင်"

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က နားမလည်တာနဲ့ပဲ ပွင့်ပွင့်လင်းလင်း မေးလိုက်တယ်ဗျို့။ ကိုမင်းဒင်က ကျုပ်မေးတာကို ချက်ချင်းမဖြေသေးဘဲ လက်ဖက်ကလေးစားပြီး ရေနွေးသောက်နေတယ်။ ပြီး နဂါးဆေးပေါ့လိပ်ကလေးကို ဖွာနေပြန်ရောဗျ။ ကျုပ်လည်း ကိုမင်းဒင် ယူလာတဲ့ စောရဉီးခေါင်း ဆိုတာကို တော်တော်စိတ်ဝင်စားသွားမိတယ်ဗျ။

ဒါပေမဲ့ သူဟာက တော်တော်တော့ ကြောက်စရာကောင်းသားဗျ။ ကိုမင်းဒင်က ဆေးလိပ်ဖွာပြီးတော့မှ ကျုပ်ကို ပြောတယ်။

"ဒီလို တာတေ၊ ငါ့အစ်ကို ကိုမင်းလွင်နဲ့ ငါနဲ့ တိုင်ပင်ကြတယ်။ ဒီက ဘိုးအို့ရဲ့ အိမ်ကြီးရော၊ ယာတွေရော၊ ထန်းတွေရော ဘကြီးဖိုးသောင်းနဲ့ ဒွေးလေးပုကြည်တို့ကို အပြီးပေးခဲ့မယ်။ ပြီးရင် ငါတို့ညီအစ်ကို မန္တလေးကိုပြောင်းပြီး ပွဲရုံလုပ်ငန်း လုပ်တော့မယ်၊ ငါ အခုလာတာ ဒွေးလေးပုကြည်ကို လာခေါ်တာ၊ မနက်ဖြန်ဆိုရင် ဘကြီးဖိုးသောင်းရယ်၊ ဒွေးလေးပုကြည်ရယ်၊ ငါတို့ညီအစ်ကိုရယ် မျက်နှာစုံညီ တွေ့ကြပြီး သူတို့ကို အပြီးလွှဲကြတော့မှာ"

"ဟင် ကိုမင်းဒင်တို့က ဆုံးဖြတ်ပြီးကြပြီပဲ"

"ဩော် မနက်ဖြန်ဆိုရင် ယာတွေရော ထန်းတောရော သူတို့ကို လွှဲတော့မှာကွ တာတေရ"

"နို့ ဒီစောရဉီးခေါင်းကြီးက ကိုမင်းဒင် ယူသွားမှာလား"

"ဟာ မယူပါဘူး တာတေရာ၊ ဒီအကြောင်းတွေ ငါ တစ်ယောက်ပဲ သိတာကွ၊ ကိုမင်းလွင်တောင် သိတာမဟုတ်ဘူး

ငါ အခု မင်းဆီကို လာတာက ဒီစောရဉီးခေါင်းကိစ္စပဲကွ"

"ဗျာ ကျုပ်က ဘာလုပ်ရမှာလဲ ကိုမင်းဒင်"

"ငါ ဒါကြီးကို သုံးဖို့နေနေသာသာ ယူတောင်မထားငံ့ကွ၊ ဘိုးအို ပေးခဲ့လို့သာ ယူထားရတာ၊ ကြက်သီးတဖျန်းဖျန်း ထနေတာကွ တာတေရ၊ မင်းကတော့ ဒါမျိုးတွေ စိတ်ဝင်စားတယ်ဆိုတာ ငါသိတယ်။ ဒါကြောင့် မင်းကို ငါလာပေးတာ"

"ဟာ ကျုပ်ကိုပေးမှာ ဟုတ်လား ကိုမင်းဒင်"

"အေးလေကွာ၊ မင်း ယူထားလိုက်ပါ။ မင်းသုံးချင်ရင်လည်း သုံးပေါ့၊ မသုံးချင်ရင်လည်း သိမ်းထားပေါ့ကွာ၊ ဒါမှမဟုတ် အပြီးဖျက်ဆီးပစ်ချင်ရင်လည်း ရတယ်ကွ"

"ဗျာ ဖျက်ဆီးလို့ရတယ် ဟုတ်လား"

"အေး ဟုတ်တယ် တာတေ၊ ဘိုးအို ငါ့ကို ပြောတုန်းက အဲဒီအထိပြောခဲ့တာ၊ ဒီခေါင်းခွံကို ရွာပြင်ထွက်ပြီး သချိုင်းမှာ မီးရှို့ပစ်ရမယ်၊ ဒီခေါင်းခွံကြီး မီးလောင်နေတဲ့အချိန်မှာ စောရကြီးကို ခေါ်တဲ့ဂါထာရွတ်၊ သူ ရောက်လာလိမ့်မယ်။ မင်းက သူ့ကို သွားလိုရာ သွားဖို့ ခွင့်ပြုလိုက်တဲ့အကြောင်း ပြောလိုက်ပေါ့ကွာ၊ ပြီးရင် သူ့ကို နှင်တဲ့ဂါထာကို နှစ်ဆယ့်ခုနစ်ခေါက် ရွတ်ရတယ်။ ဒါဆိုရင် သူလွတ်သွားရောတဲ့ကွ၊ ကဲ ဘယ်လိုလဲ၊ မင်း ယူထားမယ် မို့လား။ ငါ တခြားသူတွေလက်ထဲတော့ မပေးချင်ဘူးကွာ၊ မင်းက အတွေ့အကြုံများတဲ့သူဆိုတော့ လုပ်သင့်တာ မလုပ်သင့်တာ မင်း ဘာသာ ချင့်ချိန်ပြီး ကြည့်လုပ်ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းဒင်က သူ့အဘိုး ဦးအို တစ်သက်လုံး လျှို့ဝှက်ထားတဲ့ကိစ္စကို တစ်ခုမကျန် ကျုပ်ကို ပြောပြပြီး စောရဦးခေါင်းလို့ခေါ်တဲ့ မှော်အစီအရင်ပစ္စည်းကို တကယ်ပေးနေတယ်ဆိုတာ ကျုပ်သိတယ်။

ဒီပစ္စည်းဟာ တော်တော်ကို ထူးဆန်းပြီး အဖိုးတန်မှန်း ကျုပ်သိပါတယ်။ ဒါပေမဲ့ ကျုပ်လည်း ဒါကြီးကို နည်းနည်းတော့ ကြောက်သားဗျ။ နောက်ဆုံးတော့ ကျုပ် ဆုံးဖြတ်လိုက်တယ်။ ဒီလောက်ထူးဆန်းတဲ့ ပစ္စည်းကို ကျုပ် ယူထားလိုက်မယ်ပေါ့ဗျာ။

"ကဲ ကိုမင်းဒင်၊ ခင်ဗျားအဘိုး ဦးအို့ရဲ့ အင်မတန်ထူးဆန်းတဲ့ စောရဦးခေါင်းကြီးကို ကျုပ် ယူထားလိုက်ပါ့မယ်ဗျာ"

"ဟာ အဲဒီလိုလုပ်စမ်းပါ တာတေရာ။ အခုမှပဲ ငါ့ရင်ထဲက အလုံးကြီး ကျသွားတော့တယ်၊ ကဲ ရော့ကွာ၊ မင်းကို အပြီးအပိုင်လိုက်ပြီ"

ကိုမင်းဒင်က ဝမ်းသာအားရနဲ့ သူ့ရဲ့စောရဦးခေါင်း ထည့်ထားတဲ့ သေတ္တာပြားပြားကလေးကို ကျုပ်လက်ထဲ ထည့်လိုက်ရောဗျို့။

"ရော့ တာတေ၊ ဒီပုဆိုးလေးနဲ့ ပတ်ထား၊ အဲဒါ ငါ့ပုဆိုးလေးကွ၊ အမှတ်တရပေါ့ကွာ"

ကိုမင်းလွင်က အဲဒီလိုပြောပြီးတော့ သူ့အိတ်ကပ်ထဲကို နှိုက်ပြီး စမ်းနေတယ်ဗျ။

"ရော့ ဒါလေးလည်း ငါ့ရဲ့အမှတ်တရ လက်ဆောင်လို့

သဘောထားပြီး ယူထားလိုက်ပါကွာ"

"ဟင် ဘာတုံးဗျ၊ ကိုမင်းဒင်"

အို ရွှေဒင်္ဂါးပြားလေးပါလား၊ ကျော့ဘုရင်ပုံနဲ့ဗျ။

"ယူပါ တာတေရ၊ ငါတို့ညီအစ်ကိုက ဒီတစ်ရက် နှစ်ရက် အတွင်း သွားကြတော့မှာ"

ကျုပ် ကိုမင်းဒင်ပေးတဲ့ ရွှေဒင်္ဂါးပြားလေးကို ယူလိုက်တယ်။

အဲဒီညက ကိုမင်းဒင် ကျုပ်နဲ့ စကားပြောနေလိုက်တာ သန်းခေါင်လောက်ရှိတော့မှ သူ့ခွေးလေး မပုကြည်တို့အိမ်ကို ပြန်သွားတယ်ဗျ။

ကျုပ်ကတော့ သူပေးခဲ့တဲ့ ဒင်္ဂါးတစ်ပြားနဲ့ စောရဦးခေါင်း သေတ္တာကလေးကို လုံလုံခြုံခြုံ သိမ်းရတော့တာပေါ့ဗျာ။ အဲဒီညက အိပ်မက်ထဲမှာ ခေါင်းမပါတဲ့ သရဲကြီးတစ်ကောင် လိုက်တယ်လို့ အိပ်မက်မက်လို့ ကျုပ်ဖြင့် ပြေးလိုက်ရတာ၊ အိပ်မက်ထဲမှာ ဟောဟဲကိုလိုက်ရောဗျို့။

တစ်ပတ်လောက်ကြာတော့ အရိုးပုကြည် ကျုပ်ကို လာပြောတယ်။ ကိုမင်းဒင်တို့ညီအစ်ကို မန္တလေးကို ပြောင်းသွားတဲ့ အကြောင်း၊ ကျုပ်ကို နှုတ်ဆက်သွားကြောင်းပေါ့ဗျာ။

ကျုပ်လည်း ဒီလိုနဲ့ နေလာလိုက်တာ သုံးလလောက်ကြာတော့မှ စောရဦးခေါင်းအကြောင်းကို ထိုင်ပြီးတွေးမိတော့တယ်။ ဒါကြီးကို ကျုပ် ဘာလုပ်ရမှာတုံး။ ဒီအတိုင်း သိမ်းထားရမလား၊ ဒါမှမဟုတ်ရင်လည်း ဖျက်ဆီးပစ်လိုက်ရမှာလားပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ထူးဆန်းတဲ့ ပစ္စည်းကို ဖျက်ဆီးပစ်ရမှာကလည်း တော်တော်ကို နှမြောဖို့ကောင်းတာဗျာ။

အဲဒီညက ဝိုင်းထဲမှာ ကျုပ်တစ်ယောက်တည်း ဆေးလိပ် ဖွာရင်း တွေးနေမိတယ်။

နောက်ဆုံးတော့ ကျုပ်ဆုံးဖြတ်လိုက်တယ်။ သူတစ်ပါး ပစ္စည်းကို ခိုးဝှက်ပြီးတော့ ကျုပ် အသက်မရှင်ချင်ဘူးဗျာ။ နောက်ပြီး ဂျပန်က ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခဲ့တဲ့ စောရကြီးကိုလည်း တျုပ် သနားတယ်။ သူ့ကို လွတ်ရာကျွတ်ရာ သွားစေချင်တယ်။ တကယ်လို့ စောရကြီးက အကုသိုလ်ကြီးလို့ မကျွတ်လွတ်နိုင်သေးရင်တောင် သူ့ဘဝမှာ နောက်ထပ်အကုသိုလ်တွေ ထပ်မပိုစေချင်တော့ဘူးဗျာ။ ဒါ ကျုပ်ရဲ့ ပကတိစေတနာပါ။

ဒီတော့ စောရဉီးခေါင်လို့ခေါ်တဲ့ မှော်အစီအရင်ကြီးကို ကျုပ် ဖျက်ဆီးပစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ ကျုပ်က တာတေလေဗျာ။ စပ်စုကြည့်ချင်တဲ့ ကျုပ်ရဲ့ဝါသနာကိုတော့ မချိုးနှိမ်နိုင်ဘူးဗျ။ စောရဉီးခေါင်းကြီးကို မဖျက်ဆီးခင်မှာ တစ်ခါတော့ ကျုပ် စမ်းကြည့်ချင်တယ်။ ကိုမင်းဒင်ရဲ့ အပြောလောက်နဲ့ ကျေနပ်မနေဘဲ တကယ်ဟုတ် မဟုတ် ဆိုတာကို ကျုပ်ကိုယ်တိုင် ကြုံကြည့်ချင်သေးတယ်ဗျ။ ဆေးလိပ်တိုကလေးကို မြေပေါ်မှာ ထိုးချေလိုက်တယ်။

ဆောင်းကုန်တော့မှာဆိုပေမဲ့ အေးတုန်းဗျ။ အဘနဲ့ အမေလည်း စောစောအိပ်ရာဝင်သွားကြပြီ။

ကျုပ်အိမ်ပေါ်ကို ခြေသံမကြားအောင် တက်ခဲ့တယ်။ ပြီးတော့ ကိုမင်းဒင်ပေးခဲ့တဲ့ သေတ္တာပြားကလေးကိုဖွင့်ပြီး စောရဉီးခေါင်းကို ထုတ်ယူလိုက်တယ်။ ရှော်ကြိုးတစ်ချောင်းရှာပြီး စောရဉီးခေါင်းကို ကျုပ် ချက်ပေါ်မှာအုပ်ပြီး ရှော်ကြိုးနဲ့ ချည်လိုက်တယ်။ ကျုပ်ဝတ်နေကျ အညာဖျင်ကြမ်းအင်္ကျီ ဝါကျင့်ကျင့်ကလေးကို အပေါ်က ထပ်ဝတ်လိုက်တာပေါ့ဗျာ။

အဘနဲ့ အမေ မသိအောင် ခြေဖွနင်းပြီး ဝိုင်းထဲကို ဆင်းလာခဲ့တယ်။ တိုရက်တွေကတည်းက သေတ္တာကလေးထဲမှာ ကိုမင်းဒင် ရေးထည့်ထားတဲ့ အခေါ်ဂါထာနဲ့ အနှင်ဂါထာ ဆိုတာတွေကို ကျုပ် ကျက်ထားပြီးသားဗျ။ နှုတ်တက်ရနေပြီ။

ညဆယ့်တစ်နာရီလောက်တော့ ရှိပြီထင်တယ်။ ရွာထဲက လူသူလေးပါး အရိပ်အခြည်ကို ကျုပ် တစ်ချက်ကြည့်တယ်။ အားလုံးကတော့ တိတ်ဆိတ်နေတာပဲဗျ။

တစ်ရွာလုံးလည်း အိပ်ကုန်ကြပြီဗျို့။ သူများ အိပ်ပေမဲ့ မအိပ်နိုင်တာကတော့ အင်မတန် စပ်စုချင်တဲ့ တာတေတစ်ယောက်ပဲ ရှိမှာပေါ့ဗျာ။

ကျုပ်ရွတ်ပြီး အခေါ်ဂါထာကို ကျုပ်ရွတ်လိုက်ပြီဗျို့။ ကိုမင်းဒင် ပြောတာတော့ ခုနစ်အုပ် ရွတ်ရမှာဆိုပဲ။ ခုနစ်အုပ်ဆိုတာ ခုနစ်ခေါက်ကို ပြောတာဗျ။

တစ်အုပ်၊ နှစ်အုပ်၊ သုံးအုပ်. . . ၊ ခုနစ်အုပ် ပြည့်ပြီ။ ခုနစ်အုပ်ပြည့်ပြီဗျို့။ ဟာ လာပြီဗျို့၊ လာပြီ။ ကျုပ်ရှေ့မှာ ရိုက်ကနဲ

www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာတာဗျာ။ မည်းမည်းအရိပ်ကြီးဗျ။ အရပ်ကြီးက ခုနစ်ပေ လောက်တော့ ရှိမယ်။ ကျွပ်က ကိုမင်းဒင် မှာခဲ့တဲ့အတိုင်း ပြောရ တာပေါ့ဗျာ။

"စောရကြီးရေ၊ ကျွပ်တော့ အသုံးအစား ကျပ်နေပြီဗျို့၊ ကျွပ်ကို ကြည့်လုပ်ပေးဦး"

ဟော စောရကြီးရဲ့ အရိပ်မည်းမည်းကြီးက ဝိုင်းပေါက်ဝ ကို ချာကနဲ လှည့်ထွက်သွားတယ်။ ကျွပ်က သူ့နောက်က လျှောက် လိုက်သွားတယ်။

ကိုမင်းဒင် ပြောသလိုဆိုရင် ကျွပ်ကိုယ်ပျောက်နေပြီပေါ့ ဗျာ။ ဒါပေမဲ့ ကျွပ်ကိုယ်ပျောက် မပျောက် ဆိုတာကို ကျွပ်က ဘယ်လိုမှ မသိနိုင်ဘူးလေဗျာ။

အရိပ်မည်းကြီးက ရှေ့ကသွား၊ ကျွပ်က နောက်ကလိုက် ပေါ့ဗျာ။ တစ်နာရီလောက်တော့ ရှိလောက်ပြီဗျ။

ဟာ ရှေ့မှာ မြို့ကြီးတစ်မြို့ဗျ။ မီးတွေမှ လင်းထိန်နေတာပဲ ဗျို့။ ဟာ ကျွပ်မြို့ထဲကို ရောက်နေပါရောလားဗျ။ ဟာ ဒါ မန္တလေး ဗျ။ ကျွပ် မန္တလေးကို ရောက်နေတာ။ ကျွပ်တို့ရွာနဲ့ မန္တလေးက ကားနဲ့လာရင်တောင် လေးနာရီတော့ အနည်းဆုံးပဲဗျ။

အခုလမ်းလျှောက်လာတာ တစ်နာရီပဲ ကြာတယ်။ ဟော စောရကြီး လမ်းချိုးတစ်ခုထဲကို ဝင်သွားပြီဗျ။ ဟာ နှစ်ထပ်တိုက်ကြီး တစ်လုံးရှေ့မှာ ရပ်လိုက်တယ်။

"မင်းညီနောင်ပွဲရုံ" ဆိုပါလားဗျ။ ဆိုင်းဘုတ်ကြီး ချိတ်ထား

တယ်။ တိုက်ရှေ့မှာလည်း ကုန်သယ်တဲ့ လော်ရီကားကြီးတစ်စီး ရပ်လို့ဗျ။

အလို တိုက်တဲ့ခါးကြီး ပွင့်ရက်သားကြီးပါလား။ ဟော စောရကြီးရဲ့ ဝိညာဉ်မည်းမည်းကြီးက တိုက်ထဲဝင်သွားပြီ။ ကျွပ် လည်း လိုက်ဝင်လာတယ်။

အို. . . အိမ်ထဲမှာ လူတွေ အိပ်နေကြတာပဲ။ အားလုံး ယောကျ်ားချည်းပဲဗျ။ ပွဲရုံက အလုပ်သမားတွေထင်တယ်။

"ခလော၊ ခလော၊ ခလော"

ဟောက်နေလိုက်ကြတာများဗျာ။ အရိပ်မည်းကြီးက အိမ် ထဲ ဆက်ဝင်သွားတယ်။ ကျွပ်လည်း လိုက်ခဲ့တယ်။ ဟော အိပ်ခန်း ကြီးထဲကို ဝင်တာဗျို့။ အိပ်ခန်းထဲမှာ ညအိပ်မီးလုံးမှိန်မှိန်လေး ထွန်းလို့ဗျ။

ကုတင်နှစ်လုံးပေါ်မှာ လူတစ်ယောက်စီ အိပ်နေတာဗျ။ ကျွပ်လည်း ဇာခြင်ထောင်ပါးပါးကလေးထဲက အိပ်နေတဲ့ လူတွေကို တစ်လှည့်စီ ကြည့်လိုက်တယ်။

"ဟာ"

ကျွပ် ယောင်အော်မိတော့မလို့ဗျို့။ ကိုမင်းဒင်ပါလား။ ဆိုဘက်က ကုတင်ပေါ်မှာ အိပ်နေတာက ကိုမင်းလွင်ပဲ။ လက် သေတ်တော့ 'မင်းညီနောင်ပွဲရုံ' ဆိုတာ သူတို့ညီအစ်ကိုရဲ့ ပွဲရုံပဲကိုး။ ဖြစ်မှ ဖြစ်ရလေဗျာ။

နောက်ကို ကျွပ်လှည့်ကြည့်လိုက်တော့ အရိပ်မည်းမည်း

www.burmeseclassic.com

www.burmeseclassic.com

ကြီးက ရပ်နေတယ်။ သူ့ဘေးမှာကတော့ တံခါးကြီးပွင့်နေတဲ့ မီးခံသေတ္တာတစ်လုံးဗျ။ အို. . . အထဲမှာ ငွေတွေရော၊ ရွှေတွေ၊ စိန်တွေရောဗျာ။ ညအိပ် မီးလုံးရောင်နဲ့ တဖျတ်ဖျတ်ကို လက်နေတာဗျို့။

ဩော်. . . ဘိုးအို့ ပေးခဲ့တယ်ဆိုတဲ့ ရတနာတွေပါလားလို့ ကျွပ် တွေးလိုက်မိတယ်။ အရိပ်မည်းကြီးက ကျွပ်ကို ကြည့်နေတဲ့ ပုံပဲဗျ။ ကျွပ် ဒါတွေ မယူချင်ဘူး။ ဒါပေမဲ့ မယူရင် စောရင်ကြီးက စိတ်ဆိုးပြီး ကျွပ်ကို တစ်ခုခုလုပ်လိုက်မှာလည်း ကြောက်တယ်ဗျာ။

ဒီတော့ ကျွပ်မီးခံသေတ္တာထဲက ငွေစက္ကူတစ်ရွက် ယူတယ်။ ပြီးတော့ ရွှေဒင်္ဂါးတစ်ပြား။ ကိုမင်းဒင် ကျွပ်ကို ပေးခဲ့တဲ့ ဒင်္ဂါးမျိုးပဲဗျ။ ကိုမင်းဒင်တို့ မီးခံသေတ္တာကို ကျွပ် ပြန်ပိတ်ပေးလိုက်တယ်။ ဒီတော့မှ စောရင်ကြီးရဲ့ ဝိညာဉ်မည်းမည်းကြီးက ကျေနပ်ပြီး ရှေ့က ထွက်သွားတယ်။ ကျွပ်လည်း သူ့နောက်က လိုက်ခဲ့ရောဗျို့။

မန္တလေးလမ်းတွေကို ဖြတ်လျှောက်သွားတာတော့ ကျွပ် သိလိုက်တယ်။ သိပ်မကြာဘူးဗျ၊ ကျွပ်တို့ရွာကို ပြန်ရောက်နေတယ်။ ကျွပ်တို့ဝိုင်းထဲရောက်တဲ့အထိ စောရင်ကြီးက ပြန်ပို့တယ်။

ကျွပ်လည်း သူ့ကို ပြန်ခိုင်းတဲ့ အနှင်ဂါထာကို ရွတ်လိုက်တယ်။ ဟာ ပျောက်သွားပြီဗျို့။ ချက်ချင်းကို ပျောက်သွားတာ။

ကျွပ်လည်း ဇိုက်မှာကပ်ထားတဲ့ စောရဲဦးခေါင်းကို ဖြုတ်ပစ်လိုက်တယ်။ ဝိုင်းထဲမှာ ကျွပ်တစ်ယောက်တည်းဗျ။

ကျွပ်ဖြင့် အော်သာရယ်ပစ်လိုက်ချင်တော့တယ်ဗျာ။ စောရင်ကြီးက ကိုမင်းဒင်တို့အိမ်ကို ဘာကြောင့်ခေါ်သွားတယ်ဆိုတာ

ကျွပ် တွေးလို့ကို မရဘူးဗျ။ ဒါပေမဲ့ ကျွပ်ဖြင့် ရယ်ချင်လိုက်တာဗျာ။ ဘိုးအို့ တစ်သက်လုံးစုထားတဲ့ ပစ္စည်းတွေ၊ ကျွပ် အကုန်ယူခဲ့ရင် ရတာပေါ့ဗျာ။ အဲဒီလိုသာ ယူခဲ့ရင် ကိုမင်းဒင်တို့ညီအစ်ကိုတွေ ထိုင်ငိုရုံပဲ ရှိတော့မှာပေါ့လေ။

ကျွပ်လည်း ရယ်ချင်စိတ်ကို ကြိတ်ထားလိုက်ပြီး အချိန်ဆိုင်းမနေဘဲ ရွာပြင်ကို ထွက်လာခဲ့တယ်။ စောရဲဦးခေါင်းဟာ တကယ်စွမ်းတယ်ဆိုတာ ကျွပ် ကြုံလိုက်ရပြီလေ။ တော်ပြီပေါ့ဗျာ။ စောရင်ကြီးကို ကျွပ် လွှတ်ပေးဖို့ အချိန်တန်ပြီလေ။

ထနောင်းကုန်းသခ္ဓိုင်းဇရပ်နားမှာ ကျွပ် သစ်ကိုင်းခြောက်တွေကောက်ပြီး စုပုံလိုက်တယ်။ ပြီးတော့ မီးခတ်နဲ့ ခတ်ပြီး မီးရှို့လိုက်တယ်။

ဟာ မီးတောက်တွေ ထတောက်ပြီ။ ကျွပ်ယူလာတဲ့ စောရဲဦးခေါင်ကြီးကို မီးတောက်ထဲ ပစ်ထည့်လိုက်တယ်။ ပြီးတော့ စောရင်ကြီးရဲ့ ဝိညာဉ်ကို ဂါထာရွတ်ပြီး ခေါ်လိုက်တယ်ဗျ။

ဟော ရောက်လာပြီဗျို့။ ကျွပ်နဲ့ နှစ်လဲ့လောက်မှာ ဘွားကနဲ ပေါ်လာတာဗျ။ မည်းမည်းအရိပ်ကြီးပါပဲ။ အရပ်ကြီးက ခုနစ်ပေ ရှစ်ပေလောက် ရှိမယ်ထင်တယ်။ ကျွပ်ကို ကြည့်နေပုံပဲဗျ။

"စောရင်ကြီး ကျွပ်ပြောတာကို သေသေချာချာ နားထောင်ပါ။ သင်ဟာ သေဆုံးပြီးတဲ့နောက် ဆရာတစ်ယောက်ရဲ့ မှော်အတတ်နဲ့ စီရင်လိုက်တဲ့အတွက် သင့်ရဲ့ဝိညာဉ်ဟာ လွတ်လွတ်လပ်လပ် သွားလာခွင့်မရဘဲ အနှောင်အဖွဲ့ ခံနေရတယ်။ မောင်အို

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့သူက သင့်ကို ခိုင်းစေခဲ့တယ်။

အခုတစ်ခါ သင်ဟာ ကျုပ်လက်ထဲကို ရောက်ခဲ့ပြန်ပြီ ကျုပ်က သင့်ကို နှောင်ဖွဲ့ပြီး ခိုင်းစေမှာ မဟုတ်ဘူး။ ကျုပ်က သင့်ကို လွှတ်ပေးမှာပါ။ အခု မော်စီရင်ထားတဲ့ စောရဉီးခေါင်းကို ကျုပ် မီးရှို့နေတာ သင့်အမြင်ပဲ။ ကဲ ကျုပ် သင့်ကို လွှတ်မြောက်စေမဲ့ ဂါထာ နှစ်ဆယ့်ခုနစ်အုပ် ရွတ်တော့မယ်၊ သင် စောင့်နေပါ"

ကျုပ်က ပြောပြောဆိုဆို နဲ့ အနှင်ဂါထာကို စရွတ်တယ်။ တစ်ခေါက်၊ နှစ်ခေါက်၊ သုံးခေါက်. . . . .

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ ဝူး၊ ဝူး"

ဟာ ဒါ မဖဲဝါရဲ့ခွေးကြီး အူသံဗျ။ သခ္ဓိုင်း ဟိုဘက်က ထွက်လာတာ။ မဖဲဝါ ရောက်လာပါပေါ့လား။ ဘာတွေဖြစ်မှာတုံး။ ကျုပ်ကျောထဲက စိမ့်ကနဲ၊ စိမ့်ကနဲ ဖြစ်သွားတယ်။ ဒါပေမဲ့ ဂါထာကို ကျုပ် ဆက်ရွတ်နေတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟာ နီးလာပြီဗျို့။ ခွေးအူသံကြီးက နီးနီးလာပြီ။ မဖဲဝါရဲ့ ခွေးကြီးက နွားပေါက်တစ်ကောင်လောက် ရှိတာဗျ။

ကျုပ် ဂါထာကို ဆက်ရွတ်နေတယ်။ ဂါထာရွတ်ရင်း သခ္ဓိုင်းဘက်ကို ကျုပ် ကြည့်နေတာပေါ့ဗျာ။ ဟော တွေ့ပြီဗျို့။ ဝူတွေပေါ်မှာ မဖဲဝါကြီး ရပ်နေတာဗျ။ ဆံပင်ဖားလျားကြီးခြုံလို့။ အရပ်က ဆယ်ပေလောက်ရှိတယ်။ မျက်လုံးနီနီကြီးတွေနဲ့ စောရကြီးရဲ့ ဝိညာဉ်မည်းမည်းကြီးကို ကြည့်နေတာဗျို့။ ကျုပ်ဂါထာရွတ်တဲ့

အသံကိုလည်း မဖဲဝါ ကြားနေမှာပေါ့ဗျာ။

ကျုပ်လည်း ဂါထာကို မနားတမ်းရွတ်နေတာ အုပ်နှစ်ဆယ် ကျော်လာပြီ။ နှစ်ဆယ့်တစ်၊ နှစ်ဆယ့်နှစ်၊ နှစ်ဆယ့်သုံး. . . . နှစ်ဆယ့်ခုနစ်အုပ်၊ ပြည့်ပြီဗျို့။

စောရကြီးရဲ့ ဝိညာဉ်မည်းမည်းကြီးက မြေကြီးပေါ်ကို ဒူးကြီးထောက်ချလိုက်တယ်။ ဘာလုပ်တာတုံးဆိုပြီး ကျုပ် ကြည့်နေတယ်။ ဟာ ကျုပ်ကို ကျေးဇူးတင်ကြောင်း ပြတာဗျ။ ဟော ဟော မတ်တတ်ထရပ်နေပြီ။ ကျုပ် မီးရှို့ထားတဲ့ စောရဉီးခေါင်းကလည်း အားလုံးပြာကျသွားပြီဗျို့။

ဟော မဖဲဝါကြီးက နောက်ကို ချာကနဲလှည့်ပြီး ထွက်သွားတယ်။ ဟင် စောရကြီးရဲ့ဝိညာဉ်က မဖဲဝါကြီးရဲ့နောက်က လိုက်သွားပြီဗျို့။ လက်စသတ်တော့ မဖဲဝါက စောရကြီးရဲ့ ဝိညာဉ်ကို လာပြီးခေါ်သွားတာပဲဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး"

မဖဲဝါရဲ့ နွားပေါက်တစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီးက ဆွဲဆွဲငင်ငင် အူလိုက်တယ်။

သွားပြီ။ သွားပြီ။ စောရကြီး မဖဲဝါနောက် လိုက်သွားပြီဗျို့။ ကျုပ်လည်း အခုမှ စိတ်ထဲရှင်းသွားတော့တယ်။

သူ ကျုပ်ကို မန္တလေးက ကိုမင်းဒင်တို့ညီအစ်ကိုရဲ့ ပွဲရုံကို ခေါ်သွားပြီး ဘိုးအိုကို သူရှာပေးခဲ့တဲ့ ပစ္စည်းတွေ ကျုပ်ကို ပြန်ယူ ခိုင်းတာဗျ။

www.burmeseclassic.com

www.burmeseclassic.com

ဒါကို တွေးကြည့်ရင် ကိုမင်းဒင်တို့ ကြီးပွားနေတာတွေ၊ သူ့ကို ကျေပ်ဆီမှာ ထားပစ်ခဲ့တာတွေကို စောရကြီးက ကျေနပ်ပုံ မပေါ်ဘူးဗျ။ ဒါကြောင့် သူ ရှာပေးထားတဲ့ ပစ္စည်းတွေ ကျေပ်ကို ခေါ်သွားပြီး ပြန်ယူခိုင်းတာဗျ။

ဒါပေမဲ့ ကျေပ်အံ့သြနေတာက စောရကြီးရဲ့ အစွမ်းပဲတို့။ ခဏလေးအတွင်းမှာ မိုင်ပေါင်းများစွာ ကွာဝေးတဲ့နေရာတွေကို ရောက်သွားနိုင်တာကိုတော့ ကျေပ် မအံ့သြဘဲ မနေနိုင်ဘူးဗျာ။

ခင်ဗျားလည်း ကျေပ်လိုပဲ အံ့သြနေမယ်ဆိုတာ ကျေပ် သိပါတယ်။

□□□

အရွှေဘက်ကောင်းကင်

တောင်ကျရာ

ကျေပ်တို့ရွာက ရွှေတောင်ဦးဘုရားပွဲလေ။ မနေ့ကပဲ ပြီးသွားတာဗျ။ လွတ်စည်တာတို့။ ရွာကနေ

အရွှေဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

တခြားကိုပြောင်းသွားတဲ့ လူတွေတောင် ဘုရားပွဲ လာကြတယ်။ ငယ်ပေါင်းတွေ ပြန်ဆုံကြတဲ့ပွဲပေါ့ဗျာ။ တချို့လည်း သားတွေ၊ သမီးတွေ၊ မြေးတွေ တိုးလို့တွဲလောင်းနဲ့ဗျို့။

ကျွပ်တို့လို ကာလသားအဖွဲ့ကတော့ လွတ်ပင်ပန်းတာဗျ။ ဘုရားပွဲ မရောက်ခင် နှစ်လလောက်ကတည်းက ရုပ်စုံရုပ်စုနဲ့ လုပ်နေကြရတာ။ ဇာတ်တိုက်တဲ့လူကလည်း တိုက်ပေါ့ဗျာ။ ပြဇာတ်တွေကလည်း ပါသေးသဗျ။ ဟိုရွာကပြဇာတ်၊ ဒီရွာကပြဇာတ်နဲ့ အပြိုင်ကကြတာဗျို့။ ဒီးပတ်ပြိုင်ပွဲ၊ ဦးရွှေရိုးအက၊ လက်ဖွေစိန်ခေါ်ပွဲ။ အို. . . စည်ချက်ဓာတော့ဗျာ။

ဘုရားပွဲပြီးသွားမှပဲ ကျွပ်တို့လည်း ဟင်းချိုင်တော့တာပေါ့ဗျာ။ တစ်နှစ် တစ်နှစ်ဆိုရင် ဘာများဖြစ်မလဲဆိုတာ ရင်မနေ့တာဗျ။ ဇာတ်တွေကလည်း နှစ်ဇာတ်လောက် ပါတာဗျ။ အနီးအနားရွာတွေအားလုံး ပြိုကြလာတာဆိုတော့ ပွဲက တော်တော်ကို ထိမ်းတာကလားဗျာ။

ဘုရားပွဲပြီးတော့လည်း ဇာတ်ခုံတွေဖျက်၊ ဆိုင်ခန်းတွေဖျက်နဲ့ လုပ်ကြရပြန်ရောဗျို့။ ဒါပေမဲ့ အားလုံးပျော်နေကြတာပဲဗျာ။ ကျွပ်နဲ့ ရွာကကာလသားတွေက ရွှေတောင်နဲ့ စေတီမှာ ဆင်ထားတဲ့ အလှမီးသီးတွေကို စနစ်တကျဖြုတ်ပြီး သိမ်းနေကြတယ်။ လှေကားထောင်ပြီး စေတီက မီးသီးတွေကို ကျွပ် ဖြုတ်နေတာဗျ။

"တာတေရေ ဟေ့ကောင် တာတေ
ကျွပ်နာမည်ခေါ် သံကြားလို့ ဘုရားပေါ်တက်နေရာကနေ

အောက်ကို ငုံ့ကြည့်လိုက်တယ်။

ကိုကျင်မောင်နဲ့ ကိုဘကျော်ပါလား။ ဆန်းတော့ ဆန်းသားဗျ။ ကိုကျင်မောင်က ငွေတွင်းကုန်း၊ ကိုဘကျော်က မီးလောင်ကုန်းကဗျ။ ဘယ်လို ဘယ်လိုတွေပြီး ကျွပ်ဆီရောက်လာကြတယ် မသိပါဘူးဗျာ။

"တာတေ မင်း အလုပ်တွေများနေလား၊ ငါတို့ မင်းတို့အိမ်တောင် ရောက်ခဲ့သေးတယ်၊ မင်း ဘုရားမှာရှိတယ်လို့ အရီးပြောလို့ လိုက်လာတာကွ၊ ခဏလောက် ဆင်းခဲ့ပါဦးကွ တာတေရ"

ကိုကျင်မောင်ကြီးက အသံသြသြကြီးနဲ့ ကျွပ်ကို လှမ်းခေါ်တယ်။

"ကိုကြီးတာတေ ဧည့်သည်တွေလာတာထင်တယ်၊ သွားလေဗျာ၊ ကျွပ်တို့ ဆက်လုပ်လိုက်မှာပေါ့၊ သွား သွား"

ကျွပ်နဲ့အတူတူလုပ်နေတဲ့ သိန်းဇော်တို့၊ လူကျော်တို့က ပြောတာနဲ့ ကျွန်တော်လည်း ဘုရားပေါ်က ဆင်းလာခဲ့တယ်။ ကိုကျင်မောင်နဲ့ ကိုဘကျော်က ကျွပ်ကိုပြုံးပြီး နှုတ်ဆက်ကြတယ်။ ကျွပ်လည်း ခါးတောင်းကြိုက်ထားတဲ့ ပုဆိုးကို ဖြေချလိုက်တယ်။

"ဘယ်က လှည့်လာကြတာတုံးဗျ၊ ငွေတွင်းကုန်းသားနဲ့ မီးလောင်ကုန်းသား"

"ဟား ဟား ဟား ဟား ဘယ်ကမှ လှည့်မလာဘူးကွ တာတေရ၊ ငါက မင်းဆီကို လာတာ၊ ဟောဒီကိုဘကျော်ကြီးကလည်း မင်းဆီကို လာတာတဲ့ဗျာ၊ ထနောင်းကုန်းရောက်ကာနီးမှာ

www.burmeseclassic.com

www.burmeseclassic.com

သွားဆုံတာကွ၊ ဒါနဲ့ တို့နှစ်ယောက် မင်းဆီကို အတူတူရောက်လာကြတာပေ့ါ"

"ဟင့် တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကဲ လာ လက်ဖက်ရည်သွားသောက်ကြရအောင်၊ ဦးသိန်းရွှေရဲ့ သိန်းမင်းလက်ဖက်ရည်ဆိုင်က မဖျက်သေးဘူးဗျ၊ ဒီမှာ အလုပ်လုပ်နေကြတဲ့ ကျွဲပ်တို့ကာလသားတွေ စားရသောက်ရအောင် ဖွင့်ပေးထားတာဗျ"

တောခလေ့ပေါ့ဗျာ။ မြက်ခင်းပေါ်မှာ ခုံပုကလေးတွေချပြီး ရောင်းတဲ့ဆိုင်ဗျ။ ကိုကျင်မောင်ရယ်၊ ကိုဘကျော်ရယ်၊ ကျွဲပ်ရယ် သိန်းမင်း ဆိုင်ထဲကို ဝင်လိုက်တယ်။ သူတို့လည်း ဆိုင်နောက်ပိုင်းတွေက အားလုံးဖျက်ထားပြီဗျ။ ရှေ့ပိုင်းလေးပဲ ချန်ထားပြီး ဖော်ခုံကလေးနဲ့ အလုပ်လုပ်နေတာပေ့ါဗျာ။

"ထိုင်ဟေ့ တာတေ၊ ဘာသောက်ကြမလဲ"

"ကျွဲပ်ကတော့ ချိုပေ့ါဗျာ၊ ကဲ ကိုကျင်မောင်တို့ ကိုဘကျော်တို့ မှာလေဗျာ၊ ဘယ်လိုသောက်မှာတုံး"

"ချိုပေ့ါပဲ၊ ချိုပေ့ါပဲ"

ကိုကျင်မောင်က ပြောလိုက်တယ်။

"ငါလည်း ချိုပေ့ါပဲကွ"

ကိုကြီးကျော်ကလည်း ပြောတယ်။

"အားလုံးချိုပေ့ါပဲ၊ ဦးလေးသိန်းရေ"

"အိုကေ၊ အိုကေ၊ အားလုံးအဆင်ပြေစေရမယ်"

ဦးလေးသိန်းက လက်ဖက်ရည်မဖျော် အားကြိုးကောင်း

တာဗျ၊ လူကလည်း အမြဲတမ်း ပျော်ပျော်နေတာ။ ရွာက လူငယ်တွေက သူ့ဆိုရင် လွတ်ခင်ကြတာ၊ ရွာထဲမှာလည်း သူဝိုင်းထဲမှာပဲ ဆိုင်ဖွင့်ထားတာလေ၊ ခုဟာက ဘုရားပွဲမို့ ဒီမှာလာပြီး ဆိုင်ဖွင့်တာဗျ"

လက်ဖက်ရည်ခွက်တွေ လာချတော့ ဦးလေးသိန်းက မေးတယ်။ ဘိန်းမုန့် စားဦးမလားတဲ့။ ဟုတ်တယ်ဗျ။ ဦးလေးသိန်းရဲ့ ဘိန်းမုန့်ကလည်း တော်တော်ကိုကောင်းတာဗျ။ ဘိန်းမုန့်ထဲကို ငှက်ပျောသီး ထည့်လုပ်ထားတာ။ ကျွဲပ်တို့ရွာမှာတော့ သူဘိန်းမုန့်ကို ကလေးရော လူကြီးရော ကြိုက်ကြတာဗျို့။

"ကိုကြီးဘကျော် ဘာကိစ္စများရှိနေတုံး"

လက်ဖက်ရည်သောက်နေတဲ့ ကိုကြီးဘကျော် ကျွဲပ်က မေးလိုက်တယ်။

"အေး ပြောရမှာတော့ ခပ်ဆန်းဆန်းပဲ တာတေရေ"

ကျွဲပ်တို့ပြောနေတုန်းမှာ ဦးလေးသိန်းက ဘိန်းမုန့်တစ်ပွဲနဲ့ နဂါးဆေးပေ့ါလိပ်တစ်ဗွဲ့ လာချတယ်။

ကျွဲပ်ရော ဧည့်သည်နှစ်ယောက်ရော နဂါးဆေးပေ့ါလိပ်တစ်ယောက် တစ်လိပ်စီ စောက်ယူပြီး မီးညှိကြတယ်။

"စားကြဗျ၊ ဦးလေးသိန်းရဲ့ ဘိန်းမုန့်ပူပူလေးစား ကိုကျင်မောင်"

နဂါးဆေးပေ့ါလိပ်ကလေးတွေဖွာရင်း လက်ဖက်ရည်ကလေး ဇိမ်ခံသောက်ကြတာပေ့ါဗျာ။

"ဒီလို တာတေရေ၊ ငါတို့ မီးလောင်ကုန်းမှာ ထူးထူးဆန်း

www.burmeseclassic.com

www.burmeseclassic.com

ဆန်းတွေ ဖြစ်နေလို့ကွ"

"ဟင် ဟုတ်လားဗျ၊ ကိုကြီးဘကျော်၊ ဘယ်လိုများတုံးဗျ၊ တာတေဆိုတဲ့ကောင်ကလည်း ထူးဆန်းတာဆိုရင် လွတ်စိတ်ဝင်စားတဲ့ကောင်ဗျ"

"အေး အဲဒါကြောင့် ငါ မင်းဆီကို လာခဲ့တာပေါ့ကွ၊ ဒီလိုဟေ့၊ လွန်ခဲ့တဲ့ နှစ်ညလောက်က ညဆယ့်တစ်နာရီလောက်မှာက ငါတို့ရွာထဲကို လူအုပ်ကြီး ဝင်လာတယ်"

"ဗျာ လူအုပ်ကြီး ဟုတ်လား၊ ဘယ်လောက်များလို့တုံးဗျ"

"အနည်းဆုံး လူနှစ်ဆယ်၊ အစိတ်လောက်တော့ ရှိမယ်ကွ၊ ဒါကတော့ မှန်းပြောရတာလေကွာ၊ ကြားရတဲ့အသံတွေကို မှန်းပြီး ပြောရတာကွ"

"ဟင် မှန်းပြီးပြောတာဆိုတော့ ကိုကြီးဘကျော်တို့က အဲဒီလူတွေကို မတွေ့လိုက်လို့လား"

"မတွေ့လိုက်ဘူးကွ၊ အကုန်လုံး အိပ်နေတဲ့အချိန်လေကွာ၊ ပြီးတော့ လူနှစ်ဆယ်၊ အစိတ် စကားပြောလာတဲ့ အသံဆိုတော့ နိုးတော့ နိုးသွားကြတာပေါ့၊ ဒါပေမဲ့ တစ်ခါမှလည်း ဒါမျိုးမကြားဘူးတော့ ဘာသံတွေတုံး၊ ဘယ်မှာဘာဖြစ်လို့တုံးဆိုပြီး နားစွင့်ရုံပွဲ စွင့်ကြတာပေါ့ကွာ"

"ကိုကြီးဘကျော်တို့ရွာထဲကလူတွေ မဟုတ်ဘူးလား၊ ရွာထဲက တစ်ယောက်ယောက်များ နေထိုင်မကောင်းလို့လားမှ မသိတာ"

"အေး. . . မင်းပြောသလို မဟုတ်ဘူးကွ၊ တာတေရ

နောက်နေ့မနက်ရောက်မှ ဒီသတင်းက ရွာထဲကို ပျံ့သွားတာ၊ တို့ရွာမှာက ညဆိုရင် မီးကင်းငါးခုရှိတယ်ကွ၊ အဲဒီကင်းစောင့်တဲ့ကောင်တွေ ပြန်ပြောတော့မှ ရွာကလူတွေ သိကြတာပေါ့ကွာ"

"ဟင် ဘာတဲ့တုံးဗျ"

"လူတွေ မဟုတ်ဘူးတဲ့ကွ၊ သရဲတွေတဲ့ဟေ့"

"ဗျာ. . သရဲတွေ၊ ဟုတ်ရဲ့လား ကိုကြီးဘကျော်ရာ"

"ဟာ တာတေရာ ဟုတ်ပါတယ်ဆိုမှကွာ၊ ဒီကောင်တွေလည်း လူသံတွေကြားလို့ဆိုပြီး ထထိုင်နေကြတာတဲ့ဟေ့၊ အသံတွေက တဖြည်းဖြည်းသာ နီးလာတာတဲ့၊ လူလည်း မတွေ့ရဘူးတဲ့ကွ။ နောက်ဆုံး သူတို့ကင်းတဲရှေ့က ဖြတ်လျှောက်သွားကြတာတောင် ဘာမှမမြင်ရဘူးတဲ့ကွ၊ စကားပြောတဲ့အသံတွေကတော့ ကျွက်စီကျွက်စီနဲ့ပေါ့ကွာ၊ ဒါပေမဲ့ ထူးဆန်းတာက စကားသံတွေသာ ကြားနေရတာတဲ့၊ ဘာတွေပြောမှန်း သိကိုမသိဘူးတဲ့၊ သူတို့လည်း နားထောင်တာပဲတဲ့ကွ၊ ဘာမှကို နားမလည်တာတဲ့ဟေ့၊ ဘာတွေပြောနေမှန်းကို မသိကြတာဆိုပဲ"

"ဟင် တစ်မျိုးပါလားဗျ"

ကျွဲလည်း ကိုကြီးဘကျော် ပြောတာကို တော်တော်စိတ်ဝင်စားသွားတယ်ဗျို့။

"ဟာ နေဦးကွ၊ တာတေရ၊ နောက်တစ်ခုရှိသေးတယ်၊ အဲဒီလူအုပ်ကြီး ရွာထဲဝင်မလာခင် ညနေစောင်းကတည်းက တို့ရွာထဲက ခွေးတွေ တအီအီနဲ့အော်ပြီး အိမ်အောက်တွေမှာ ကုတ်နေကြ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ သိကြပြီး ကြောက်လိုက်ကြတာကွာ တာတေရာ။ ဒီတော့မှပဲ ခွေးတွေ ဘာဖြစ်တယ်ဆိုတာ သိကြတော့တာပေါ့ကွာ၊ အခုတော့ ညအိပ်ရာဝင်ကာနီးရင် လန့်နေကြတာပေါ့ကွာ၊ နာနာဘာဝတွေများ ရွာထဲ ဝင်လာဦးမလားဆိုပြီး လန့်နေတာဟေ့"

"နို့ ကိုကြီးဘကျော်ရော ကြားလိုက်လား"

"ဟာ ကြားတာပေါ့ တာတေရ၊ ဒါပေမဲ့ စကားတွေက မကွဲပြားဘူးကွ၊ စကားတွေပြောပြီး ရွာထဲဝင်လာကြတာပဲသိတာ၊ ဘယ်လိုပဲ နားထောင် နားထောင် ဘာပြောတယ်ဆိုတာတော့ သိကို မသိတာကွ"

"အင်း. . . တော်တော်တော့ ထူးဆန်းတာပဲဗျ"

ကျွဲပလည်း နဂါးဆေးပေါ့လိပ်ကလေးကိုဖွာရင်း တွေးနေတာပေါ့ဗျာ၊ သူတို့နှစ်ယောက်လည်း ကျွဲပလိုပဲဗျ၊ ဆေးပေါ့လိပ်ကလေးတွေ ဖွာနေကြတယ်ဗျို့။

"နို့ ကိုကျင်မောင်ကကော ကျွဲပဆီကိုလာတာ ဘာကိစ္စများတုံးဗျ"

ဒီတော့မှ ကိုကျင်မောင်က ပြုံးပြီး ခေါင်းညိတ်တယ်ဗျ။

"အေး တာတေရေ၊ လူလောကကြီးမှာ ထူးဆန်းတဲ့ အကြောင်းကိစ္စတွေ ရှိနေတယ်ဆိုတာ ခုမှပဲ ငါ ယုံသွားတော့တယ်ကွာ"

"ဟင် ဘာများတုံးကွ၊ ကျင်မောင်ရ"

ကိုဘကျော်နဲ့ ကိုကျင်မောင်ကလည်း လူခင်တွေကိုးဗျ၊ တိုကျင်မောင်ကို ကိုဘကျော်က မေးတယ်။

တာကွ၊ အစကတော့ ဘာဖြစ်တယ် မသိဘူးပေါ့ကွာ။ ညရောက်လို့ အဲဒီလူတွေ ကျွက်စီ ကျွက်စီနဲ့ စကားတွေပြောပြီး ရွာထဲဝင်လာတော့ ခွေးတွေဆိုတာကွာ နေစရာကို မရှိတာဟေ့၊ အိမ်တံခါးကို လက်သည်းနဲ့လာပြီးကုတ်တဲ့ အကောင်ကကုတ်၊ တအီအီနဲ့ကို ဖြစ်နေတာ၊ လူတွေကလည်း အိပ်ပျော်နေရာက နိုးလာကြတော့ ဘာသံတွေမှန်းလည်း မသိ၊ ဒီခွေးတွေက ဘာဖြစ်နေမှန်းလည်း မသိပေါ့ကွာ၊ မနက်ရောက်လို့ ကင်းသမားတွေ ပြန်ပြောတော့မှ ညက အုပ်လိုက်ကြီး ရွာထဲကို ဝင်လာတာ လူတွေမဟုတ်ဘဲ သရဲတွေမှန်း သိကြတော့တာပေါ့ကွာ"

"နို့ နေပါဦး ကိုကြီးဘကျော်ရဲ့၊ အုပ်စုက ဘယ်ကိုသွားကြတာတုံးဗျ"

"ရွာထဲမှာ ဟိုလမ်းဝင်လိုက်၊ ဒီလမ်းဝင်လိုက် လျှောက်လုပ်နေတာပဲကွ၊ ဘာလုပ်ကြတာမှန်းတော့ မသိဘူး၊ ငါတို့ရွာမှာ ကင်းတဲ့ ငါးခုရှိတာ၊ ငါးခုစလုံးရှေ့က ဖြတ်သွားတာတဲ့ကွ"

"ဟင် ဒါဆိုရင်တော့ ရွာထဲမှာ လျှောက်လှည့်ပတ်နေတာ ထင်တယ်ဗျ"

"အေး. . . ရွာကလူတွေက ညဘက်တုန်းကတော့ အိပ်ရာက ဖြန်းစားကြီး နိုးလာတော့ လူသံတွေကြားတယ်ပဲ ထင်တာပေါ့ကွာ၊ ရွာထဲမှာ ဘယ်သူများ ဘာဖြစ်လို့တုံးပေါ့၊ အသံတွေကလည်း တဖြည်းဖြည်း ဝေးသွားတော့ ပြန်အိပ်ပျော်သွားကြတာပေါ့ကွာ၊ မနက်ကျတော့ ကင်းသမားတွေ ပြောတော့မှပဲ ဒါ နာနာဘာဝတွေ

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်က တာတေနဲ့တွေ့ဖို့ ထနောင်းကုန်းကို လာတယ်၊ ကိုဘကျော်ကလည်း တာတေနဲ့တွေ့ဖို့ ဒီကိုလာတယ်၊ ထနောင်းကုန်း ဝင်ကာနီးမှာ နှစ်ယောက်သား ဆုံကြတယ်၊ အခု ကိုဘကျော်လာတဲ့ ကိစ္စကို တာတေ့ကို ပြောပြတယ်၊ ကျုပ်ဖြင့် အံ့သြလွန်းလို့ဗျာ၊ ဘာ ပြောရမှန်းတောင် မသိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် တာတေဆီကို လာတာလည်း အဲဒီကိစ္စပဲဗျ၊ ကိုဘကျော်တို့ မီးလောင်း ကုန်းမှာ ဖြစ်တာဗျို့။ ကျုပ်တို့ငွေတွင်းကုန်းမှာလည်း ဖြစ်သွားတယ် ဗျ၊ ကျုပ်တို့က အခုညကမှဖြစ်တာ"

"ဟေ ဟုတ်ရဲ့လားကွ၊ ကျင်မောင်ရ"

"ဟာ ကိုဘကျော်ရာ ဟုတ်ပါ့ဘယ်ဆိုမှဗျာ"

"ကိုကြီးဘကျော် ပြောသလို လူအုပ်ကြီး ဝင်လာတာပဲလား ဗျ"

ကျုပ်က မေးလိုက်တော့ ကိုကျင်မောင်က ပြောသဗျ။

"ဟုတ်ပါ့ကွာ၊ အဲဒီအတိုင်းကိုဖြစ်တာ"

"နို့ ကိုကျင်မောင်ရာ၊ အဲဒီနာနာဘာဝတွေ ပြောသွားတဲ့ စကားတွေကို သေသေချာချာ ကြားလိုက်လားဗျ"

"ဟာ ကြားပါပြီလားကွာ၊ ဒီလိုကွ၊ ကိုဘကျော်တို့ မီးလောင် ကုန်းမှာ ဒီလိုဖြစ်သွားတာတော့ ငါတို့ရွာက သတင်းမကြားကြဘူး ကွ၊ ညက ဆယ့်တစ်နာရီလောက်မှာ စကားတွေ ဆူညံ ဆူညံပြောပြီး လူနှစ်ဆယ်လောက် အုပ်လိုက်ကြီး တို့ရွာထဲကို ဝင်လာတာကွ၊ ကိုဘ ကျော်ပြောတဲ့အတိုင်းပါပဲကွာ၊ ညဉ်းကတည်းက ခွေးတွေ တအီအီ

ဖြစ်နေကြတာ၊ အဲဒီအုပ်စုကြီးလည်း ရွာထဲဝင်လာရော ခွေးတင် မကဘူးဟော့၊ တင်းကုတ်ထဲက နွားတွေပါ တဖူးဖူးနဲ့ နာမူတ်နေကြ တာဟော့၊ တချို့နွားတွေက ခွာတွေလည်း ယက်နေကြတာပေါ့ကွာ"

"နို့ ငွေတွင်းကုန်းမှာရော ကင်းသမားတွေ ရှိတယ်မို့လား"

"ဟာ ရှိတာပေါ့ကွ တာတေရ၊ ကိုဘကျော်ကြီး ပြောသလို ပေါ့ကွာ၊ အဲဒီကင်းသမားတွေ ပြန်ပြောလို့ အားလုံးသိကြရတာကွ၊ ကင်းတဲရှေ့ကနေ့ ဖြတ်သွားကြတာ၊ စကားသံတွေသာ ကျွက်စီ ကျွက်စီနဲ့ ကြားနေရတာတဲ့၊ ဘာမှမြင်ရတာ မဟုတ်ဘူးတဲ့ကွ၊ ရွာထဲ မှာ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွားကြတာဆိုပဲ။ တစ်ရွာ လုံးနှံ့သွားတော့မှ ရွာထဲကနေ ပြန်ထွက်သွားကြတာတဲ့ကွ"

"ဘယ်လိုဟာတွေများတုံးဗျာ၊ သရဲ့တစ္ဆေဆိုတာ တစ်ကောင် လောက်ပဲ တွေ့ဖူးကြတာပါ၊ အခုလို အုပ်စုလိုက်ကြီး သွားလာနေ တာမျိုး ကျုပ်ဖြင့် တစ်ခါမှကို မကြားဖူးပါဘူးဗျာ"

"အေး. . မင်းလို နှံ့စပ်တဲ့လူတောင် မကြားဖူးရင် ငါတို့လို ရွာထဲက ရွာပြင်မထွက်တဲ့လူတွေက ဝိုဆိုးတော့မှာပေါ့ တာတေရ"

ကျုပ်လည်း ဘာပြောရမှန်းကို မသိတာနဲ့ နဂိုးဆေးပေါ့ လိပ်ကလေးကိုပဲ ဖိပြီးဖွာနေရတော့တာပေါ့ဗျာ၊ အဲဒီနေ့က ကိုကျင် မောင်နဲ့ ကိုဘကျော် ပြန်သွားတော့ သိမ်းစရာရှိတာတွေသိမ်း၊ ဖျက် စရာရှိတာတွေ ဖျက်ပေါ့ဗျာ၊ အလုပ်ဆက်လုပ်နေရတာပေါ့"

ကိုကျင်မောင်နဲ့ ကိုဘကျော်ကလည်း ကျုပ် ဘာမှမပြော တတ်တော့ သူတို့လည်း ဒီအတိုင်း ပြန်သွားကြရတာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားပွဲပြီးရင် အားလုံးရှင်းရလင်းရတာက သုံးရက်လောက် ကြာတာဗျို့၊ ဒီနေ့တော့ ကျွပ်လည်း ထမင်းကြမ်းကလေး စားပြီးတာနဲ့ သွားတော့မယ်လို့ ပြင်နေတာဗျ။

"တာတေ နိုးပြီလားကွ"

ဝိုင်းဝက ကျွပ်နာမည်ခေါ်သံကြားလို့ လှမ်းကြည့်လိုက်တယ်။ ဩော် ဘန်ဘွေးကုန်းက လှထွေးပါလား။ လှထွေးက ကျွပ်နဲ့ ရွယ်တူဗျ။ ဒီကောင်က မြို့ကျောင်းမှာ ကျွပ်နဲ့အတူနေဖူးတယ်။ ဒါပေမဲ့ လှထွေးက ငါးတန်းအောင်ပြီး ဆက်မတက်တော့ဘဲဗျား။ ကျွပ်ကသာ ဆယ်တန်းအထိ ဆက်နေတာ။

"ဟာ ဟော့ကောင်လှထွေး လာလေကွ"

"အေး အေး ငါက မင်း ဘုရားရောက်သွားပြီလားလို့ကွ၊ ဘုရားရောက်သွားရင်လည်း လိုက်ခဲ့မလို့ပါပဲ"

"ငါလည်း သွားမလို့ပဲကွ"

"ဟေ ဟုတ်လား၊ ဒါဆိုလည်း လုပ်လေ၊ သွားကြတာပေါ့။ ငါလည်း လိုက်ခဲ့မှာပေါ့။ နို့ မင်းအဘနဲ့ အမေရော နေကောင်းကြရဲ့လား"

"အေး ကောင်းပါတယ်ကွ"

"ဟဲ့တာတေ ဘယ်သူ လာတာတုံး"

အမေက လှထွေးအသံကြားလို့ လှမ်းမေးတာဗျို့။

"ဘန်ဘွေးကုန်းက လှထွေးပါ အမေရ"

"ဩော် လှထွေးလား၊ စောစောစီးစီးပါလား၊ အိမ်ပေါ်

တက်ခိုင်းလေ တာတေ"

"လှထွေးက ကျွပ်နဲ့ ဘုရားလိုက်မှာတဲ့ဗျ၊ သွားတော့မယ် အမေ"

"ဩော် အေးအေး၊ သွား သွား"

ကျွပ်နဲ့ လှထွေး ရွှေတောင်ဦးဘုရားကို လာခဲ့ကြတယ်။

"လှထွေး စောစောစီးစီးပါလား၊ ဘယ်သွားမလို့တုံး"

"မင်းဆီ လာတာကွ၊ တာတေရ၊ ညက ငါတို့ရွာမှာ ထူးထူးဆန်းဆန်းတွေဖြစ်လို့"

လှထွေးဆိုတဲ့အကောင်က အရပ်ပုပုကလေးဗျ။ မျက်လုံးပြူးပြူးနဲ့။ ဒါကြောင့် ကျောင်းတုန်းက ဒီကောင့်ကို ဂျပုလှထွေးလို့ ခေါ်ကြတာ။ ဘာဖြစ်လို့တုံးဆိုတော့ ကျောင်းမှာက အရပ်ရှည်ရှည်နဲ့ လှထွေးတစ်ယောက် ရှိသေးတာကိုဗျ၊ ဟိုကောင့်ကိုတော့ လောရှည်လှထွေးလို့ ခေါ်ကြတယ်။

"ဘာတုံး၊ ညက မင်းတို့ရွာထဲကို ဆူညံ ဆူညံနဲ့ စကားတွေပြောပြီး သရဲတွေ အုပ်လိုက်ကြီး ဝင်လာလို့လား"

"ဟေ မင်း ဘယ်လိုလုပ် သိတာတုံး ဟော့ကောင်"

လှထွေး တော်တော်ကို အံ့သြသွားတာဗျို့။ ကျွပ်ဖြင့် ရယ်ချင်လိုက်တာဗျာ။ ဒီကောင်က အားကြိုးရိုးတာဗျ။ ကျွပ် မဟုတ်တာတွေ လျှောက်ပြောရင်လည်း ဒီကောင် ယုံမှာ။ ဒါကြောင့် ကျွပ်မပြောတော့ပါဘူးဗျာ။

"မနေ့က ငါ့ဆီကို ကိုကျင်မောင်နဲ့ ကိုဘကျော် လာသွား

www.burmeseclassic.com

www.burmeseclassic.com

တယ်ကွ၊ ငွေတွင်းကုန်းနဲ့ မီးလောင်ကုန်းကိုလည်း အဲဒီသရဲအုပ်စု ကြီး ဝင်သွားကြပြီကွ၊ ဒါကြောင့် ငါ အဲဒါမျှားလားလို့ မေးတာပါ ကွာ"

"အေး ဟုတ်တယ်၊ ဒါဆိုရင် အဲဒါတွေပဲပေါ့၊ ညက ငါတို့ရွာ ကို ဝင်သွားတယ်ကွ"

"ရွာထဲက ခွေးတွေက တအီအီ လုပ်နေတယ်မို့လား၊ နွားတွေက တဖူးဖူးနဲ့ နှာမှုတ်ကြရောမို့လား"

"ဟာ ဟုတ်ပါ့ကွာ၊ တချို့လည်း ညက အိပ်မပျော်သေး တော့ ထွက်ကြည့်ကြတာတဲ့တဲ့ကွ၊ ရွာထဲမှာ တစ်ယောက်ယောက်များ နေထိုင်မကောင်းဖြစ်သလား ဆိုပြီးတော့ပေါ့ကွာ။ ဒါပေမဲ့ အသံတွေ ပဲ ကြားတာတဲ့ဟေ့၊ ဘာမှမြင်ရတာ မဟုတ်ဘူးတဲ့ကွ၊ တစ်ချက် တစ်ချက်တော့ ခြေသံတွေ ကြားရတယ်ဆိုပဲ၊ အကောင်အထည် တော့ မမြင်ဘူးတဲ့ကွ"

"နို့ နေပါဦး လှထွေးရ၊ မင်းတို့ရွာက ကင်းစောင့်တဲ့ဟာ တွေရော တော်တော်မှ လန့်သွားရဲ့လား"

"ညက ကင်းကျတဲ့အထဲမှာ ငါ့အစ်ကိုလှအေး ပါတယ်ကွ ကွာ"

"ဟေ ဟုတ်လားကွ၊ လှအေးရော ဘာမြင်လိုက်တုံးကွ"

"မြင်တော့ မမြင်ဘူးတဲ့ကွ၊ ဒါပေမဲ့ လှအေးက အရဲစွန့် ဓာတ်မီးနဲ့ ထိုးကြည့်တော့ လမ်းပေါ်မှာ ဖုန်တွေ တထောင်းထောင်း ထနေတာကို မီးရောင်ထဲမှာ တွေ့ရတယ်တဲ့ကွ၊ လူတွေ လ

လျှောက်သွားတာတော့ သေချာတာပေါ့ကွာ"

အဲဒီနေ့က လှထွေး ကျုပ်တို့နဲ့အတူတူ အလုပ်တွေ ကူလုပ် သွားတာဗျို့။ ညနေစောင်းမှ ပြန်သွားတာ။ ဒီကောင်က လက် သမားလေး နည်းနည်းလုပ်တတ်တော့ ဇာတ်စင်ဖျက်တဲ့နေရာမှာ ဝင်ကူလုပ်ပေးတာဗျ၊ တော်တော်အဆင်ပြေသွားတယ်။

ညရောက်လို့ ထမင်းစားပြီးရော ကျုပ်လည်း အမေနဲ့ အဘနားမှာ ကျုပ် ဝင်ထိုင်လိုက်တယ်။

"ဟဲ့ တာတေ၊ နင် သတင်းပလင်းလေးများ မကြားဘူးလား"

ဒီတော့မှ ကျုပ်က အဘနဲ့ အမေရဲ့ မျက်နှာတွေကို ကြည့် မိတာဗျ။ တစ်ခုခုကို စိုးရိမ်နေကြတဲ့ပုံပဲ။

"ဘာတုံးဗျ၊ အမေရ"

"ဟာ ရွာထဲကလူတွေ ပြောဆိုနေတာ နင် နည်းနည်းမှ မကြားဘူးလား"

"ဟာ အမေကလည်း ကျုပ်က အခုရက်ထဲမှာ မိုးလင်း တဲ့အချိန်က ရွာမြေစောက်နေတာကိုးဗျ၊ ဘာသတင်းတုံး အမေရ"

"ဟဲ့ ညဘက် ညဘက် ရွာတွေထဲကို မကောင်းဆိုးဝါးတွေ အုပ်လိုက်ကြီး ဝင်လာလို့ဆိုပဲ။ ဒီအနီးအနားက ရွာတွေမှာ အကုန် ဖြစ်နေတာတဲ့။ အဲဒါမျိုးက မကောင်းဘူး တာတေ၊ ရွာတွေမှာ ရောဂါဘယတွေ ကျတတ်တယ်"

"ဩော် အဲဒါတော့ ကျုပ် ကြားတယ်ဗျ၊ မနေ့က မီးလောင် တုန်းက ကိုဘကျော်တို့ ငွေတွင်းကုန်းက ကိုကျင်မောင်တို့ လာပြော

www.burmeseclassic.com

www.burmeseclassic.com

သွားတယ်၊ ဒီနေ့ လှထွေး အစောကြီးရောက်လာတာလည်း အဲဒီ ကိစ္စ လာပြောတာပဲ အမေရ၊ ကျုပ်က ဒီကိစ္စတော့ အမေ မကြား လောက်သေးဘူး ထင်နေတာ၊ တခြားကိစ္စများလားလို့ပါ"

"အခုညကစပြီး ရွာထဲမှာ ကင်းတိုးချမယ်လို့ ဆယ်အိမ်ခေါင်း ငပု ပြောသွားတယ်"

"အင်း ကင်းတိုးချလို့လည်း အဲဒါတွေ ရွာထဲဝင်လာရင် မြင်ရမှာ မဟုတ်ပါဘူးဗျာ"

"ဒီအနီးအနားက ရွာတွေအကုန်လုံး လန့်နေကြတယ်တဲ့ တာတေရဲ့၊ အဲဒီလို ရွာလန့်တာ မကောင်းဘူး"

အမေပြောတာကို ကျုပ် သေသေချာချာ တွေးနေတာပဲ။ ဒီသတင်းက ကျုပ်တို့တစ်ရွာလုံးကို ပျံ့သွားပြီပဲကိုး။

"ဂျပန်ခေတ်ရောက်ကာနီးတော့ ရွာတွေ အရမ်းလန့်တာက၊ ရွာထဲကို လူနိုကြီး ဝင်လာလိမ့်မယ်လို့ ပြောလိုပြော၊ ခေါင်းဖြတ်တဲ့လူက ရွာဘေးကပတ်ပြီး ချောင်းမြောင်းနေသလို ပြောလိုပြော၊ လူတွေက အလကားနေရင်းကို လန့်နေတာဟေ့"

အဘက သူကြုံခဲ့ရတာကို ပြောပြတယ်။ အမေက အဘကို ပြန်ပြောတယ်။

"ကိုရင်ဉာဏ်ရေ၊ ဇော်ပြောတာက လန့်တာကို ပြောတာ၊ အခုဟာက လန့်တာမဟုတ်ဘူးတော့၊ တကယ်ဖြစ်တာ၊ ရွာတွေထဲကို တကယ်ဝင်လာတာတော့။ လူတွေမှ အုပ်လိုက်ကြီးတဲ့။ အဲ့အဲ လူမဟုတ်ဘူး၊ နာနာဘာဝ၊ နာနာဘာဝ အုပ်လိုက်ကြီး ဝင်လာတာ

တဲ့။ စကားတွေ ပြောလာလိုက်ကြတာတဲ့ တော်ရေ၊ ကျွက်ကျွက်ကို ညံနေဆိုပဲ။ ဒါပေမဲ့ ဘာတွေပြောမှန်းတော့ မသိဘူးတဲ့"

"အင်း ငါတော့ သရဲတွေ အုပ်စုဖွဲ့ပြီး သွားလာနေတာ တစ်ခါမှ မကြားဖူးပါဘူးဟာ"

အဘနဲ့ အမေနဲ့ ပြောနေကြတာကို ကျုပ်က နားထောင်ရင်း တွေးနေမိတာပဲ့။ နောက်ထပ် ဘယ်ရွာတွေကို ဝင်မလဲလို့ တွေးနေတာ။

"အရိုး၊ အရိုး၊ အရိုးငွေစိန်"

"ဟဲ့ ဘယ်သူ ခေါ်နေတာတုံး"

"ကျုပ်ပါတော့၊ တောင်ဘက်ဝိုင်းက ခင်စိန်ပါ"

"ဟေ ခင်စိန် ဘာတုံးဟဲ့၊ ဘာထူးလို့တုံး"

"အရိုးရေ ကျုပ်တို့အိမ်က ခွေးတွေရော၊ ရွာထဲက ခွေးတွေပါ တအီအီနဲ့ အော်နေကြတယ်တော့၊ ကျုပ်တို့အိမ်က ခွေးနိုကြီးက ကြောက်ပြီး အတင်းအိမ်ပေါ် တက်လာလို့ အိမ်ထဲ ထည့်ထားရတယ်တော့"

"ဟေ ဟုတ်လား၊ တံခါးဝိတ်ထားစမ်း ခင်စိန်၊ နင့်ကလေးတွေရော အိမ်မှာ ရှိကြရဲ့လား"

"ရှိတယ် အရိုး၊ ရှိတယ်၊ တစ်အိမ်လုံး အိမ်မှာရှိတယ်"

"အေး အေး၊ ဒါဆိုရင် တံခါးတွေဝိတ်တော့၊ ဝိုင်းတံခါးပါ ဝိတ်ဟေ့"

"ဟုတ်ကဲ့၊ အရိုး၊ ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ရှူး၊ ရှူး၊ ဖူး၊ ဖူး၊ ဖူး"

"ဟဲ့တာတေ၊ ဒါ ဘာသံတုံး"

"ကျုပ်တို့နွားတွေဗျ၊ နှာမှုတ်နေတာ၊ တဖူးဖူးနဲ့"

"ဟေ ဒါဆိုရင် တစ်ခုခုတော့ ဖြစ်တော့မယ်ထင်တယ်"

အမေက မျက်နှာပျက်ပျက်နဲ့ ပြောတယ်ဗျ။

ကျုပ်ကတော့ ကျုပ်အကြံနဲ့ ကျုပ်ပေါ့ဗျာ။ ကျုပ်အခန်းထ
ဝင်ပြီး မျက်ကွင်းဆေးကိုသွေးပြီး ကွင်းလိုက်တယ်။ ဒါဆို ကျ
မြင်ရပြီပေါ့ဗျာ၊ သရဲဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ်၊ နာနာဘာဝမှန်သ
ကျုပ်တွေ့ရပြီလေ။ သစ်စုန်းဆေးတော် ထည့်ထားတဲ့ ကတ္တီပါအိ
ကလေးကို လည်ပင်းမှာ ဆွဲထားလိုက်တယ်။ ပြီးတော့ အိမ်ရှေ့ခန်
ကို ထွက်လာခဲ့တယ်။

"ဟာ ဒါက ဘယ်တုံး"

အမေက ကျုပ်ကိုမေးတယ်။ အဘကတော့ ကျုပ်ကို ပြုံး
ကြည့်နေတယ်ဗျ။

"ငွေစိန်ရယ် တာတေပါဆိုမှ စဝ်စုတော့မှာပေါ့ဟာ"

"စဝ်စုတာက အရေးမကြီးဘူး ကိုရင်ဉာဏ်ရဲ့၊ ခုဟာ
ဘတွေမှန်း သိတာမဟုတ်ဘူး၊ ပြီးတော့ အုပ်စုလိုက်ကြီး လာမှ

"အမေ ဘာမှမစိုးရိမ်နဲ့၊ ကျုပ် စုံစမ်းရုံပဲဗျ၊ ဘာမှလုပ်
မဟုတ်ဘူး"

ပြောပြောဆိုဆိုနဲ့ ဝိုင်းထဲကို ဆင်းလာခဲ့တယ်။ အမေ
တော့ တံခါးထပိတ်လိုက်တယ်။ ကျုပ်က မန်ကျည်းပင်ကြီးအော

က သစ်သားကွပ်ပျစ်ပေါ်မှာထိုင်ပြီး နဂါးဆေးပေါ့လိပ်ကလေးကို
မီးညှိလိုက်တယ်။

ဆေးလိပ်ကလေးဖွာရင်း ဟိုတွေး သည်တွေး တွေးနေမိ
တာပေါ့ဗျာ။ လူခြေတိတ်သွားပြီ။

"အီ၊ အီ၊ အီ၊ အီ"

ဟော ဒါ တောင်ဘက်ဝိုင်းကခွေးကြီး ကြောက်ပြီး တအီ
အီနဲ့ အော်နေတဲ့အသံဗျ။

"ဖူး၊ ဖူး၊ ဖူး၊ ဖူး"

ဟော ဒါက ကျုပ်တို့နွားနီကြီးတွေ နှာမှုတ်နေတာဗျ။
ကောင်းဆိုးဝါးတွေရဲ့ အငွေ့အသက်ကို ကြိုရနေလို့နဲ့ တူပါရဲ့ဗျာ။
တိရစ္ဆာန်မှာလည်း သူသဘာဝနဲ့သူ ရှိတာဗျ။ လူတွေ မခံစားနိုင်တဲ့
အာရုံကို သူတို့က ရကြတာ။

ညဆယ်နာရီလောက် ရှိပြီထင်တယ်။

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း၊ အား၊ အား၊ အား၊ အား"

ဟော အိပ်တန်းတက်နေတဲ့ ကျီးတွေ ပျိုတာဗျ။ ကျုပ်
တောင် ကြက်သီးတွေ ထသွားတယ်။ ကင်းတဲတွေမှာ ကင်းစောင့်နေ
တဲ့ ကောင်တွေတော့ ခုလောက်ရှိ အတော်ကြောက်နေလောက်ပြီဗျ။

ကျုပ်ဆေးပေါ့လိပ်ကလေးကို မီးငြိမ်းလိုက်တယ်။ ပြီးတော့
ဝိုင်းဝကို ထွက်လိုက်တယ်။ ဝိုင်းဝက မန်ကျည်းပင်နောက်မှာ ကျုပ်
အသာကပ်ရပ်နေလိုက်တယ်။

ဟော လာကြပြီဗျို့။ အို. . လူသံတွေမှ ဆူညံနေတာပဲဗျာ။

www.burmeseclassic.com

www.burmeseclassic.com

ခြေသံတွေလည်း ကြားနေရတာပဲကိုး။

ဟော အသံတွေ ဝေးသွားပြီဗျ။ ရွာရှေ့ပိုင်းကို ရောက်သွားတယ်ထင်တယ်။ ကျုပ် အသာကလေးငြိမ်ပြီး စောင့်နေလိုက်တယ်။ အသံတွေ ပျောက်သွားတာဗျ။ ကျုပ်တို့ တောင်ဘက်လမ်းကနေ သွားတာထင်တယ်။

ဟော ကြားပြီ။ ကြားပြီ။ ဟာ ဒီတစ်ခါတော့ ကျုပ်တို့လမ်းထဲကို ဝင်လာတာတို့။ ဟော ခြေသံတွေ ကြားနေရပြီ။ အို. . စကားပြောသံတွေက ပိုပိုကျယ်လာတယ်ဗို့။ ကျုပ် သေသေချာချာ နားစိုက်ပြီးထောင်ကြည့်တယ်။ ဘာတွေပြောနေကြမှန်း မသိဘူးဗျ။ အသံသာ ကြားနေရတာ။ ဘာတွေပြောနေမှန်းကို မသိတာဗျ။

ဟာ ဖုန်တထောင်းထောင်းထအောင်ကို လျှောက်နေတာဗို့။ ကျုပ်တို့ဝိုင်းနဲ့ နီးလာပြီ။ နီးလာပြီ။ ကျုပ်က မန်ကျည်းပင်ကြီးကွယ်ပြီး သေသေချာချာကို ကြည့်နေတာဗျ။ ဟော မြင်ပြီ။ မြင်ပြီ။

ဟင် ဘယ်နှာတွေတုံးဗျ။ ရှေ့ဆုံးက မိန်းမကြီးဗျ။ ကန်တော့ပွဲတစ်လုံးရွက်လို့ပါလား။ ဟင် လူတွေအားလုံးက ဝတ်ကောင်းစားလှတွေ ဝတ်လို့ဗျ။ အကုန်လုံး သစ်သစ်လွင်လွင်တွေ ဝတ်ထားကြတာ။ လူအစိတ်လောက် ရှိမယ်ထင်တယ်။ စကားတွေ တဖောင်ဖောင်ပြောပြီး ကျုပ်တို့ဝိုင်းရှေ့က လျှောက်သွားကြပြီဗို့။ ယောကျ်ားဆယ်ယောက်၊ မိန်းမ ဆယ်ယောက်နဲ့ ကလေး လေးငါးယောက်ပါတယ်ဗျ။

ကျက်စီ ကျက်စီနဲ့ပြောပြီး သွားလေရဲ့။ ရွာထဲကို ဘယ်

လောက်ကြာအောင် လှည့်ပတ်နေကြမလဲတော့ မသိဘူးဗို့။ ရှေ့ဆုံးကမိန်းမကြီးကလည်း ကန်တော့ပွဲကြီး ရွက်လို့ဗျ။

ကျုပ်လည်း ဘာဆိုတာ မတွေးတတ်တော့ဘူးဗို့။ ပုံကြည့်ရတာတော့ အလှူတို့ မင်္ဂလာဆောင်တို့ လာတာပဲဖြစ်မယ်ထင်တယ်။ သရဲမင်္ဂလာဆောင်လို့တော့ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါဘူးဗျာ။

နောက်နေ့ရောက်တော့ ရွာထဲမှာ ခေါင်းချင်းဆိုင်ပြီး တိုးတိုး တိုးတိုးနဲ့ လုပ်ကြတော့တာပေါ့ဗျာ။ ကျုပ်ဆီကိုလာပြီး မေးကြမြန်းကြနဲ့ ကျုပ်လည်း ကြည့်ပြောရတော့တာပေါ့ဗျာ။ ကျုပ်မြင်တာ တွေ့တာတွေကို အကုန်ပြောလို့တော့ ဘယ်ဖြစ်မလဲဗျာ။

ရွာထဲမှာတော့ ကျုပ် ဘာပဲခိုင်းခိုင်း မငြိုငြဲ လုပ်ကိုင်ပေးတဲ့ ကျောက်ခဲနဲ့ သံမဏိကို ကျုပ် သွားခေါ်လိုက်တယ်။ ပြီးတော့ ဒီည ကျုပ်လုပ်မဲ့ အစီအစဉ်ကို သူတို့နှစ်ယောက် အကူအညီနဲ့ ကြိတ်ပြီး လုပ်ရတာပေါ့ဗျာ။ အမေကတော့ ကျုပ် တစ်ခုခုလုပ်နေပြီဆိုတာကို သိတာပေါ့ဗျာ။

ညနေစောင်းတော့ ကျုပ်တို့မှာ တစ်ပိဿာကျော်ကျော် လောက်ရှိတဲ့ ကြက်တစ်ကောင် ချက်ပြီးပြီဗျ။ ထမင်းက ဆန်ဘူးစပြည်ချက်ထားပြီး ထမင်းထုပ်ဖို့ ငှက်ပျောဖက်တွေကလည်း အဆင်သင့်ဗျ။ ဒီလောက် ထူးဆန်းတဲ့ကိစ္စကြီး ဖြစ်နေတာ မဖဝါက ဘွဲ့ရင် ဒီအကြောင်းကို ဘယ်သူသိမှာတုံးဗျာ။

မိုးချုပ်စမှာ ကျောက်ခဲ ပြန်ရောက်လာတယ်။ ငွေကြင်း

www.burmeseclassic.com

www.burmeseclassic.com

ကုန်းက နတ်ဝင်သည် ဒေါ်ထွန်းကို ခေါ်ခိုင်းလိုက်တာဗျ။

"ဘယ်လိုတုံးကွ၊ ကျောက်ခဲရဲ့ အဆင်ပြေရဲ့လား"

ကျုပ်က ဆီးကြိုမေးလိုက်တယ်။ ကျောက်ခဲက ကျုပ်အနား ရောက်မှပြောတယ်"

"ပြေတယ်ဗျ ကိုကြီးတာတေ၊ ဒေါ်ထွန်းက သူ့အသိအိမ် ခဏဝင်ဦးမယ်ဆိုပြီး ဝင်နေခဲ့တယ်၊ ပြီးရင် လာလိမ့်မယ်"

"ဟေ ဟုတ်လား၊ ဘယ်သူ့အိမ်တုံးကွ"

"မြောက်ဘက်ခရိုးကို ကျောပေးပြီး ဆောက်ထားတဲ့အိမ် လေဗျာ"

"ကိုစံမောင်တို့အိမ်ပါကွ၊ အေး ဟုတ်သားပဲ၊ ကိုစံမောင် မိန်းမ မလုံးတင်က ဒေါ်ထွန်းတူမကွ၊ ညောင် ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဆို ငါတို့ ထမင်းထုပ် ထုပ်တော့မှပေ့"

ကျုပ်နဲ့ ကောင်လေးနှစ်ယောက်နဲ့ ထမင်းထုပ် ထုပ်ကြရ တာပေါ့ဗျာ။ ဆန်တစ်ပြည်ချက်ထမင်းကို ငှက်ပျောဖက်မှာဝိုင်းပြီး အပေါ်က ကြက်သား တစ်အိုးလုံး လောင်းထည့်လိုက်ပြီးမှ ငှက်ပျော ဖက်ကို သေသေချာချာထုပ်ပြီး ထမင်းတောင်းထဲ ထည့်ရတာပေါ့ ဗျာ။

ဒေါ်ထွန်း ရောက်လာတော့ အိမ်ပေါ်တက်ပြီး အမေတို့ အဘတို့နဲ့ စကားပြောသေးတာဗျ။ ညရှစ်နာရီလောက်ရောက်တော့ ကျုပ်ရယ်၊ ကျောက်ခဲနဲ့ သံမဏိရယ်၊ ဒေါ်ထွန်းရယ် ထနောင်းကုန်း သခ္ဘိုင်းထဲကို ရောက်လာခဲ့ကြတယ်။

ကျုပ်က အုတ်ဂူအကြီးကြီးပေါ်မှာ ထမင်းထုပ်ကို ဖြန့်ခင်း တယ်။ သံမဏီယူလာတဲ့ ကြေးဖလားကြီးကို ဂူပေါ်တင်လိုက်တယ်။ ဖလားကြီးထဲမှာ ရေက အပြည့်ဗျ။

ဂူရှေ့က မြက်ခင်းကလေးပေါ်မှာ ဒေါ်ထွန်းက ကြုံကြိုံ ကလေးထိုင်လိုက်တယ်။ ပြီးတော့ ဆံပင်ဖားလျားကြီး ချလိုက်တယ်။ ကျုပ် မဖဝါကို ပင့်ပြီဗျို့။

"ထနောင်းကုန်းသား ကျုပ်တာတေက အကြောင်းပြုလိုက် ပါတယ်၊ ဒီနေရာအနီးတစ်ဝိုက်မှာ ရှိကြတဲ့ မဖဝါရဲ့အရိပ်မှာ ခိုလှုံ ကြတဲ့ သရဲ၊ တစ္ဆေတို့ သင်တို့ရဲ့အရှင်မ မဖဝါကို အမြန်ဆုံး အကြောင်းပြုကြပါ၊ ဂျုပ်က စားပွဲသောက်ပွဲနဲ့ ကြိုပါတယ်ဆိုတာ အမြန်ဆုံး အကြောင်းကြားပေးကြပေတော့"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး"

ဟော ဒီတစ်ခါ အတော်ကိုမြန်တာပဲဗျ။ ချက်ချင်းကို ကြွ လာတာဗျို့။ ကျုပ်စိတ်ထင်တော့ မဖဝါ ဒီအနီးအနားမှာ ရှိနေပုံ ရတယ်ဗျ။

လေအေးကလေးတစ်ချက် ဝေ့တိုက်သွားတယ်။ ကျုပ် တောင် ကျောထဲမှာ စိမ့်ကနဲ ဖြစ်သွားတယ်ဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟော ရောက်ပြီဗျို့။ ရောက်ပြီ။ မဖဝါ ဒေါ်ထွန်းကို ဝင်ပူး လိုက်ပြီဗျ။ ဒေါ်ထွန်းက လက်ကြီးတွေ ကွေးကောက်ပြီး မတ်တတ် ကြီး ထရပ်တယ်။ ကျုပ်ကို တစ်ချက်ကြည့်တယ်။ ကျုပ်က ဂူပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com

ပြင်ထားတဲ့ ထမင်းပွဲကို လက်ညှိုးထိုးပြလိုက်တယ်။

ဟာ ခုနတက်သွားပြီဗျို့။ လွှားကနဲနေတာပါပဲဗျာ။ စားပြီ၊ စားပြီ။ ဆံပင်ဖားလျားကြီးနဲ့ ထမင်းနဲ့ဟင်းတွေ အားရပါးရကို စားတာဗျို့။

"ခလွပ်၊ ခလွပ်၊ ခလွပ်"

ဟော ကြက်သားတွေကို အရိုးရော၊ အသားပါ၊ ဝါးစားပစ်တာဗျို့။ ထမင်းပုံကြီး တစ်ဝက်လောက် လျော့သွားတော့မှ မဖဲဝါကြီးက ဆံပင်ဖားလျားကြီးကြားကနေ ကျုပ်ကို မော့ကြည့်တယ်ဗျ။ ကျုပ် ချက်ချင်းပြောပြတယ်။

"မဖဲဝါ ဒီအနီးတစ်ဝိုက်က ရွာတွေမှာ အခုတလော ညဘက် ရောက်ရင် နာနာဘာဝတွေ အုပ်လိုက်ကြီး ရွာထဲကို ဝင်လာကြတယ်၊ စကားတွေ ဆူညံနေအောင်ပြောပြီး ရွာထဲကို တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွားကြတယ်ဗျ။ ကျုပ် ဆေးကွင်းပြီးကြည့်တော့ ရှေ့ဆုံးက မိန်းမကြီးတစ်ယောက်က ကန်တော့ပွဲတစ်လုံး ရွက်ထားတယ်။ အားလုံး အဝတ်အစား တောက်တောက်ပြောင်ပြောင်တွေ ဝတ်ထားကြတာ အားလုံး လူအစိတ်လောက်ရှိမယ်။ အဲဒါ ဘာဖြစ်တာတုံးဗျ။ ရွာတွေအားလုံး လန့်နေကြပြီ"

"အဲဒါ မြောက်ဘက် ထီးဂလိုင်ရွာကလူတွေ"

ပေကုန်းက မိုးညိုရဲ့သမီး ထားကြည်နဲ့ နားဖောက်ဖို့ အလာမှာ ယင်းချောင်းကြီးကို လှည်းသုံးစီးနဲ့အဖြတ် တောင်ကျရေတွေ ဖြုန်းစားကြီး ကျလာလို့ လှည်းရော၊ နွားရော၊ လူရော ပါသွား

ပြီး အားလုံး သေကုန်တာ။ ယောကျ်ား၊ မိန်းမ၊ ကလေး အားလုံး နှစ်ဆယ့်သုံးယောက်။ လာတဲ့ကိစ္စကို စိတ်စွဲပြီး တစ္ဆေတွေ ဖြစ်ကုန်တာ။ သတို့သားလည်း ပါတယ်။ ကန်တော့ပွဲရွက်ထားတာ သတို့သားရဲ့အမေ မယ်ရင်"

"ဟာ စိတ်မကောင်းစရာပဲဗျာ၊ ကျုပ် ဘာလုပ်ပေးလို့ရမလဲ မဖဲဝါ"

"သူတို့ပေကုန်းကို လိုက်ရှာနေတာ၊ ရှာလို့မရဘူး ဖြစ်နေတယ်။ သူတို့ကို ပေကုန်းခေါ်သွား၊ နားဖောက်ခိုင်းလိုက်၊ ပြီးတော့မှ တရားနာခိုင်း၊ နားဖောက်တဲ့ကိစ္စကို စိတ်စွဲသွားလို့ တစ္ဆေတွေ ဖြစ်နေကြတာ၊ အားလုံးကျွတ်သွားကြလိမ့်မယ်"

ဟာ ကြွသွားပြီဗျို့။ မဖဲဝါက စားသောက်ပြီး ရေခွက်ကြီးကို မော့သောက်ပြီးမှ ထွက်သွားတာ။ ကျုပ်လည်း ဒေါ်ထွန်းကို သတိရအောင်လုပ်ပေးပြီး ရွာကို ပြန်ခဲ့ကြတာပေါ့ဗျာ။

နောက်နေ့ရောက်တာနဲ့ ကျောက်ခဲနဲ့ သံမဏိကိုခေါ်ပြီး မြောက်ဘက်က ပေကုန်းကို ကျုပ်တို့ ထွက်လာခဲ့တယ်။ ပေကုန်းရောက်တော့ ဦးမိုးညိုအိမ်ကို ရှာရတာပေါ့ဗျာ။

ကျုပ်လည်း အကြောင်းစုံ ရှင်းပြလိုက်တော့ အိမ်ထောင်မပြုခဲ့ရတဲ့ မထားကြည်က ငိုတော့တာပေါ့ဗျာ။

"မောင်တာတေရယ်၊ ကျေးဇူးတင်ပါတယ်ကွယ်၊ ကျုပ်တို့ ဘာလုပ်ပေးရမလဲ ပြောပါ၊ ကျုပ်တို့လည်း သူတို့တွေ ဒီလိုဖြစ်နေတာ မသိရပါဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်လည်း အားလုံးစီစဉ်ခဲ့ရတာပေါ့ဗျာ။ ဦးမိုးညိုတို့ကလည်း ကျုပ်စီစဉ်တဲ့အတိုင်း အားလုံးပြင်ဆင်ပေးမယ်လို့ ပြောကြပါတယ်။

ရွာပြန်ရောက်တော့ ကျုပ် စုံစမ်းရတာပေါ့ဗျာ။ ထီးဂလိုင်သား တစ္ဆေတွေ၊ ဘယ်ရွာတွေ ဝင်ပြီးပြီလဲ၊ ဘယ်ရွာတွေ ကျန်သေးလဲပေါ့ဗျာ။

ဟာ ကျုပ်စုံစမ်းကြည့်တော့မှ အံ့ဩသွားတာဗျို့။ သူတို့တွေ ရွာအားလုံး ဝင်သွားပြီးပြီ။ တစ်ရွာပဲ ကျန်တော့တာဗျ။ အဲဒါက ဝက်စုဗျ။ ကျုပ်တို့ရွာ မြောက်ဘက်ပဲ။ တကယ်က ပေကုန်းက ကျုပ်တို့ရွာအုပ်စု မဟုတ်ဘူး။ မြောက်ဖျားစုထဲက ရွာတစ်ရွာဗျ။ ထီးဂလိုင်တစ္ဆေတွေ ဘယ်လိုဖြစ်ပြီး မျက်စိလည်သွားတယ် မသိဘူးဗျ။ ကျုပ်တို့တောင် ရွာစုထဲမှာ လာပြီးလည်နေကြတာ။

ကျောက်ခဲနဲ့ သံမဏိကလည်း ကျုပ်နဲ့ လိုက်မှာတဲ့ဗျ။ နေခဲ့ခိုင်းတာ မရဘူးဗျို့။

ညနေစောင်းတော့ ကျုပ်တို့သုံးယောက် ဝက်စုကို ရောက်လာကြတယ်။ ဝက်စုမှာ ကျုပ်အသိ ကိုကြီးသာခင် ရှိတယ်ဗျ။ ကိုသာခင်တို့အိမ်ကို ကျုပ်တို့ရောက်တော့ ညခုနစ်နာရီထိုးပြီ။

ကျုပ်က ကိုသာခင်ကို အကျိုးအကြောင်း ပြောပြလိုက်တယ်။ ဒီသတင်းတွေကို သူတို့လည်း ကြားပြီးသားပေါ့ဗျာ။ ဒီည သူတို့ရွာကို မကောင်းဆိုးဝါးတွေ ဝင်လာမှာကိုလည်း သူတို့ သိပြီးသားဗျ။ ဘာဖြစ်လို့တုံးဆိုတော့ ကျုပ်တို့ရောက်တဲ့အချိန်မှာ ဝက်စု

တစ်ရွာလုံးက ခွေးတွေ တအီအီ ဖြစ်နေပြီလေဗျာ။ နွားတွေလည်း တဖူးဖူးနဲ့ နှာမှုတ်နေကြပြီဗျ။

ညဆယ်နာရီကျော်ကျော်လောက်ရောက်တော့ ဝင်လာပြီဗျို့။ ကျုပ်က မျက်ကွင်းဆေး အဆင်သင့်ကွင်းထားတာဆိုတော့ ကျုပ်ကလည်း သူတို့ကို တွေ့ရမယ်။ သူတို့ကလည်း ကျုပ်ကို တွေ့ရမယ်ပေါ့ဗျာ။

ဟော လာကြပြီဗျို့။ ကျွက်စီ ကျွက်စီနဲ့ကို ပြောဆိုပြီး ဝင်လာတာဗျို့။ ဟာ ကိုသာခင်တို့လမ်းအတိုင်းကို ဝင်လာတာဗျ။ ကျုပ်နဲ့ ကောင်လေးနှစ်ယောက် အဆင်သင့်ပြင်ထားကြတာပေါ့ဗျာ။ ကျုပ် ကိုသာခင်တို့မိသားစုကို တစ်ခါတည်း နှုတ်ဆက်လိုက်တယ်။ ကိစ္စပြီးရင် ရွာတန်းပြန်မှာကိုးဗျ။

"သြော် တာတော၊ တာတော၊ ဒါကြောင့်လည်း ငါတို့တောင် ရွာတွေမှာ မင်းနာမည်က ကျော်ပေတာပဲ"

ကိုသာခင်က ကျုပ်ပခုံးကို ပုတ်ပြီးပြောတယ်။ ဟော ထီးဂလိုင်သား တစ္ဆေတွေ ကိုသာခင်တို့ဝိုင်းရှေ့ကို ရောက်ပြီ။ ကျုပ်က ဝိုင်းထဲက အပြင်ကို ထွက်လိုက်ပြီး ရှေ့ဆုံးက ကန်တော့ပွဲ ရွက်လာတဲ့ မိန်းမကြီးကို ပြောလိုက်တယ်။

"အနီးမယ်ရင် ဒါက ပေကုန်း မဟုတ်ဘူး ဝက်စုဗျ၊ ဒါ မြောက်အုပ်စု မဟုတ်ဘူး၊ ခင်ဗျားတို့ တောင်အုပ်စုရွာကို ရောက်နေတာ၊ ကျုပ် ခင်ဗျားတို့ကို လာကြိုနေတာ၊ ပေကုန်းကို ကျုပ် ခေါ်သွားမယ်၊ ဟိုမယ်က ဦးမိုးညိုရော၊ သတို့သမီး မထားကြည့်ရော

www.burmeseclassic.com

www.burmeseclassic.com

စောင့်နေကြပြီ၊ ကဲ ကဲ လာ ကျွပ်နောက်က လိုက်ခဲ့ကြ"

ကျွပ်ပြောပြနေတာကို အားလုံးငြိမ်ပြီး နားထောင်နေကြတာဗျ။ ကျွပ်လည်း ပြောပြီးရော ကွက်စီ ကွက်စီနဲ့ ပြောကြပြန်ရောဗျို့။ ဒါပေမဲ့ ကျွပ်နောက်က အားလုံးလိုက်လာကြတာဗျ။

ရွာပြင်ထွက်ပြီး ယာခင်းထဲကနေ ပေကုန်းကို တိုက်ရိုက်ဖြတ်ချတာပေါ့ဗျ။ ကျောက်ခဲနဲ့ သံမဏိက လမ်းတွေကျွမ်းပြီးသားမို့ တော်တော်တာပေါ့ဗျာ။

"ဒီအတိုင်း တည့်ဖြတ်ချရင် နာရီဝက် မကြာဘူးဗျ၊ ပေကုန်းကိုရောက်မှာ"

ကျောက်ခဲက ရှေ့က လမ်းပြပေါ့ဗျာ။ ကျွပ်နဲ့ သံမဏိက သူ့နောက်ကပေါ့။ တစ္ဆေတွေကတော့ ကျွပ်တို့နောက်ကနေ ဆူညံဆူညံနဲ့ စကားတွေပြောပြီး ကျွပ်တို့နောက်က လိုက်ချလာကြတာဗျို့။ ဖုန်ကို တထောင်းထောင်းဖြစ်နေတာဗျာ။ တွေးကြည့်ရင်တော့ တော်တော်ကို ကျောချမ်းစရာပေါ့ဗျာ။ ကျွပ်တို့နောက်က တစ္ဆေနှစ်ဆယ်သုံးကောင် ပါလာတာဗျို့။

အဆင်သင့်ပါပဲဗျာ။ ကျွပ်တို့ ပေကုန်းရောက်တော့ ရွာထဲတန်းဝင်ကြတာပေါ့ဗျာ။ ရွာထဲမှာတော့ ချက်ချင်းကို ရုတ်ရုတ်ရုတ်ရုတ်ဖြစ်ကုန်ရောဗျို့။ ခွေးတွေကလည်း တအီအီနဲ့။ နွားတွေကလည်း နှာတွေ တဖူးဖူးမှုတ်ပေါ့ဗျာ။ ဦးမိုးညိုနဲ့ ပေကုန်းသားတွေက ကျွပ်တို့လာမှာကို ကြိုသိနေတော့ ဦးမိုးညိုရဲ့ ဝိုင်းထဲမှာ ချက်ချင်းပဲ အောက်လင်းမာတ်မီးတွေ ထွန်းကြတာပေါ့ဗျာ။ ဝိုင်းတစ်ခုလုံး လင်း

ထိန်နေတာဗျ။ ဖျာကြမ်းတွေလည်း အားချင်းခင်းပစ်တာဗျ။ ဟောဒေါ်မယ်ရင်က ပြုံးပြုံး ပြုံးပြုံးနဲ့ ဝိုင်းထဲဝင်ရောဗျ။ သတို့သားရောကျန်တဲ့လူတွေရော ဝင်ကြတာပေါ့ဗျာ။

ကျွပ် ကြိုစီစဉ်ထားသလိုပါပဲဗျာ။ ပေကုန်းသားတွေကလည်း ဝတ်ကောင်းစားလှတွေဝတ်ပြီး ကြိုကြလို့ဗျ။ နေရာထိုင်ခင်းတွေ ခင်ဗျာညတည်နဲ့ ပေးကြလို့ပေါ့ဗျာ။ သရုပ်ပါအောင်ကို လုပ်ကြတာပေါ့ဗျာ။

ထီးဂလိုင်က တစ္ဆေတွေကို ကျွပ် အကဲခတ်နေတာဗျ။ သူတို့လည်း အခုမှ ကျေနပ်သွားတဲ့ပုံပဲဗျ။ ဦးမိုးညိုကလည်း ကျွပ်ပြောထားတဲ့အတိုင်း ပေကုန်းဆရာတော်ဆီကို လူလွှတ်ပြီး ချက်ချင်းပင့်ခိုင်းတယ်။ ဆရာတော်ကလည်း ချက်ချင်းကြွလာတယ်ဗျ။ အားလုံး ကြိုတင်စီစဉ်ထားရတာပေါ့ဗျာ။

ဆရာတော်ကို ဦးမိုးညိုက သင်္ကန်းတွေ လှူတယ်။ ပြီးတော့ ကျောင်းဆောက်တဲ့အထဲမှာ ငွေလှူတယ်ဗျ။ ပြီးတော့မှ အဲဒီကုသိုလ်ကို ဆရာတော်က တရားဟောပြီး ရေစက်ချပေးတယ်။

ကျွပ် ကြည့်နေတာဗျ။ အမျှဝေတော့ အားလုံး သာဓုခေါ်ကြတယ်ဗျို့။ တရားကိုလည်း သေသေချာချာ နာကြပါတယ်။

ဟာ တကယ့်ကို အံ့ဩစရာပါပဲဗျာ။ ထိုင်ပြီး တရားနာနေတဲ့ ထီးဂလိုင်သားတစ္ဆေတွေ ဖြုတ်ကနဲ ဖြုတ်ကနဲ ပျောက်သွားတာဗျို့၊ အားလုံးပဲဗျာ။ တစ်ယောက်မှကို မကျန်ခဲ့တာဗျ။ ကျွပ်ဖြင့် ဝမ်းသာလိုက်တာဗျာ။ ဦးမိုးညိုနဲ့ မထားကြည်က ကျွပ်ကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်တယ်။ ပေကုန်းသားတွေကလည်း ကျွဲပ်ကို ကြည့်ကြတာပေါ့ဗျာ။

'ဘယ်လိုတုံးကွ' ဆိုတဲ့ သဘောပေါ့ဗျာ။

"သွားပြီဗျို့၊ သွားကြပြီ၊ အားလုံး ကျွတ်သွားကြပြီ၊ တစ်ယောက်မှကို မကျန်ဘူး၊ နှစ်ဆယ့်သုံးယောက်စလုံး ကျွတ်လွတ် သွားကြတာဗျို့"

ကျွဲပ်က ဝမ်းသာအားရနဲ့ အော်ပြောလိုက်တော့မှ ဦးမိုးညို ရော၊ ပေကုန်းသားတွေရော ပြုံးပြုံးကြီးတွေ ဖြစ်သွားကြတာပေါ့ဗျာ။ ဆရာတော်ကြီးကိုယ်တိုင်လည်း ဝမ်းသာတော်မူရှာလွန်းလို့ ပြုံးနေရှာတာပေါ့ဗျာ။ မထားကြည်ကတော့ ဝမ်းနည်းပန်းနည်း ငိုတော့တာပေါ့။

ကိစ္စအားလုံးပြီးတော့ ကျွဲပ်ရယ်၊ ကျော်ခဲရယ်၊ သံမဏိရယ် ထနောင်းကုန်းကို ပြန်ခဲ့ကြတယ်။ ပေကုန်းသားတွေက ကျေးဇူးတင်စကားကို အထပ်ထပ်အခါခါ ပြောကြရင်း ပေကုန်းမှာ ညအိပ်ဖို့ ပြောကြပါတယ်။ ဒါပေမဲ့ ကျွဲပ်တို့ မအိပ်ပါဘူးဗျာ။ ညတွင်း ချွန်း ပြန်ခဲ့တာပါ။ ကျွဲပ်စိတ်ထဲမှာ မဖဝါကြီးကို ကျေးဇူးတင်ကြောင်း ပြောလိုက်မိတာကို ဘယ်သူမှ မသိဘူးပေါ့ဗျာ။

တာတေ

□□□

အရှေ့ဘက်ကောင်းကင်

ချစ်ကလဲ့စား

ကျွဲပ် မနေ့ကမှ ရွာကို ပြန်ရောက်တာဗျ။ ဆရာမနီဇင်ရွာမှာနေတဲ့ ကိုကျာအေး ဆိုတဲ့လူပေါ့ဗျာ။ ဒီမှာ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

နေတုန်းကတော့ လက်သမားလုပ်တာဗျ။ အိမ်တွေ ဘာတွေဆောက်ရင် သူက လက်ထောက်လက်သမားပေါ့ဗျာ။ ဘီရိုတို့၊ ကြောင်အိမ်တို့လည်း စပ်တယ်ဗျ။ လက်ရာမဆိုးပါဘူး။ နောက်တော့ ဆရာမနိုင်ကနေ ထွက်သွားတယ် ကြားတာပဲ။

လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ ကျွပ်ဆီကို တန်းတန်းမတ်မတ်ကို ရောက်လာတာဗျို့။ တွေ့စကတော့ ကိုကျာအေးကို ကျွပ်ဖြင့် မှတ်ကို မမှတ်မိတာဗျ။

ဒီမှာနေတုန်းက အရပ်ရှည်ရှည် ဝိန်ဝိန်ကိုင်းကိုင်းကြီးဗျ။ အခုတွေ့တော့ အသားတွေကလည်း လတ်လို့၊ ဝလည်း တော်တော် ဝလာတာဗျ။ နှုတ်ခမ်းမွေးကြီးကလည်း ရှိနေတော့ ကျွပ်က သူ့ကို တွေ့တွေ့ချင်း ဘယ်မှတ်မိမှာတုံးဗျ"

"ဟေ့ကောင် တာတေ၊ ငါပါကွ၊ ကိုကြီးကျာအေးပါဟာ"

"ဟာ ကိုကြီးကျာအေး၊ ရုပ်တွေ တော်တော်ပြောင်းသွားပဲလား"

"ဟား၊ ဟား၊ ဟား လူတွေက ဒီလိုပါပဲ တာတေရာ။ မပြောင်းတာကတော့ မင်းပဲကွ၊ ငါ ရွာကိုရောက်ရောက်ချင်း မင်းတို့စုံစမ်းတာကွ၊ ရွာကလူတွေက တန်းပြောကြတာပေ့ါ၊ တာတေကတော့ အရင်အတိုင်းပဲတဲ့၊ ဘာမဆို စူးစမ်းလေ့လာနေဆဲပဲတဲ့"

"ဟာ ဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ ကျွပ်ကိုက ဘာမဆိုသိချင်တဲ့ကောင်မို့လား ကိုကြီးကျာအေးရ၊ ဒီတော့လည်း နေရာတကာ ပါရတော့တာပေ့ါဗျာ"

"အေးပေ့ါ တာတေရာ၊ ဒါထက် တာတေ၊ ငါ့ကို မင်းဒင်ပြောတယ်ကွ၊ ဟိုတလောက သိုက်ဆရာတစ်ယောက် ရောက်လာလို့ မင်းကို လာခေါ်ရသေးတယ်ဆို"

"ဟုတ်ပါ့ဗျာ၊ ကိုမင်းဒင် လာခေါ်လို့ ကျွပ် လိုက်သွားပါတယ် ကိုကြီးကျာအေးရာ"

"နို့ မအောင်ဘူးလားကွ"

"အောင်တယ် ကိုကြီးကျာအေးရ၊ အဲဒီသိုက်ဆရာက တော်တော်ကို အစွမ်းထက်တဲ့လူဗျ၊ အင်းနဲ့ပေါက်လိုက်တာများဗျာ သိုက်ကြီး ဘွားကနဲ ပေါ်လာတာဗျ၊ ကျွပ်လည်း သိုက်ဆိုတာရဲ့အထဲကို ရောက်ဖူးသွားတာပေ့ါဗျာ၊ သူခိုင်းတဲ့အတိုင်း ကဝေပုရပိုက်ကြီးကို ကျွပ်ရအောင် ယူပေးပါတယ်၊ ဒါပေမဲ့ သိုက်ချပ်က မိန်းမဖြစ်နေတာကို ကိုကြီးကျာအေးရ၊ တော်တော်ကို လှတာဗျ"

"တော်စမ်းပါ တာတေရာ၊ ဥစ္စာစောင့်တို့ သိုက်ချပ်တို့ဆို တာ ကြိုက်သလို ဖန်ဆင်းလို့ရတာကွ"

"အေးဗျာ၊ အဲဒီမိန်းမက ဒီဆရာကို အတင်းဝင်ဖက်ထားတာ၊ ဒီလူက အတွေ့ကို မခံနိုင်ဘူးကိုဗျ၊ တစ်ခါတည်း မိန်းမောသွားတာဗျို့၊ ကျွပ် အော်ပြောတာတောင် ဒီဆရာ မကြားတော့ဘူးဗျ၊ ဒါနဲ့ စည်းကျိုးရောဆိုပါတော့ဗျာ၊ ကျွပ်ဖြင့် သိုက်အပြင်ကိုရောက်အောင် အသက်ကို မနည်းလုပြေးခဲ့ရတာဗျို့၊ သရဲအကောင်းဆယ်လောက်က ကျောက်တင်းပုတ်ကြီးတွေနဲ့ ကျွပ်နောက်ကို ဝိုင်းလိုက်ကြတာ၊ မိများသွားလို့ကတော့ တာတေဆိုတဲ့ကောင် အမှုန့်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားပြီပေါ့ဗျာ"

"နို့ အဲဒီဆရာရောကွ"

"ပလွင်ပေါ်မှာ ထိုင်နေတဲ့ သဘက်လိုအကောင်ကြီး
သူလက်ထဲက ကျောက်တင်းပုတ်ကြီးနဲ့ ထုသတ်လိုက်ပါရောလားဗျာ

"အို ဖြစ်မှဖြစ်ရလေကွာ၊ အင်း ဒီလိုင်းတွေက တော်ရုံတ
ရုံစရာနဲ့ မရဘူးကွ"

ပြောရင်းနဲ့ ကိုကျာအေးက သူနှုတ်ခမ်းမွေးကြီးကို လက်
သပ်လိုက်သေးသဗျ။

"နို့ ကိုကျာအေး အခု ဘာတွေလုပ်နေတုံးဗျ"

"ငါ ရန်ကုန်မှာနေတာကွ တာတေရ၊ ရန်ကုန်မှာ ပ
ဘောဂဆိုင် တည်ထားတယ်၊ ငါက လက်သမားမို့လားကွ၊ အခု
ကြီးပွားလာတော့ ငါတတ်တဲ့ပညာနဲ့ပဲ လုပ်ရကိုင်ရတာပေါ့ကွာ

"ဟာ ကောင်းတာပေါ့ ကိုကျာအေးရာ၊ သိပ်ကောင်းတ
ပေါ့ဗျာ၊ နို့ အိမ်ထောင်ရက်သားရော ကျပြီလားဗျ"

"မကျပါဘူးကွာ၊ ငါက အေးအေးဆေးဆေး
နေချင်တာကွ"

"နေပါဦးဗျ၊ ကိုကြီးကျာအေးရ၊ ရန်ကုန်မြို့မှာ အလုပ်တ
ကို တည်ထောင်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးဗျ၊ ကိုကြီးကျာအေး
ဘာအလုပ်တွေလုပ်လို့ ဒီလောက်ကြီးပွားသွားတာတုံးဗျ"

"အေး အဲဒါကို ပြောပြချင်တာကွ၊ ဒါကလည်း မင်းလိုလူ

ပဲ ပြောလို့ရမှာ၊ တခြားသူဆိုရင်တော့ ဘာမှကို နားလည်မှာ မဟုတ်
ဘူးကွ"

"ကိုကြီးကျာအေး ပြောတာ ဘယ်လိုတုံးဗျ"

"ဒီလိုကွ၊ ငါရွာက ထွက်သွားတော့ ပထမဆုံး ငါ့ရဲ့ဘကြီး
ဘုန်းကြီးဆီကို အရင်သွားတယ်၊ ဘကြီးဘုန်းကြီးက မန္တလေးက
ဘုရားကြီးတိုက်မှာ သတင်းသုံးတာကွ"

"ဩော် ကျုပ် သိတယ် ကိုကြီးကျာအေး၊ ဘုန်းကြီး ဦးတိသ
ကို ပြောတာမို့လား"

"အေး ဟုတ်တယ်၊ ဘကြီးဘုန်းကြီးကို မင်း ဘယ်လိုသိတာ
တုံးကွ"

"ကျုပ် ဆယ်နှစ်သားလောက်က အဘတို့ အမေတို့နဲ့ မန္တ
လေးကိုရောက်တော့ ဦးတိသကျောင်းမှာ တည်းလာတာလေဗျာ"

"ဩော်. . အေး အေး"

"ငါ အဲဒီကိုသွားတာကွ၊ အဲဒီမှာနေပြီး မန္တလေးက လက်
သမားတွေနဲ့ လိုက်ပြီးလက်သမားလုပ်သေးတယ်၊ အဲဒီလိုနေရင်း
တစ်နေ့ကျတော့ ငါ့ဘကြီးဘုန်းကြီး ငါ့ကို အင်းတစ်ချပ်ပေးတယ်ကွ"

"ဘာ. . . အင်း၊ ဟုတ်လား ကိုကြီးကျာအေး"

"အေး ဟုတ်တယ်၊ အဲဒီအင်းက ပစ္စည်းဟောင်းရှာလို့
ရတယ်ကွ"

"ဗျာ ပစ္စည်းဟောင်း ဟုတ်လား၊ ဘယ်လိုတုံးဗျ"

"ဒီလိုကွ တာတေရ၊ တချို့က သူတို့ပိုင်တဲ့ ရွှေငွေရတနာ

www.burmeseclassic.com

www.burmeseclassic.com

တွေကို မြေအောက်မှာ မြှုပ်ကြတယ်။ လူဆိုး သူခိုးရန်က ကာကွယ်ဖို့ပေါ့ကွာ၊ အေး သေတဲ့အခါကျတော့ အဲဒီပစ္စည်းတွေကို စိတ်ခွဲပြီး ကိုယ့်ပစ္စည်းတွေကိုယ် ပြန်စောင့်နေရတော့တာပေါ့ကွာ"

"တာ ဟုတ်လားဗျ၊ ကြောက်စရာကြီးပါလားဗျာ"

"အေးကွ တာတေရ၊ လူလောကကြီးက နည်းနည်းတော့ ရှုပ်ထွေးသားကွ၊ ငါ့ကို ဘကြီးဘုန်းကြီး ပေးတဲ့အင်းက သိမ်ဝင်သပိတ်ကွဲမှာ ချထားတာ၊ အဲဒီအင်းပေါ်မှာ ဖယောင်းတိုင်ထွန်းပြီး ရေဇလုံထဲကိုထည့်ရတာ၊ အင်းကတော့ ရေထဲမှာပေါ့ကွာ၊ ဖယောင်းတိုင်ကတော့ ရေပေါ်မှာ တောက်နေတာပေါ့။ အဲဒီဖယောင်းတိုင်အလင်းအောက်မှာ ရေကိုကြည့်ရတာဟေ့၊ မှန်ကြည့်သလိုပေါ့ကွာ၊ ပစ္စည်းရှိရင် အဲဒီရေထဲမှာ မှန်ထဲပေါ်သလိုကို ပေါ်လာတာကွ"

"ဟာ ဟုတ်လားဗျ"

"အေး ငါ တူးတဲ့အဖွဲ့ကို ဟိုဘက်တိုး၊ ဒီဘက်တိုး၊ အဲဒီနေရာတူးလို့ ထိုင်ပြောပေးရုံပဲကွ၊ အဲဒီလိုတူးလို့ရရင် ရတဲ့ပစ္စည်းကို သုံးပုံ ပုံရတယ်၊ တစ်ပုံက ပစ္စည်းပိုင်ရှင်ကို ရည်စူးပြီး အလှူအတန်းလုပ်ရတယ်။ ကျန်တဲ့နှစ်ပုံကို တစ်ဝက်စီခွဲပြီး ငါက တစ်ပုံ၊ တူးခိုင်းတဲ့ဆွေတွေမျိုးတွေက တစ်ပုံပေါ့ကွာ၊ ငါက ငါရတဲ့အစုထဲကနေ တူးပေးတဲ့ ငါ့ရဲ့လူတွေကို ကြည့်ရှုပေးရတာပေါ့ကွာ"

"ဟာ တယ်ဟုတ်ပါလားဗျ"

"အေး အဲဒီရတာသိုက်အင်း ရပြီးမှ နှစ်ခါတူးပြီးပြီ၊ ငါ တော်တော်လေး ရလိုက်ပါတယ်၊ အဲဒီပစ္စည်းတွေကို ထုခွဲပြီး ရန်ကုန်

မှာ ပရိဘောဂတိုက် တည်လိုက်နိုင်တာပေါ့ကွာ"

"ဩော် ဒီလိုလား၊ ဝမ်းသာတယ်၊ ကိုကြီးဂျာအေးရာ"

"အေး. . ငါ အခု မင်းဆီကို လာတာက အဲဒီကိစ္စပဲဟ၊ ငါ ရုံးတောမှာ ပစ္စည်းဟောင်းရှာမလို့ကွ တာတေရ"

"ဟင် ဘယ်နေရာမှာတုံးဗျ"

"မင်းတော့ သိမှာမဟုတ်ဘူးကွ၊ ငါတို့သူငယ်ချင်းတစ်ယောက်ပဲကွ၊ နာမည်က ကျင်သောင်းလို့ခေါ်တယ်၊ သူတို့ဝိုင်းထဲမှာ သူတို့ဘိုးဘွားတွေ မြှုပ်ခဲ့တဲ့ ပစ္စည်းတွေ ရှိတယ်လို့ပြောတယ်၊ ဒါပေမဲ့ သူ့အဖေတွေ၊ ဦးလေးတွေ လက်ထက်မှာ ရှာမသွားနိုင်ဘူးကွ၊ အဲဒါ ငါ့ကို လာပြောတာနဲ့ ငါ လိုက်လာတာကွ"

"ဟာ ဟုတ်လား"

"အေး ဒီကိစ္စကို သိပ်ကျယ်ကျယ်ပြန့်ပြန့်ကြီး လူသိရှင်ကြားလုပ်လို့ရတာ မဟုတ်ဘူးကွ၊ ဒါကြောင့် မင်းကို ငါလာခေါ်တာ၊ ကျင်သောင်းနဲ့ မင်းနဲ့က တူးပေါ့ကွာ၊ ငါက အင်းကြည့်ပြီး ပြောပြမှာပေါ့၊ ပစ္စည်းတွေရရင် မင်းလည်း ရမှာပေါ့ကွ"

"ကျုပ်စိတ်ဝင်စားတယ်ဗျာ၊ အဲ-ကျုပ်ပြောတာက ပစ္စည်းတွေကိုပြောတာ မဟုတ်ဘူးဗျ၊ ကိုကြီးဂျာအေးရဲ့အင်းကို ပြောတာ"

"အေး အေး မင်းတွေ့ရမယ်၊ ဒါဆိုရင် မနက်ဖြန် မင်းဆရာမနိုင်ကို စောစောလာခဲ့၊ ငါ အဆင်သင့်စောင့်နေမယ်၊ ပြီးရင် လှည်းနဲ့သွားမယ်၊ ဆရာမနိုင်နဲ့ ရုံးတောက နှစ်တိုင်ပဲ ဝေးတာပါ၊

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ တူရွင်းတွေ ပေါက်တူးတွေကို ထမ်းပိုးမသွားချင်လို့ လှည်းနဲ့ သွားမှာပါ"

"ကောင်းပြီ၊ ကိုကြီးဂျာအေး၊ ကျုပ် ဆက်ဆက်လာမယ်၊ ဒီတော့မှ ကိုကြီးဂျာအေးက စိတ်ချသွားပြီး သူနှုတ်ခမ်းမွေးကြီးကို ပွတ်ပြီး ပြုံးနေတာဗျ"

နောက်တစ်နေ့ အစောကြီး ကျုပ် ထသွားတာပေါ့ဗျာ၊ ဆရာမနိုင်ကို ရှစ်နာရီလောက် ရောက်တယ်။

ကိုကြီးဂျာအေးက ကျုပ်ကို စောင့်နေတာဗျ။ လှည်းတောင် ကောက်ထားပြီ။ ကျုပ်ရောက်တာနဲ့ တန်းထွက်တာဗျို့။ ခုံးတောကို မကြာပါဘူး ကျုပ်တို့ ရောက်သွားတာ။ ကိုကြီးဂျာအေးရဲ့ သူငယ်ချင်း ကိုကျင်သောင်း ဆိုတဲ့လူက အဆင်သင့်စောင့်နေတာဗျ။ ကိုကျင်သောင်းက အရပ်ပုပြတ်ပြတ်နဲ့ တော်တော်ကို ခိုးသားတဲ့ပုံပါ။ သူတို့နေတာက အိမ်ဝိုင်းမဟုတ်ဘူးဗျ။ ခြံကြီး အတော်ကိုကျယ်တာ။ ခြံထဲမှာ သရက်ပင်တွေ၊ သစ်ကြားပင်တွေ၊ သစ်ဆိမ့်ပင်တွေ အတော်ကို စုံတာဗျို့။

ကိုကြီးဂျာအေး ဆိုတဲ့လူက လုပ်စရာရှိရင် အချိန်ဆွဲတတ်တဲ့လူ မဟုတ်ဘူးဗျ။ ဒါကြောင့်လည်း ဒီလူ ကြီးပွားတာ။ အခုလည်း ရောက်တယ်ဆို သိပ်ကြာကြာထိုင်တာ မဟုတ်ဘူးဗျ။

"ကဲ ကျင်သောင်း ကန်တော့ပွဲပြင်ကွာ"

"ဟာ ဂျာအေးကလည်း မင်းက ဆရာလေကွာ၊ မင်း ပြင်မှ ပေါ့ကွ"

"ဟာ ရပါတယ်ကွာ၊ ဘယ့်သူပြင်ပြင်ပါ။ ကဲ မင်းပဲ ပြင်လိုက်"

ကိုကျင်သောင်းက အဆင်သင့်လုပ်ထားတဲ့ အုန်းသီး ငှက်ပျောသီးတွေကို ရေဆေးပြီး ကြွေရည်သုတ်ဇလုံကြီးထဲမှာ ပွဲပြင်တယ်ဗျ။ ပြီးတော့ ခြံကြီးထဲမှာ ခုံတစ်လုံးနဲ့ ပွဲတင်ထားတယ်။ ကိုကြီးဂျာအေးက ကန်တော့ပွဲပေါ်မှာ ဖယောင်းတိုင်မီးထွန်းတယ်။ ပြီးတော့ ဇလုံကလေးထဲမှာ ရေထည့်တယ်။ ရေကို သူလိုချင်သလောက် တိုင်းထည့်တယ်ဗျ။

ပြီးတော့ သူလည်ပင်းမှာ ကတ္တီပါအိတ်အနီကလေးနဲ့ ဆွဲထားတဲ့ ရတနာလိုက်အင်္ကျီကို အင်္ကျီအောက်က ဆွဲထုတ်လိုက်တယ်။

အင်းက သပိတ်ကွဲပေါ်မှာ ချထားတာဆိုတော့ မည်းနက်နက်ကလေးပေါ့ဗျာ။ ကိုကြီးဂျာအေးက ဖယောင်းတိုင်တစ်တိုင်ကို မီးထွန်းပြီး အင်းပေါ်မှာ စိုက်တယ်။ ပြီးတော့ အင်းကို ရေဇလုံထဲ ထည့်လိုက်တယ်။ ရေပေါ်မှာ မီးလင်းနေတာပေါ့ဗျာ။

ရေဇလုံကလေးကို မြေကြီးပေါ်မှာချပြီး ကိုကြီးဂျာအေးက ပါးစပ်ကနေ ဂါထာရွတ်တယ်ဗျ။ ပြီးတော့ သူနှုတ်ခမ်းမွေးကြီးကို ဟန်ပါပါသပ်ပြီး ရေထဲကိုကြည့်တယ်။ ဘာမှမြင်ရပုံ မပေါ်ဘူးဗျို့။ လက်အုပ်ချီပြီး ဂါထာကို ထပ်ကာ ထပ်ကာ ရွတ်နေတယ်။

ပြီးတော့ ရေထဲကို ခပ်ဖြည်းဖြည်း ကြည့်တယ်။ ဟောမြင်သွားပြီ ထင်တယ်ဗျ။ ကိုကြီးဂျာအေးက ကျုပ်ကို အဆင်သင့်ပြင်ခိုင်းထားလို့ တစ်ဖက်ချန်ထားတဲ့ သစ်သားချောင်းတစ်ချောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က ကိုင်ထားရတယ်။ ပြီးတော့ ညာဘက်လက်မှာ တူတစ်လက် အဆင်သင့်ကိုင်ထားရတယ်။

"တာတေ၊ မင်းပုဆိုးကို ခါးတောင်းကျိုက်ထားစမ်းကွာ၊ ငါ ရိုက်ခိုင်းတဲ့နေရာကို အမြန်ဆုံးရိုက်နော်၊ မြန်ပစေဟေ့"

ကျုပ်က ပုဆိုးကို ခါးတောင်းကျိုက်ပြီး ဘယ်ဘက်လက်က ချွန်ထားတဲ့ သစ်သားချောင်း၊ ညာဘက်က တူကိုကိုင်ပြီး ကိုကြီးဂျာအေးကို ကြည့်နေရတာပေါ့ဗျာ။

ကိုကြီးဂျာအေးက ပါးစပ်ကလည်း ဂါထာရွတ်၊ မျက်စိက လည်း ရေထဲကို ကြည့်တယ်ဗျ။ ရေလုံဘေးမှာ မုဆိုးဒူးထောက်ကြီး ထိုင်လိုက်ဗျ။

"ဟော တွေ့ပြီဟေ့၊ တွေ့ပြီ၊ တာတေ အဆင်သင့်ပြင်ထား၊ မင်း ရှုပ်နေတဲ့နေရာရဲ့ တောင်ဘက်ကိုလျှောက်၊ တစ်လှမ်းချင်း လျှောက်နော်၊ ခပ်မှန်မှန်လျှောက်၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ နည်းနည်း လျှောက်ဦး၊ လျှောက်ဦး၊ အေး ရပ်တော့၊ မင်းရဲ့တောင်ဘက်ကို လှည့်လိုက်၊ အေး အဲဒီတည့်တည့်ကို လျှောက်၊ ဟုတ်ပြီလျှောက်၊ နည်းနည်းလျှောက်လိုက်ဦး၊ ဟုတ်ပြီဟေ့၊ အဲဒီနေရာမှာ ရပ်လိုက်၊ ပြီးရင် မြောက်ကိုလှည့်လိုက်၊ ခြေလှမ်းနှစ်လှမ်းပဲလှမ်း တာတေ၊ ဟုတ်ပြီ၊ တစ်လှမ်း နောက်တစ်လှမ်း၊ အေး အဲဒီမှာရပ်၊ မင်း ရှေ့ဘက်တစ်တောင်အကွာ တိုင်းလိုက်စမ်း၊ ဟုတ်ပြီ၊ အဲဒီနေရာပဲ ရိုက် ရိုက် မြန်မြန်ရိုက် တာတေ"

တာတေဆိုတဲ့ကောင်က လျင်ပြီးသားပါဗျာ။

"ဒုတ်၊ ဒုတ်၊ ဒုတ်"

မြေကြီးထဲကို သစ်သားချွန်ပြီးသားကို ထိုးစိုက်ပြီး တူနဲ့ ဆက်တိုက်ရိုက်လိုက်တယ်။ သစ်သားချောင်းက မြေကြီးထဲကို စိုက် ဝင်သွားတာပေါ့ဗျာ။

"တာတေ ငါတို့ယူလာတဲ့ ဘန်ချည်ကြိုး ယူလိုက်၊ အေး အဲဒီဘန်ချည်ကြိုးကို နှစ်ဇောင်တိုင်းဖြတ်လိုက်၊ ပြီးရင် ထိပ်မှာ လေးလက်မသံကို ချည်လိုက်၊ တစ်ဖက်ကို မင်းစိုက်ထားတဲ့ သစ်သား တိုင်မှာ ချည်လိုက်။ ဟုတ်ပြီ၊ ဟုတ်ပြီ၊ မင်းကျောင်းမှာတုန်းကသင် တဲ့ ဂျီသြမေထရီလိုပေါ့ကွာ၊ ကြိုးကို တင်းနေအောင်ဆွဲပြီး စက်ဝိုင်း ဝိုင်းလိုက်။ ဟုတ်ပြီ၊ စက်ဝိုင်းကို ထင်ထင်ဝိုင်းကွ တာတေရ၊ အေး တုတ်ပြီ၊ အဲဒီသံချောင်းနဲ့ ဘန်ချည်ကြိုးကို ပြန်ဖြုတ်လိုက်တော့၊ ကဲ မင်းနဲ့ ကျင်သောင်းနဲ့ အဲဒီစက်ဝိုင်းထဲမှာ တူးပေတော့"

ကိုကျင်သောင်းနဲ့ ကျုပ်နဲ့ ပေါက်တူး တစ်ယောက် တစ်လက်ကိုင်ပြီး တူးကြတာပေါ့ဗျာ။ ကိုကြီးဂျာအေးကတော့ ရေလုံကိုပဲ စောင့်ကြည့်နေတာဗျို့။ ပါးစပ်ကလည်း ဂါထာကို မရပ် မနား ရွတ်နေတာဗျ။

"အေး ရပြီ၊ ပေါက်တူးတွေရပ်တော့၊ တူရွင်းတွေ ကိုင်ကြ၊ တူရွင်းနဲ့ပဲ တူးတော့၊ နီးလာပြီကွ"

ကျုပ်နဲ့ ကိုကျင်သောင်းလည်း တူရွင်း တစ်ယောက် တစ်လက်နဲ့ တူးတာပေါ့ဗျာ၊ တော်တော်ကလေး တူးပြီးတော့ ရေတွင်းကလေးလို တွင်းဝိုင်းဝိုင်းကလေးက ကျုပ်တို့ ခါးတောင်း

www.burmeseclassic.com

www.burmeseclassic.com

လောက်အထိ နက်လာပြီဗျ။

"ဟုတ်ပြီ၊ ဖြည်းဖြည်းတူးကြ၊ နီးနေပြီ၊ နီးနေပြီ"

"ဒုတ်"

ဟော ကျုပ်တူရွင်းအောက်မှာ မာမာတစ်ခုကို သွားထိတဲ့အသံဗျ။

"ဟာ ထိနေပြီ၊ တာတေ မင်း တူရွင်းတည့်တည့်မှာဟေ့"

"ဟုတ်တယ်ဗျ၊ ကိုကြီးဂျာအေးရဲ့၊ ဒုတ်ကနဲ မြည်သွားတယ်"

"အေး ဖြည်းဖြည်းတူးတော့ဟေ့ တာတေ"

ဟာ ပေါ်လာပြီဗျို့။ စဉ့်အိုးဗျ၊ စဉ့်အိုး။ ကျုပ်တို့အိမ်တွေမှာ ငါးပိတွေ ဘာတွေသိပ်တဲ့ အိုးလောက်ရှိတယ်ဗျ။ သိပ်သေးသေးလေး မဟုတ်ဘူးဗျ။ သရက်ခြောက်သိပ်တဲ့အိုးလောက်ရှိမှာ။ ကျုပ်က အိုးဘေးကပတ်ပြီးတူးတယ်။ စဉ့်အိုးက နှုတ်ခမ်းအထိ ပေါ်လာပြီဗျ။

ဒီမှာတင် မထင်ထားတဲ့ကိစ္စ ဖြစ်တော့တာပဲဗျာ။

"ဂီး၊ ဂီး၊ ဂီး၊ အဲ၊ ဂီး"

ဟာ ခွေးနက်ကြီးနှစ်ကောင်ဗျို့၊ နည်းတဲ့ကောင်ကြီးတွေ မဟုတ်ဘူးဗျ၊ ကျုပ်စိတ်ထင် နွားမတန်းလောက် ရှိမယ်ထင်တယ်။ ဘယ်ကဘယ်လို ရောက်လာတာလဲ မသိဘူးဗျ။ သရက်ပင်ကြီးအောက်မှာရပ်ပြီး ကျုပ်တို့ကို စိုက်ကြည့်နေတာဗျို့။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂီး"

အောင်မယ်လေး မာန်ဖိတဲ့အသံကြီးက ကြောက်စရာကြီး

ဗျာ၊ ကျုပ်ဖြင့် ကျောထဲကို စိမ့်ကနဲ စိမ့်ကနဲ ဖြစ်နေတာဗျို့။ ပါးစပ်ကြီးတွေ ဟထားလိုက်တာမှ အစွယ်ကြီးတွေကို ဖွေးနေတာဗျ။ လျှာနီနီကြီးတွေက တွဲကျနေတယ်။

ကိုကြီးဂျာအေးကို ကြည့်လိုက်တော့ မျက်စိမျက်နှာ ပျက်နေပြီဗျို့။ ကျုပ်နဲ့ ကိုကျင်သောင်းလည်း ဘာဆက်လုပ်ရမှန်း မသိတော့ဘူးပေါ့ဗျာ။

"ကျင်သောင်းနဲ့ တာတေ ကျင်းပေါ်တက်ကြတော့"

ကျုပ်နဲ့ ကိုကျင်သောင်းကြီးလည်း ပုဆိုးခါးတောင်းကျိုက်ကြီးတွေနဲ့ ကျင်းပေါ်တက်လာကြရတာပေါ့ဗျာ။

"နောက်ဆုတ်သွား၊ အိမ်ရှေ့အထိ သွားကြ"

ကိုကြီးဂျာအေးက ကျုပ်တို့ကို ပြောတယ်။ ကျုပ်တို့လည်း နောက်ဆုတ်၊ နောက်ဆုတ်နဲ့ အိမ်ရှေ့အထိ သွားကြရတာပေါ့ဗျာ။ ကိုကြီးဂျာအေးက ရေဇလုံထဲက ဖယောင်းတိုင်မီးကို မှုတ်ပြီးငြိမ်းလိုက်တယ်။ ပြီးတော့မှ သူ့အင်းချပ်လေးကို ရေထဲက ထုတ်ယူပြီးတော့ ကစ္စီပါအိတ်ထဲကို ထည့်တယ်။ သူလည်း ကျုပ်တို့လိုပဲ နောက်ဆုတ်လာတာဗျို့။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

ကျုပ်တို့အိမ်ရှေ့ကိုရောက်တော့မှ ခွေးနက်ကြီးနှစ်ကောင်က သရက်ပင်အောက်က ထွက်လာပြီး ကျုပ်တို့ တူးထားတဲ့ကျင်းအပေါ်မှာ ခွပြီးရပ်နေတယ်ဗျ။ နွားမတန်းလောက်ရှိတဲ့ ခွေးနက်ကြီးနှစ်ကောင်က ကျင်းကို ခွရပ်ပြီး မျက်လုံးပြူးကြီးတွေနဲ့ ဟိုကြည့်

www.burmeseclassic.com

www.burmeseclassic.com

ဒီကြည့် လုပ်နေတယ်ဗျ။ ခဏနေတော့မှ နောက်ဘက်ကိုလှည့်ပြီး သရက်ပင်တွေအောက်ကို ဝင်သွားတယ်။

ဟာ ပျောက်သွားပြီဗျို့။ ကျွပ်တို့ ကြည့်နေတဲ့ကြားကတင် ပြုန်းကနဲ ပျောက်သွားတာဗျ။

"မရတော့ဘူး ကျင်သောင်းရေ၊ မင်းတို့ ဘိုးဘွားပိုင်ပစ္စည်းတွေကို သိုက်က သိမ်းသွားပြီကွ"

"ဟင် ဟုတ်လား ကျာအေး၊ ဘယ်လိုဖြစ်လို့တုံး သူငယ်ချင်းရ"

"ဒီနေရာမှာကို သိုက်ကြီးတစ်ခုရဲ့ သိုက်ကျောင်းကြီး ရှိနေပုံပဲကွ၊ သိုက်မလွတ်တဲ့နေရာဆိုတော့ သူတို့သိုက်က ပိုင်တဲ့ပစ္စည်းတွေထဲ ရောပါသွားတာပေါ့ကွာ၊ စောစောက ငါတို့သာ နောက်မဆုတ်ဘဲ ဆက်တူးနေရင် သေချာပေါက် ကိုက်သတ်မှာကွ"

"ဟာ ကိုကြီးကျာအေးကလည်း အိုးကဖြင့် ပေါ်နေမှပဲဗျာ"

"ဟား၊ ဟား၊ ဟား တာတေကလည်း ဘယ်ရှိတော့မှာလဲကွာ၊ သွားလည်း ကြည့်စမ်းပါဦးကွ"

ကျွပ် ချက်ချင်းထွက်လာပြီး မြေကျင်းကို ငုံ့ကြည့်တယ်။

ဟာ မရှိတော့ဘူးဗျို့။ စောစောက လည်ပင်းပေါ် အောင်တူးထားတဲ့စဉ့်အိုး မရှိတော့ဘူးဗျို့။ တယ်လည်းထူးဆန်းပါလားဗျာ။

"ဘယ့်နယ်တုံး တာတေ၊ မင်းတူးထားတဲ့စဉ့်အိုး တွေ့သေးလား"

"မရှိတော့ဘူးဗျ၊ စဉ့်အိုးရာကြီးပဲ ကျန်ရစ်ခဲ့တော့တာဗျို့"

"သိမ်းသွားပါပြီဆိုကွာ၊ အဲဒါ သိုက်က သိမ်းသွားတာကွ၊ သိုက်မလွတ်တဲ့နေရာမှာ မြုပ်လိုက်တော့ သိုက်ထဲ ပါသွားတာပေါ့ကွာ"

ကိုကျင်သောင်းလည်း မျက်နှာမျက်သွားပြုပေါ့ဗျာ။ တူးထားတဲ့ကျင်းကို ကျွပ်ပဲ ပြန်ဖို့ပေးလိုက်ပါတယ်ဗျာ။

ပွဲက အစောကြီး ပြတ်သွားတာပေါ့ဗျာ။

ကျွပ်နဲ့ ကိုကြီးကျာအေးလည်း လှည်းပြန်ကောက်ပြီး ပြန်ချလာခဲ့ကြတာပေါ့ဗျာ။ ကိုကြီးကျာအေး ဆွဲထားတာနဲ့ ဆရာမနီင်မှာ ကျွပ် နှစ်ညအိပ်ခဲ့ရသေးတယ်ဗျ။

မနေ့ကမှ ရွာကို ပြန်ရောက်တာလေဗျာ။ ဒီနေ့တော့ ကျွပ် ဘယ်မှမသွားဘူးဗျို့။ ထမင်းစားမြီးကတည်းက နေပူအားကြီး ကြောက်တဲ့ ကျွပ်၊ ဘယ်မှမသွားဘဲ မန်ကျည်းပင်ကြီးအောက်က ကွပ်ပျစ်မှာ ဆေးလိပ်ထိုင်ဖွာနေတာဗျို့။ တဖြည်းဖြည်းနဲ့ မျက်စိလေးလာတော့ ကျွပ် ဝါးဘိုးခြမ်းခေါင်းအုံးကလေးပေါ်မှာ ပုဆိုးဟောင်းကလေးတစ်ထည်ခင်းပြီး လှဲလိုက်တယ်။

ကျွပ်စိတ်ထဲမှာတော့ ရုံးတောမှာ ပစ္စည်းဟောင်းတူးနေတုန်း ပြုန်းကနဲ ပေါ်လာတဲ့ သိုက်စောင့်ခွေးကြီးနှစ်ကောင်ကိုပဲ မြင်နေတော့တာဗျို့။

ကျွပ် မြင်ဖူးနေတဲ့ မဖဝါရဲ့ ခွေးကြီးထက် နှစ်ဆလောက် ပိုကြီးမယ်ဗျ။ ပြီးတော့ တစ်ကောင်တောင် မဟုတ်ဘူးဗျို့၊ နှစ်ကောင်တောင် ရောက်လာတာ။ ကျွပ်ဖြင့် ပြန်တွေးမိတိုင်း ကြက်သီးထ

www.burmeseclassic.com

www.burmeseclassic.com

တုန်းပါပဲဗျာ။

ဒီနေ့လောက်ဆိုရင်တော့ ကိုကြီးကျာအေးလည်း ရန်ကုန်ကို ပြန်ပြီထင်ပါရဲ့။ ကျုပ်ဖြင့် ဒီလိုမျိုး ပစ္စည်းဟောင်းရှာတာ ဒီတစ်ခါပဲ တွေ့ဖူးတာဗျ။

ကိုယ့်ပစ္စည်းကိုယ် မြှုပ်တာပေမဲ့ သိုက်ကြောမလွတ်တဲ့နေရာမှာ မြှုပ်မိရင် ချက်ချင်းတော့ မဟုတ်ဘူးပေါ့ဗျာ။ နှစ်တွေအကြာကြီး မဖော်ဘဲထားလိုက်တဲ့အခါ သိုက်က ဒီပစ္စည်းတွေကို သိုက်ထဲကပစ္စည်းလို့ သဘောမှတ်လိုက်ရောတဲ့ဗျာ။

ဥစ္စာစောင့်တွေမှာလည်း ဒီလိုစည်းမျဉ်းတွေ ဥပဒေတွေ ရှိနေတာကို ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါဘူးဗျာ၊ ပစ္စည်းမြှုပ်တဲ့လူတွေအတွက်တော့ ကျုပ်တော်တော်စိတ်ပူသွားတယ်ဗျို့။

ကျုပ်အဲတွက်တော့ မပူပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ တာတေဆိုတဲ့ကျုပ်မှာ မြှုပ်စရာဆိုလို့ ဘာမှရှိတာမှ မဟုတ်တာ။

ကျုပ်လည်း ဟိုတွေး သည်တွေးနဲ့ မှေးကနဲ အိပ်ပျော်သွားတယ်ဗျို့။ ဒါတောင် နေ့ခင်းကြောင်တောင်ကြီး အိပ်မက်က မက်နေသေးတာ၊ သိုက်စောင့်ခွေးကြီးတွေ ကျုပ်ကို ဝိုင်းလိုက်လို့ပေါ့ဗျို့။ ကျုပ်မှာ ခါးတောင်းကျိုက်ကြီးနဲ့ ကျုပ်တို့ ထနောင်းကုန်းရွာထဲမှာ ပတ်ပြေးနေလိုက်ရတာဗျာ၊ လူဆိုတာ မောပြီးဟတ်ထိုးကိုလိုက်ရောဗျို့။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ဟင် တော်ပါသေးရဲ့ဗျာ။ ကျုပ် လန့်နိုးသွားပေလို့ပေါ့။ ဝိုင်းဝက ကျုပ်ကိုခေါ်တဲ့ အသံကို ကျုပ် ကြားပြီးလန့်နိုးသွားတာဗျို့။

ကျုပ်ဖေဖေ အလှောက်လေးတဲ့ကြီး ကြွေမြွေနိုက်ကောင်းလာတော့ ကျောက်ဒိုးပါး။ ဘန်ဘွေးကုန်းက လှယင်ရဲ့မောင် အငယ်ကောင်လေဗျာ။ "ဒုံး ဒါမျိုးဆို ခေါ်မိမှာပေါ့။ ကျုပ်မေမေရဲ့ အစ်မကြီးနဲ့ လှယင်ရဲ့ အဖေကြီးနဲ့ သဘော်ကြီးတွေ ဖြစ်ခဲ့ကြတာမဟုတ်ဘူး။ လှယင်ကို သဘောကောင်းလို့ ခေါ်မိတာ။ ဒေါ်ဆုံးက ပညာအမွေပေးခဲ့တာတွေ။ ကျုပ်က လူယင်ကို ခေါ်မိတာ။ ဒီလိုမျိုးဆရာကြီးတစ်ယောက်နဲ့ ပညာပြိုင်ရင်ပြိုင်ရတဲ့ဘဝရောက် ဒီလိုမျိုးဆရာကြီးပါ သော်သွားတာလေဗျာ။ ဝိုင်ဟွာလားဝါးလ"

ကားဘီးဖောင့်မှာ ထိုင်ရတဲ့ကျောက်ဒိုးနဲ့ ဆရာဆိုတဲ့ခွေးရှင်ဖေဖေတို့ကို ရှိတော့ အားလုံးကျေနပ်ရောပေါ့။ ကိုယ် လမ်းပြရတဲ့ကားလည်း ကလေးလှယင်ဆိုတဲ့ကြီးကြီးကျယ်ကျယ်ကားကြီးကို ကျုပ်မရောက်ပေ။ ကားဘီးကို လက်မြှောက်ရုံပဲ ရှိတော့တာ။ ဘန်ဘွေးကုန်း

www.burmeseclassic.com

စ်ကောင် ဝယ်ခိုင်းတယ်တဲ့ဗျ။ ပြီးတော့ ကြက်ကို လည်လှီးပြီး
သွားကို ခွက်ကြီးနဲ့ခံတာတဲ့ဗျ။ ပြီးတော့မှ အဲဒီသွေးခွက်ကြီးကို
ပေါ်မှာတင်ပြီး တစ်ယောက်ယောက်ကို ခေါ်တိုက်နေတာတဲ့ဗျို့။

"ဟာ ဒါဆိုရင် ဒီလူ တစ်ခုခုလုပ်ဖို့ အကြံရှိနေတာကွ၊
ကျောက်ဒိုးရ၊ အလကားလာတာ မဟုတ်ဘူး"

"အခု အဲဒီအကြံကို ကျူပ်တို့သိပြီ ကိုကြီးတာတေ၊ အဲဒါ
ကြောင့် ခင်ဗျားဆီကို ကျူပ်လာခဲ့တာလေဗျာ"

"ဟေ ဟုတ်လား၊ မင်းတို့ ဘာတွေသိလာတာတုံး"

"မနေ့က ခွေးပုတို့ကို ပြောတယ်တဲ့ဗျ၊ သူနာမည်က
နောတဲ့ဗျ၊ ဘ်လူးမော့်အောင်ပြီးသားဆိုပဲ၊ ဒီလူက ခွေးပုကို
တယ်တဲ့ ကိုကြီးတာတေ"

"ဟေ ဘာမေးတာတုံးကွ"

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဒီရွာအောက်လမ်းဆရာကြီး
ယောက်နဲ့ ကဝေမယ်ငယ်ချောချောလေးတစ်ယောက်နဲ့ တိုက်
ခိုက်ကြပြီး နှစ်ယောက်စလုံး သေသွားတာ မင်းသိသလားလို့
တယ်တဲ့။ ခွေးပုက ဟာ သိတာပေါ့ဗျ၊ အဲဒါ အစ်မလှယဉ်ပဲဗျ၊
သွားတဲ့ဆရာကြီးက သျှောင်ထုံးကြီးနဲ့ဗျလို့ပြောတော့ ဒီဆရာ
ပြောသဲတဲ့၊ အေး ငါက အဲဒီဆရာကြီးရဲ့တပည့်ပဲ၊ အခု ဒီကိုလာ
သေသွားတဲ့ အဲဒီကဝေမရဲ့ အလောင်းကိုဖော်ပြီး ခေါင်းခွံကို
ယ်လို့တဲ့ဗျ၊ ပြီးရင် ဒီကောင်မကို တစ်သက်လုံး ခိုင်းစားသွား
လို့ ပြောတယ်တဲ့"

"လာဟေ့ ကျောက်ဒိုး၊ နေပူကြီးထဲမှာ ဘယ်ကိုသွားမလို့
တုံး"

ကျောက်ဒိုးက သစ်သားကွပ်ဖျစ်မှာ ဝင်ထိုင်တယ်။ ခေါင်း
က ဝါးဖတ်ခမောက်ကလေးကို ချွတ်လိုက်တယ်။ ပြီးမှ ကျောက်ဒိုးက
ပြောတယ်ဗျ။

"ကိုကြီးတာတေ ကျူပ်တို့ရွာမှာ အောက်လမ်းဆရာ
တစ်ယောက် ရောက်နေပြန်ပြီဗျ"

"ဟေ ဘယ်ကလူတုံး"

"မသိဘူးဗျ၊ ရွာထဲဝင်တာတော့ မဟုတ်ဘူး၊ သချိုင်းက
ဇရပ်မှာပဲ နေတယ်၊ သူမှာ အိုးကလေး၊ ခွက်ကလေးတွေ ပါလာ
တယ်ဗျ။ အဲဒီမှာပဲ ချက်ပြုတ်စားတာ၊ သချိုင်းကုန်းမြောက်ဘက်က
စမ်းချောင်းကလေးနားမှာ သွားပြီးချက်တာဗျ။ ရွာထဲတော့ မဝင်
ဘူးဗျ၊ နွားကျောင်းသွားတဲ့ ခွေးပုတို့ညီအစ်ကိုကို ပိုက်ဆံပေးပြီး
ရွာထဲကို စေးဝယ်ခိုင်းတယ်။ ခွေးပုတို့ပြောတာကတော့ ဒီလူက
သချိုင်းကုန်းမှာ အဓိဋ္ဌာန် လာလုပ်တာလို့ ပြောတာပဲဗျ။ ဇရပ်ပေါ်
မှာ ပုတီးထိုင်ထိုင်စိပ်နေတယ်ဆိုပဲ။ သူပုတီးစိပ်နေရင် မြွေဟောက်
ကြီးတွေရော၊ မြွေပွေးကြီးတွေရောတဲ့ဗျာ၊ နည်းတဲ့အကောင်ကြီးတွေ
မဟုတ်ဘူးတဲ့၊ သူ့အောမဲ့ပိုင်းပြီး သူ့ကိုစောင့်ရှောက်နေတာဆိုပဲဗျ"

"ဒါဆိုရင်တော့ တော်တော်ကို အစွမ်းထက်တာပဲကွ"

"ဟုတ်တယ် ကိုကြီးတာတေ၊ ရွာတလုံးတွေလည်း တော်ကော်
ကို ကြောက်နေကြတာဗျ၊ မနေ့ကတော့ ခွေးပုတို့ကို ကြက်ဖ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းစီစဉ်ရမှာပဲ။ ဒီအောက်လမ်းကောင်က ဘိုညီ လှယ်ဉ်
ဆေးစီရင်တော့မှာဗျ။

"ကဲ ကျောက်ဖိုး မင်းပြန်တော့၊ ညရှစ်နာရီကျော်ရင်
ဘန့်တွေးကုန်းကို အရောက်လာခဲ့မယ်၊ ငါ လုပ်စရာရှိတာ
လုပ်ရဦးမယ်"

ကျော် ပြန်လွှတ်တော့ ကျောက်ဖိုး ပြန်သွားတယ်။

"ကျောက်ဖိုး ငါလာမှာကို ဘယ်သူမှ မသိစေနဲ့နော်"

"စိတ်ချ ကိုကြီးတာတေ"

ကျော် သံမဏိနဲ့ ကျောက်ခဲကို သွားခေါ်တယ်။ ကျောက်
ကို ပိုက်ဆံပေးပြီး ကြွက်ဝယ်ခိုင်းတယ်။ ကျောက်ခဲက လူလည်

"ကိုကြီးတာတေ၊ အမဲသား ယူမလား"

"ဟကောင် အမဲသားက ဘယ်ကရမှာတုံးကွ"

"ကိုဝကြီးတို့အိမ်မှာ သာယာကုန်းက အမဲသား ဆုံး
လာရောင်းနေတယ်ဗျ"

"ဟော ဟုတ်လား၊ အမဲသား ရရင်တော့ ပိုကောင်းတာ
ကွ၊ သွားကွာ၊ အမဲသား တစ်ပိဿာ ဝယ်ခဲ့"

ကျော်နဲ့ သံမဏိက ဌက်ပျောဖက်တွေ တစ်ခါတည်း
ခုတ်လာတယ်။ ကျောက်ခဲပြောတာ ဟုတ်တယ်ဗျ။ ဒီကောင် အမဲ
တွဲဆွဲပြီး ရောက်လာတယ်။

ဒီကောင်နှစ်ကောင်နဲ့ ကျော်နဲ့ ဝိုင်းထဲမှာပဲ မီးဖွေ
ထမင်းတစ်အိုးနဲ့ အမဲသားတစ်အိုး ချက်ကြရတာပေါ့ဗျာ။ ဒီတေ

နှစ်ကောင်တ လွှတ်အားကိုးရတာဗျ။ ကျော်ကို ငရုတ်သီး ကူထောင်း
ပေး၊ ရေခပ်ပေး၊ မီးမွှေတ်ပေးနဲ့ ဝိုင်းလုပ်ကြတာဗျ။

ညနေ ငါးနာရီလောက်ကျတော့ အားလုံး ကျက်သွားပြီ။

"ဟဲ့ တာတေ ဘာတွေ ပွေလီဦးမလို့တုံး"

ကျော်ကတော့ အမေ့ကို အကြောင်းစုံ မပြောတော့ပါဘူး
ဗျာ။

ဌက်ပျောဖက်ခုတ်ရင်း ကျော်က သိန်းဇော်ကို မီးလောင်
ကုန်း လွှတ်လိုက်တာဗျ။ နတ်ဝင်းသည် ဒေါ်တုတ်ကို လှည်းနဲ့သွား
ပင့်ခိုင်းတာ။ ဒီကောင်တွေကလည်း ကျော်ခိုင်းရင် ဘယ်စုန်းကမှ
ငြင်းတဲ့ကောင်တွေ မဟုတ်ဘူးဗျ။ မီးလောင်ကုန်းကို တန်းသွား
တော့တာ။

ညနေခြောက်နာရီလောက်ကျတော့ သိန်းဇော်လှည်းက
ကျော်တို့ဝိုင်းထဲ ဝင်လာပြီး ဒေါ်တုတ်ကြီးက သိန်းဇော်လှည်းပေါ်မှာ
အခန့်သားကြီး ထိုင်လို့ဗျ။ တစ်ခါတည်းကို လိုက်ခဲ့တာ။

"ဟာ တော်သေးတာပေါ့ဗျာ၊ ကျော်က ဒေါ်တုတ် ပါမလာ
မှာကို စိတ်ပူနေတာဗျ"

"အမယ်လေးတော်၊ ကိုတာတေက အခေါ်လွှတ်တယ်ဆို
တော့လည်း ကျော်မှာ မလာဘဲ ဘယ်နေဝံ့ပါ့မတုံး၊ တစ်ခါတည်း
လိုက်ခဲ့ရတော့တာပေါ့တော်"

ဒေါ်တုတ်က ကျော်ကိုစရင်း အိမ်ပေါ်တက်သွားတယ်။
အမေ့အစွတ်ယူလာတဲ့ ထန်းလျက်ခဲလေး ပုန်းရည်ကြီးထုတ်ကာလေး

www.burmeseclassic.com

...ခေတ်အခါသားဆိုတော့ မဖဝါအကြောက်ပေါ့ဗျာ။ ခေါင်းကြီးဝပြီး စားတော့
တာပဲတို့။"

"ယဉ်ကျေးမှု စာတော်၊ ဘာကိုမှမရှိတဲ့...

...ဟာ ဒီတစ်ခါတော့ အကောင်းကို ထူးဟောပြီ။ ကျုပ်ကို မဖဝါ
က စပြီးခေးတာ။

...ရဖို့ဆုတ်ခဲ့ထွန်းခဲ့တဲ့ နှစ်နှစ်ကို ဘန်ဒေးကုန်းမှာ ကဝေမ
...ယောကျ်ားတစ်ယောက်နဲ့ အောက်လမ်းသွားရတဲ့ဘဝမျိုးတစ်ယောက်ပညာ
ပြင်ပြီး နှစ်ယောကျ်စလုံး သေသွားတော့ မဖဝါ ဆီမှာဝါ"

...နှင်ရည်းစား လုပ်ပေါ့"

"ပြီးခဲ့ပြီးကာမှ မဖဝါ သိတယ်၊ ဟုတ်ဖားဟုတ်တယ် မဖဝါ။
...လုပ်ပြီးကတည်းက ကျုပ်ရည်းစားဖါ။ အခု ဘန်ဒေးကုန်းသချိုင်းမှာ အဲဒီ
...အဲဒီဘိုးတော် ဆရာရဲ့တပည့် စာနော ဆိုတဲ့လူ ရောက်နေတယ်ဗျ။
...လှမြေပုံကိုတို့ပြီး ခေါင်းခွဲကို သေးစီရင်မလို့တဲ့။ ပြီးရင် လှယင်
...ကိုတစ်သက်လုံး ခိုင်းစားမှာဆိုပဲ"

"မာ၊ မာ၊ မာ၊ မာ၊ ငါဖိုင်တဲ့ သချိုင်းတွေထဲမှာ
...အောက်လမ်းတွေ လုပ်ချင်တာ လုပ်လို့ရမလားဟဲ့၊ အဲဒီကောင်
...စာနေ့ ဆိုတာကို ငါစောင့်နေတာကြာပြီ၊ ဒီညတော့ ကြုံပြီပေါ့။
...ခွဲမျက်သားမမာကို အေးဝါးတွေသုံးပြီး ကျွေးလွှဲနေတဲ့ အကောင်
...ဟဲ့၊ စည်းကျိုး စည်းပျက်ဆရာကောင်၊ ငါ ဒီကောင်ကို စောင့်နေတာ
...ကြာပြီ၊ မကြုံသေးတာ၊ ကဲ ငါသွားလိုက်မယ် တာတေ"

"ဟာ ကျုပ်ဖြင့် ဝမ်းသာလိုက်တာဗျာ။ မဖဝါသာ မကယ်

...ဒီလောက်တိုင်အောင်တိုပါ့မလား။ ပုလဲခုံးလေးတွေ ကဲ့ဒီလောက်ခဲ့
...ဖြူခုန်ရာရှိခဲ့တာပဲနဲ့ နာမှုန်ရေတို့၊ ကျောက်ခဲနဲ့ သံမဏိ
...ပြီး ဖြတ်ထုတ်ရမယ်ဆိုတာကိုလည်း သတ်ခဲ့ကြတယ်။ သံ
...က ထမင်းဟင်းလေးတွေ ထမ်းပို့ပေါ့ဗျာ။

...ငွေပြောင်းခဲ့ကြပြီ။ ဒီတစ်ခါတော့ ကျုပ်ကို ဘန်ဒေးကုန်းက ဘုန်းကြီးကျောင်းမှာ
...ကို တန်းသွားရမှာ။ ဟိုမှာ နှောက်ကျသွားရင် သွားရောပေါ့။

...ထူးစရာတိုင်း ဇာတ်ပေါ်မှာ ထမင်းထုပ်ဖြေပြီးခင်း အားလုံး
...ထွေး ဒေါ်တာက ဆိပ်ဖားလျှာချပြီး မဖဝါကို ပင့်ရတော့ပေါ့။
...အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင့်တင်းတဲ့
...မြောက်ပုံဝင်အတိုင်း ရောက်လေရာအရပ်က မြန်စွာကြွလှမ်း
...ကြွခဲ့ပါ။ သချိုင်းရှင်မကြီး မဖဝါဟာ၊ ကျုပ်တာတေမှ စားပွဲသောက်
...များနဲ့ ကြုံဆုံနေပါတယ်၊ ဟောဒီထန်းကုန်းသချိုင်းထဲကို ခွ
...ချင်း ကြွခဲ့ပါဗျာ

...ထုပ်က ထပ်ကာ ထပ်ကာ ပင့်တယ်ဗျို့

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

...ဟာ လာပြီဗျို့။ မဖဝါကြီး လာပြီဗျ။ ထော်သေးတာ
...ဟာ။ ကျုပ်က မတွေ့မှာ စိတ်ပူနေတာ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

...ဟာ ဝင်ဖြေပြီ။ ဒေါ်စာတို့ကို ဝင်ဆိုးပြီဗျ။ ဟော ခုန်
...လိုစီတာများများဗျာ လွှားကနဲပဲပို့။ ဝပေါ်ကို ရောက်သွားပြီဗျ။

www.burmeseclassic.com

www.burmeseclassic.com

ကျွဲဝက မျက်တွင်းဆေး ကွင်းထားတာဗျ။ အားလုံးမြင်နေရတာ။ ဟော ဇရပ်လေ့ကားကနေ တက်လာပြီဗျို့။ တက်လာပြီ။ ဟာ လှယဉ်၊ လှယဉ်ပါလား။။ သူ့ကို သကြိုဟ်တုန်းက ဝတ်ထားတဲ့ အဝတ်အစားကလေးတွေပဲ ဝတ်လို့ဗျ။ ပင်နီရောင် ရင်ဖုံးအင်္ကျီကလေးနဲ့ သရက်ထည်လုံချည် အနက်ပေါ်မှာ အဖြူပွင့်ကလေးတွေနဲ့ ရွှမ်ပျက်ဆင်းပျက်ပုံ မဟုတ်ဘူးဗျ။ ကျွဲပရင်ထဲမှာ မငိုမိတာ ကြာပြီ။ ကျွဲ မျက်လုံးအိမ်တွေမှာ မျှတ်ရည်တွေ စို့လာတယ်။

ဖြစ်မှဖြစ်ရလေ လှယဉ်ရယ်။

"လာဆိုလာ၊ ချင်းဆိုချင်း၊ နင်းဆိုနင်း၊ ဟဲ့တဝေမ လှယဉ်၊ နင် အခု လာခဲ့၊ လာခဲ့"

လှယဉ်က ဒီလူ့ဇနာက်မှာ ရှမ်နေတာဗျ။ ဆိပင်ကတော့ ဖားလျားချထားတာ။ ကျွဲရောက်နေတာကို လှယဉ် ဘယ်သိမှာတုံးဗျာ။ ကိုယ့်ချစ်သူတစ်ယောက်ကို အခုလို ဒုက္ခပေးတော့မယ့် ဒီအောက်လမ်းဆရာတို့ ပြေးပြီး ဓားနဲ့ အချက်တစ်ထောင်ထောက် ခုတ်ပစ်လိုက်ချင်တာပေါ့ဗျာ။

ခဏနေမှ အောက်လမ်းဆရာ တာနောက မျက်စိဖွင့်ပြီး လိုတ်ကြည့်တယ်ဗျ။ ဟော သူ လှယဉ်ကို တွေ့သွားပြီ။

"ဩော် လှယဉ် ရောက်နေမှကို၊ ဆရာက မင်း မရောက်သေးဘူးထင်နေတာ၊ အင်း လှယဉ်က သဲရဲဖြစ်နေတာတောင် လှတုန်းပါပဲလား၊ မင်းကို ငါ ပေါင်းသင်းလို့ရရင် ပေါင်းသင်းလိုက်ချင်ရဲ့ကွယ်"

ရင် လှယဉ်တစ်ယောက် အောက်လမ်းဆရာ ခိုင်းသမျှ လုပ်ရတော့မှာဗျ။

ဒေါ်တုတ်ကို ကျွဲပတို့အိမ်မှာပဲ အိပ်ခိုင်းလိုက်တယ်။ ပြန်ပို့ဖို့ အချိန်မရဘူးလေဗျာ။ ကျွဲပရယ်၊ ကျောက်ခဲရယ်၊ သံမဏိရယ် ဘန့်ဘွေးကုန်းသခ္ဓိုင်းကို တန်းပြီးပြေးရတာပေါ့ဗျာ။

ဘန့်ဘွေးကုန်းကိုရောက်တော့ လှယဉ်ရဲ့မောင် ကျောက်ဒိုးနဲ့ သံခဲက ကျွဲပတို့ကို စောင့်နေကြတာဗျ။ ဒီကောင်တွေလည်း မျက်နှာတွေ မှုန်နေကြတာပေါ့ဗျာ။

ကျွဲပတို့ငါးယောက် ဘန့်ဘွေးကုန်းသုသာန်ကို သွားကြတယ်။ ဟိုရောက်တော့ ကျွဲပတို့ ဘီစပ်ခြံပုတ်ကြီးထဲက ပုန်းပြီးကြည့်ရတာပေါ့ဗျာ။ အောက်လမ်းဆရာက မြေပုံတူးပြီးသွားပြီဗျ။ လှယဉ်ရဲ့ ခေါင်းခွံကို ရသွားပြီ။ ဇရပ်ပေါ်မှာ ဆေးစီရင်နေပြီဗျ။ လှယဉ်ရဲ့ ခေါင်းခွံပေါ်မှာ ဖယောင်းတိုင်သုံးတိုင် ထွန်းထားတယ်။

အောင်မယ် ဒီလူက စည်းဝိုင်းလည်း ချထားသေးတာဗျ။ စည်းဝိုင်းကို သွေးနဲ့ ဝိုင်းထားတာ။ ကြက်သွေးပဲ ဖြစ်မှာပေါ့ဗျာ။

ခေါင်းခွံပေါ်မှာ ထွန်းထားတဲ့ မီးတောက်ထဲကို ဖြူဖြူအမှုန့်ကလေးတွေပေါက်ထည့်ပြီး ပါးစပ်က ဂါထာတွေ ရွတ်နေတာဗျ။ ဖြူဖြူအမှုန့်ကလေးတွေ မီးတောက်ထဲကို ပစ်ချလိုက်တိုင်း ဝုန်းကနဲ ဆိုပြီး မီးတောက်ကြီး ထထသွားတယ်။

"ဟဲ့ ကဝေမရဲ့ဝိညာဉ် အခုချက်ချင်း ဒီနေရာကို အရောက်လာခဲ့စမ်း၊ ငါဆရာတာနော အမိန့်၊ အခု လာခဲ့၊ အခု လာခဲ့"

www.burmeseclassic.com

သွားပြီဗျာ အောက်လေးဆရာ တာရော် လွှတ်နောက်ကျသွားပြီ။ ဒီက
မဖဝါရဲ့လက်ကြီးက အပေါ်ကို မြောက်စာကိုသွားပြီး ရိုက်ချလိုက် ဒိုင်း
တယ်။

လခ"ဟုန်း၊ ဘုန်း၊ ဘုန်း"

ရိုက်ပြီး ရိုက်ပြီး သုံးချက်ဆင့်ရိုက်လိုက်တာ။ မဖဝါရဲ့
သံမဏိလက်ဝါးကြီးလို ဘယ်သူခံနိုင်မှာတုံးဗျာ။

"အား၊ ဟား၊ ဟား

အောက်လမ်းဆရာလည်း အသံနက်ကြီးနဲ့ အော်တဲ့အသံက
သဲချိုင်းတစ်ခုလုံး လွှမ်းသွားအောင်ပဲ။ ကျွေးခဲ့တို့တောင် လန့်သွား
ကြတာ။ ဒါကောင် ဒီကောင်ကြီးတွေ မဖဝါကို မြင်ဝံလို့ဗျ။ မြင်သာမြင်
ရင် ကျပ်ကိုထားပြီး ဖွဖွကြီးကြည့်နေမှာ သေချာတယ်။

ဟာ အန်ကယ်ရဲ့ ဟိုရဲတောင်ရဲကြီး ထိုးကျ
သွားပြီ။ သွားတော့နဲ့ဦးလေးရဲ့ အားလုံးသောတွေ့မှု မနည်း
ပါဘူးဗျာ။ တပ်မိုးတမ်းနေတာပဲ။ ဟော အရှေ့ကို ခေါင်းကြီးစိုက်ပြီး
ထိုးကျသွားပြီဗျို့။ ဆရာအောက်လမ်း ငြိမ်သွားပြီ။ နည်းနည်းမတို့ မလှုပ်
တော့ဘူး။ မဖဝါကြီးလည်း ဆေးပင်ဖားလျားကြီးနဲ့ လေထဲမှာ ရှိပ်ကနဲ
ရပ်တန့် လွင့်ပြီး ပြန်ထွက်သွားပြီ။ ကျပ်လည်း လှုပ်ဥရဲ့ ဒဏ်ခြင်းခဲ့
တာလေးကို သွေရဲ့မြေပုံထဲမှာ သေသေချာချာ ပြန်ပြီးမြှုပ်ပေးခဲ့ရတာ
ပေါ့ဗျာ။ ပြီးတော့မှ ရွာထဲဝင်ပြီး ဆူကြီးဘိုးထွန်းပွင့်ကို အကျိုး
အကြောင်း ပြောပြရတာပေါ့ဗျာ။ သူကြီးလည်း ရွာထဲက လူတချို့
ကို တိုးတိုးတိတ်တိတ်နှိုးပြီး ညတွင်းချင်း အောက်လမ်းဆရာတို့

ကျွန်ုပ်ရဲ့ကြောင်မှာတိုးတော့တဲ့ ခံစားမှုတွေကိုတောင် ဆွဲထုတ်
ပြီးခံစားပစ်ချင်လာတယ်။ ဘိုးဘွားတို့ ဒေါ်လေးတို့ ဦးလေးတို့ ဒေတာ
တော်မမ ဒေတာလေးတို့ ဒေတာကြီးတို့ ဒေတာငယ်တို့ ဒေတာ
ကြီးတို့ ဒေတာငယ်တို့ ဒေတာလေးတို့ ဒေတာတော်တို့ ဒေတာမ
ကြီးတို့ ဒေတာမငယ်တို့ ဒေတာမလေးတို့ ဒေတာမတော်တို့ ဒေတာ
အပြင်ကို ကျော်သွားပြီဗျို့။ ဒီလူရဲ့လက်တွေ သူ့ချာတားတဲ့ ဇွေးတွေလည်း ဝိုင်
ဖွဲ့ပြီး ဒီလူရဲ့ခြေထောက်တွေ သူ့ချာတားတဲ့ ဇွေးတွေလည်း ဝိုင်
ကျွမ်းတောင်ရင် လန့်ပြီးတုန်သွားအောင်ပဲ။ ဟား ဟိုဝင်ကြီး
မဖဝါကြီး။ လှယင်ပဲ မတွေ့ခင်ကတော့ အောက်လမ်းဆရာကို ချက်ချင်း
သွေပုံစံကြီး ပြောင်းသွားတာဗျ။ ဒီလိုလူကြီးမှ ဆရာဖြစ်လောက် ရိုတာ
ဟု။ ဆဲပင်ဖားလျားကြီးချလိုက်ပို့။ အော်ခင်မယ်ရေး မူလိုလုံးကြီးတွေ
ကဲ ဟင်းချောက်မှန်ကွန်လောက် ရိုတာပို့။ ရှုရှုကိုတောက်နေတာ
လုပ်ငယ်ပေ ဒို့ပြန်ဝင်ရင်ဖေဖော်ကြတာပါ ကိုး။ ဟိုး ဟိုး"ဗျားလေ
ဦးမလေးပေ အသံကတော့ ခပ်ပါးပါးကြီးနဲ့ ဖမ်းတိုင်းပဲဗျာ။ ဇနဲလေးနဲ့
ကောင်ရတော်။

ဟော ဆရာတာနောက်ဝန်းကျင် အလိုကိုတယ်။

"နင့် အယ်သူလဲ အာလေးမှတ်ခဲ့ဖူးလို့ ငါ့ကို အာထင်
လာစမ်းစောတဲ့" ဂိုဒ်ယဟ ငှ လခ ။မဖဝါလည်းကြိုဂိုဟ်
ဟဲ့ အိုး၊ မိုး၊ ဟိုး။ ဒီမှာရှင် မဟုတ်ဘူးဗျ ငါ မဖဝါ
ဟု မဖဝါ ဆရာနဲ့တူ။ ဇနဲကြီး ဇနဲမှက် ဇနဲဒေါက်ကောင်ရဲ့
ဒို့ဂေါ်ဂိုးဒ်ဆိုရာတဲ့ ဒီလူကတော့ ဒီနေရာမှာ ဒီလိုမျိုးကြီးပဲ ဟိုတစ်ခေတ်
မည်းကလေးကို ကပျာကယာထုတ်လိုက်တယ်။ ဒါပေမဲ့ ဇနဲလောက်

www.burmeseclassic.com

ကျင်းတူးမြှုပ်ပစ်လိုက်ထယ်ဗျို့။ ပြီးတော့ ဒီအကြောင်းကို အုတ်အုတ်ဆိုင်းဆိုင်းပဲ ထားလိုက်ကြရတာပေါ့ဗျာ။

အရှေ့ဘက်ကောင်းကင်

မစဲတိုရဲ့နှိမ်

တာတေတို့ ကြုံလိုက်ရင် အထူးအဆန်းတွေချည်းပဲဗျို့။

ဘဝခြားသွားတဲ့ ကျွဲရည်းစား လှယဉ်ကို အောက်လမ်းဆရာ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်က မွေးပြီးခိုင်းစားမလို့ လုပ်တာထို့ ကျုပ်မှာ အသည်း
အသန်ကို ကယ်ခဲ့ရတာပို့။

ဒါပေမဲ့ဟာ မဖဲဝါကြီး ရိုက်ချလိုက်လို့ ဒူးကြီးထောက်ပြီး
သွေးပွက်ပွက်အန်နေတဲ့ တာနောဆိုတဲ့ အောက်လမ်းဆရာကို ကျုပ်
မျက်စိထဲ စွဲနေလို့ဗျာ။ မနည်းကို ဖျောက်ပစ်ရတယ်။

ဒီတုန်းက ရေပေါ်ကို တက်လာတာ ကျုပ်ဖြင့် လန့်ပဲ
ပုတ်နေတာ။ လက်စသတ်တော့ မဖဲဝါကြီး ဖြစ်နေတာကိုးဗျ။

အဲဒီညတုန်းက မဖဲဝါက ရဂီပြောင်းရွှေပွဲလွဲ လုပ်ခိုင်း
တယ်ဆိုတာ ကျုပ်သိသွားတာပို့။ မဖဲဝါက သရဲဆိုပေမဲ့ ဘဝတစ်ခု
မှာ လုပ်ခဲ့တဲ့ ကုသိုလ်ကံ အထောက်အပံ့ကြောင့် ထင်တယ်ဗျ။
ကမ္ဘာကြီးလို့ခေါ်တဲ့ အစွမ်းတွေရှိနေတာပေါ့ဗျာ။

နွေတော့ရောက်ပြီ။

ဒါပေမဲ့ ကျုပ်တို့အညာမှာက အအေးခေတ်တော်လေး ဆက်နေ
သေးဘူးဗျ။ နေမူလို့ ညချမ်းဆိုတဲ့ တပေါင်းလလေးများ လွှတ်ပြီး
အေးတာတော့လည်း မဟုတ်တော့ဘူးဗျ။ နေလို့တောင်းရပေါ့။
ညဆို ကျုပ်တို့ရွာသားတွေ တော်တော်နဲ့ မအိမ်ကြဘူးဗျ။ ဟိုအိမ်
သွားလည်၊ ဒီအိမ်သွားလည်နဲ့ပေါ့ဗျာ။ ကျုပ်တို့ တောခေလေ့ဆိုတာ
လည်း ဒါပဲ ပျော်စရာရှိတဲ့နေရာ

ကျုပ်ကတော့ သူများအိမ် သွားလည်ခဲ့တယ်ဗျ။
ညဆိုရင် ကျုပ်ဆီကို တစ်ယောက်မဟုတ်တစ်ယောက်

လာလည်ကြတာ။ တစ်ခါတလေတော့လည်း စကားတောင်းပြီး
လုလင်ပြန်ကြက်တွန်သံကြားမှ ထပြန်ကြရောဗျို့။

တချို့ကတော့ သက်ကြီးခေါင်းချကြက်တွန်ချိန်ဆိုရင် မြန်
တာပါပဲ။ ည့ေသည်ပြန်တော့ ကျုပ်လည်း ဝိုင်းတံခါးပိတ်ပြီး အိပ်ရာ
ဝင်တော့တာပေါ့ဗျာ။

ကျုပ်က ညောင်ကုန်းက ပြန်လာတာဗျ။ နွားရိုင်းသွင်းချိန်
ရှိသေးတယ်။ မြေတွေကျလို့ဗျို့။ မိုးမချုပ်ခင် ထနောင်းကုန်း ပြန်
ရောက်အောင် ကျုပ် ခပ်သုတ်သုတ်လျှောက်နေရတာဗျ။

ညောင်ကုန်းဆိုတာက ဘန့်ဘွေးကုန်းရဲ့ မြောက်ဘက်ကျ
တယ်။ ဘန့်ဘွေးကုန်းကနေ တစ်နာရီလောက် လျှောက်ရသေးတာ
ဗျ။

လျှောက်ရင်းနဲ့ ဘန့်ဘွေးကုန်းကို လှမ်းမြင်နေရပြီ။ မှောင်
စလည်းပျိုးပြီ။ ကျုပ်က လှည်းလမ်းကြောင်းဘေးက ကပ်ပြီး
လျှောက်နေတာ။

"တာတေ နေပါဦးဟာ၊ လျှောက်လှချည်လား"

အသံကြားလို့ ကျုပ် လှည့်ကြည့်လိုက်တယ်။ ဟာ မိန်းကလေး
ဗျ။ ကျုပ်နဲ့ ရွယ်တူလောက်ပဲရှိမှာ။ ရုပ်ကလည်း သနားကမားဗျ။
လက်ထဲမှာ နွားနှင်တံတစ်ချောင်း ကိုင်ထားတယ်ဗျ။ သူနောက်မှာ
ခွေးလေးတစ်ကောင်လည်း ပါတယ်။

ခွေးက အင်းခွေးလို့ခေါ်တဲ့ နီညိုညိုလေးဗျ။ ပုတ်ပြတ်ပြတ်
ခွေးပါဗျာ။

www.burmeseclassic.com

www.burmeseclassic.com

"နင်က ဘယ်သူလဲ၊ ဘယ်ရွာကလဲ"

"ငါက မီးလောင်ကုန်းမှာ နေတာ၊ အခု ညောင်ကုန်းက ပြန်လာတာ၊ နင့်ကိုတွေ့လို့ အဖော်ရပြီဆိုပြီး မိအောင်လိုက်လာတာ"

"ဒီအချိန်ကြီးမှာ နင်တစ်ယောက်တည်း သွားလို့ ဘယ်ကောင်းမှာတုံး"

"ငါ ပြန်လာတုန်းက စောသေးတယ်ဟ၊ လမ်းမှာ အသီတစ်ယောက်နဲ့ စကားပြောနေလို့ ကြာသွားတာ"

"နင် မိုးချုပ်သွားရင် မီးလောင်ကုန်းကို ဘယ်လိုသွားမှာတုံး"

"ငါ့အိမ်ကလူတွေ ဘန်ဘွေးကုန်းမှာ စောင့်နေကြတယ်"

"ဩော် အေး အေး ၊ ဒါဆိုရင် တော်သေးတာပေါ့၊ နို့ နင်က ညောင်ကုန်းကို တစ်ယောက်တည်း ဘာသွားလုပ်တာတုံး"

ကျုပ်က ခပ်သုတ်သုတ်လျှောက်ရင်း စကားပြောနေတာဗျ။ သူကလည်း ကျုပ်နောက်က ခပ်သုတ်သုတ်လျှောက်ရင်း ပါလာတာပေါ့ဗျာ။ သူ့ခွေးပုကလည်း ကျုပ်တို့ရှေ့ကနေ အပြေးသွားနေတာဗျ။ ခွေးတွေရဲ့ ထုံးစံပေါ့ဗျာ။ နည်းနည်းပြေးလိုက်၊ ရပ်လိုက်၊ အနံ့လိုက်ခံလိုက် လုပ်နေတာဗျ။

"ဒီလို တာတေရေ၊ မီးလောင်ကုန်းဟိုဘက်က ဆပ်သမြောင်မှာ အထိကရ ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ နင်က ဆပ်သမြောင်ဘက်ကို ရောက်ရဲ့လား"

"ဟာ ငါ မရောက်တဲ့ရွာ ရှိမလားဟာ၊ တာတေဆိုတဲ့ကောင်က နေရာတကာ စပ်စပ် စပ်စပ်ပါတဲ့ကောင်ပဲ"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါကြောင့် ဒီအနားကရွာတွေမှာ နင့်ကို မသိတဲ့သူ မရှိတာ"

"ဟေ ဒါကြောင့် နင်လည်း ငါ့ကို သိနေတာပေါ့ ဟုတ်လား"

"အေးလေ ဟုတ်တာပေါ့ဟ၊ နေပါဦး၊ ငါ့စကားကို ပြန်ဆက်ရဦးမယ်၊ အဲဒီညောင်ပင်ကြီးမှာ ဘုရင်တွေရှိကတည်းက သရဲဖြစ်နေတဲ့ ပါးကွက်အာဏာသားကြီးတစ်ယောက် နေတယ်"

"ဟာ ကြာလှပြီပေါ့"

"အေး ဟုတ်တယ် ကြာလှပြီ၊ လူတွေက အဲဒီသရဲကြီးကို ရွာစွန်ထင်ပြီး သွားသွားပူဇော်ပသကြတယ်၊ ဒီတော့လည်း သရဲကြီးကားရတာပေါ့။ အေး အဲဒီသရဲက အခု ကျွတ်ချိန်ရောက်ပြီ၊ ဒါပေမဲ့ ဒီအတိုင်းတော့ ကျွတ်မှာမဟုတ်ဘူး၊ သူ့အတွက် ကောင်းမှုကုသိုလ် အလေးလုပ်ပေးမှ ကျွတ်မှာ"

"ဩော် ဩော်"

"ဒါနဲ့ ဒီသရဲက နာမည်ဘယ်လိုခေါ်တုံး"

"ဦးပုံတဲ့၊ သရဲဖြစ်နေတာ နှစ်တွေ ရာနဲ့ချီနေပြီ"

"ဩော် သနားပါတယ်ဟာ"

"အေး ငါတို့လည်း သနားလို့ သူ့ကို ကျွတ်အောင် သွားပြီး သုပ်ပေးကြမလို့"

www.burmeseclassic.com

www.burmeseclassic.com

ကျော်လည်း လျှောက်ရင်းနဲ့ ဘန်ဘွေးကုန်းကို ရောက်လာ
ပြီဗျို့။ ရွာတံခါးဝင်ကာနီးတော့-

"တာတေ"

"ဟေ ဘာတုံး"

"အဲဒီသရဲကြီး ကျွတ်အောင် နင် သွားလုပ်ပေးပါလား"

"ဟာ ငါက ဘယ်လိုလုပ်ရမှာတုံးဟ"

"ဆပ်သမြောင်ဘုန်းကြီးကျောင်းမှာ အလှူအတန်းလုပ်ပြီ
သူကို တရားနာဖို့ ခေါ်လိုက်လေ၊ သူလာမှာပေါ့၊ အဲဒီမှာပဲ ရေစက်
အမျှဝေလိုက်ပေါ့ဟ"

"အေး. . . ဒါလောက်ဆိုရင်တော့ ငါလုပ်ပေးနိုင်ပါတယ်
ဒါထက် ဘယ်တော့လုပ်ပေးရမှာတုံး"

"အခုလာမဲ့ လကွယ်နေ့ လုပ်ရမှာ၊ အဲဒီနေ့မှာ သူကျွတ်မှ
ပဲ"

"အေး ဟုတ်ပြီ၊ ငါလုပ်ပေးလိုက်မယ်၊ ဟင် နေပါဦး၊ နင်
ဒီသရဲကြီးအကြောင်း ဘယ်လိုသိနေတာတုံး"

"ဘယ်လိုပဲသိသိ၊ ငါသိလို့ နင့်ကို ပြောပြတာပေါ့၊ နင်
ဒါမျိုးတွေကို ကူညီနေကြလေ"

ဒီလိုနဲ့ ကျော်က ရွာထဲဝင်ခဲ့တယ်။ လှည့်ကြည့်လိုက်တော
ကောင်မလေးနဲ့ သူ့ခွေးလေးက ရွာတံခါးဝမှာ ရပ်နေတယ်
ဒီတော့ ကျော်က-

"ဟဲ့ လာလေ၊ ဘန်ဘွေးကုန်းရောက်နေမှ ဘာလုပ်နေတာ
တုံး"

"နင် သွားတော့ တာတေ၊ ငါက ရွာထဲ မဝင်ရဘူး"

"ဘာ နင် ဘာပြောတာလဲ၊ နင်က ဘာလို့ရွာထဲ မဝင်ရ
တာတုံး၊ နေဦး၊ နင့်နာမည်လည်း ငါ မမေးမိပါလား၊ နင့်နာမည်က
ဘယ်သူတုံး"

"ဟား ဟား ဟား နင်က တော်တော်မေ့တတ်တာကိုး
တာတေရဲ့၊ ငါက တခြားသူ မဟုတ်ဘူးဟဲ့၊ နင် ခဏ ခဏ ထမင်း
တွေ၊ ဟင်းတွေ ခေါ်ခေါ်ကျွေးတဲ့ မဖဲဝါလေ"

"ဟေ နင်က မဖဲဝါ ဟုတ်လား"

"ဟား၊ ဟား၊ ဟား၊ ဟား"

ဟာ အင်းခွေးနီညိုညိုလေးက ချက်ချင်းခွေးနက်ကြီး ဖြစ်
သွားပြီဗျို့။ ဟုတ်ပါ့ဗျာ။ ဒါမဖဲဝါရဲ့ ခွေးကြီးပဲဗျ။ နွားပေါက်လောက်
ကြီးတာလေဗျာ။

ဒါဆိုရင် ဒါ မဖဲဝါ သေချာတာပေါ့ဗျာ။

ပြေးပြီဗျို့၊ ပြေးပြီ။ ကျော် ပြေးပြီ။ နောက်ကို တစ်ချက်မှ
လှည့်မကြည့်တော့ဘူး။ ဘန်ဘွေးကုန်း ရွာလယ်လမ်းအတိုင်း ကျော်
တက်ပြေးနေတော့တာဗျို့။

"ဟဲ့ တာတေ၊ မထသေးဘူးလား၊ နင့်အဘတောင် ညောင်
စုန်းမှာ လူမမာသတင်း သွားမေးမလို့ဆိုပြီး အစောကြီး လှည့်

www.burmeseclassic.com

www.burmeseclassic.com

ကောက်မောင်းသွားလေရဲ့"

အောင်မယ်လေး တော်ပါသေးရဲ့ဗျာ၊ ကျွဲပ်အိပ်မက် မကြီး
နေတာကိုး။ အိပ်မက်ထဲမှာ စွတ်ပြေးနေရတာ မောလိုက်တာဗျာ
အမေ လာနှိုးပေလို့ပဲ။ နို့မဟုတ်ရင် ကျွဲပ်မှာ ဘယ်အထိပြေးနေ
မလဲ မသိဘူးဗျ။

ကျွဲပ် အိပ်ရာကထပြီး မျက်နှာသစ်တယ်။ တိုက်တိုက်ဆိုင်
ဆိုင်ဗျာ။ အဘကလည်း ညောင်ကုန်းသွားလို့တဲ့။

ဒါပေမဲ့ ကျွဲပ် အိပ်မက်ကို စိတ်ထဲစွဲသွားတယ်ဗျ။ ကျွဲပ်က
အိပ်မက်တွေဘာတွေ မက်ခဲပါတယ်။ ကျွဲပ် ထိုင်တွေးနေမိတာဗျ
အိပ်မက်ထဲမှာ တွေ့ရတဲ့ မဖဝါက အချောသားပဲလို့။ ဒါပေမဲ့ မဖဝါ
က ရုပ်ပြောင်းရုပ်လွဲ လုပ်နိုင်တာ သေချာတယ်ဗျ။

နေဦးဗျ။ အိပ်မက်ထဲမှာ မဖဝါ ကျွဲပ်ကိုပြောသွားတဲ့ သ
ကြီး ဦးဗုံကိစ္စက တကယ်လား။ ဒီသရဲကြီး ကျွတ်လွတ်အောင် ကျွ
က တကယ်လုပ်ပေးရမှာလား။ အိပ်မက်ပဲဗျာ။ တကယ်ဟုတ်ချင်
လည်း ဟုတ်မှာပါ။

အဲဒီလိုတွေးပြီး ကျွဲပ်လည်း မေ့မေ့ပျောက်ပျောက်ပဲ
လိုက်တာပေါ့ဗျာ။ ဒါပေမဲ့ စိတ်ထဲမှာက ဒါပဲပေါ်ပေါ်လာတာဗျ
တဖြည်းဖြည်း လကွယ်နေ့ကလည်း နီးလာပြီ။ ကျွဲပ် ဘာလုပ်ရမှ
တောင် မသိတော့ပါဘူးဗျာ။

နောက်ဆုံးတော့ ဒီကိစ္စကို အဘနဲ့ အမေကို ပြောပြ
တိုင်ပင်ရတာပေါ့ဗျာ။

"ဟာ လူကလေးကလည်း ဒီအိပ်မက်မျိုးက မဟုတ်ဘဲ
တော့ မမက်ပါဘူးကွာ၊ ဟုတ်လို့ရှိမှာပါ။ အဘသဘောကတော့
သွားပြီးလုပ်ပေးလိုက်ပါ။ အဘတို့ သံသရာခရီးသွားချင်း တစ်ယောက်
ကိုတစ်ယောက် ကယ်ကောင်းပါတယ်ကွာ၊ ကဲ ဒီလိုလုပ်၊ အဲဒီ
ကျောင်းမှာ ဘုန်းကြီး သုံးပါးနဲ့ ကိုရင် နှစ်ပါးပဲ ရှိတာ၊ အဘတို့
ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ ချက်ပေးလိုက်မယ်။ ပြီးတော့ မြို့ကို
သင်္ကန်းတစ်စုံ မှာပေးမယ်၊ ဝတ္ထုလည်း ကပ်လိုက်၊ တိုးတိုးတိတ်တိတ်
ကလေးသွားပြီး ဆွမ်းကပ်လိုက်ကွာ၊ ပြီးတော့ အဲဒီသရဲကြီးကို အမျှဝေ
လိုက်ပေါ့ လူလေးရာ၊ ဟုတ်လည်း သူကျွတ်လွတ်သွားတာပေါ့ကွာ၊
မဟုတ်လည်း အဘတို့ ကုသိုလ်ရတာပေါ့ မဟုတ်ဘူးလား လူလေး"

"အဘပြောတာ ကောင်းသားပဲ"

"အေး ဒါဆိုရင် တော်က မြို့ကို သင်္ကန်းတစ်စုံ မှာပေါ့၊
ကျွဲပ်က အဖိတ်နေ့ညကတည်းက ဆွမ်းချက်မယ်၊ လကွယ်နေ့မနက်
စောစောထပြီး ဆွမ်းဆွိုင့်နဲ့ သင်္ကန်း ယူသွားပေါ့၊ ဆပ်သမြောင်က
သိပ်ဝေးတာမှ မဟုတ်တာ၊ မီးလောင်ကုန်းကျော်ဆို ရောက်တာပါပဲ"

လကွယ်နေ့မနက်ရောက်တော့ အားလုံးအဆင်သင့်ဖြစ်
နေပြီဗျ။ အဘ မှာထားတဲ့သင်္ကန်းက အဖိတ်နေ့မရောက်ခင် တော
ဖိတ်နေ့ကတည်းက ရောက်လာတာ။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ။
တိုပိန်တို့ကလည်း အဖိတ်နေ့မှာ ဝက်ပေါ်လို့ အမေက ဆွမ်းဟင်းကို
ဝက်သားချက်တယ်ဗျ။ ဆွမ်းကတော့ မနက်စောစောမှ ထချက်တာ
ပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးတာတေ ဘာလုပ်နေတုံးဗျ"

"ဟကောင် ကျောက်ခဲပါလား၊ စောစောစီးစီး နွားလှည်းကြီးနဲ့ပါလား၊ ဘယ်သွားမလို့တုံး"

"ဆပ်သမြောင်သွားမလို့ဗျ၊ အဘက ဆပ်သမြောင်မှာ နှမ်းမျိုးသွားယူခိုင်းလို့"

"ဟေ ဆပ်သမြောင် ဟုတ်လား ကျောက်ခဲ၊ ဒါဆို ငါလည်း လှည်းကြဲလိုက်မယ်ဟေ့"

"ဟင် ကိုကြီးတာတေက ဘယ်သွားမလို့တုံး"

"ငါလည်း ဆပ်သမြောင်ကို သွားမှာ၊ ဘုန်းကြီးကျောင်းကို သွားမလို့ကွ"

"ဟာ ဒါဆိုလာလေဗျာ၊ သွားကြတာပေါ့"

ကျော်က အမေ ထည့်ပေးတဲ့ ဆွမ်းချိုင့်ကြီးကို တစ်ဖက်က ဆွဲ၊ တစ်ဖက်က အဘ ဝယ်ပေးတဲ့ သင်္ကန်းထုပ်ကို ပွေ့လို့ပေါ့ဗျာ။

"ဟာ ဘုန်းကြီးကို ဆွမ်းသွားကပ်မှာလား"

"အေးကွ၊ သင်္ကန်းလည်း ကပ်မလို့၊ မင်းနဲ့ တိုက်တိုက်ဆိုင် ဆိုင်ကို ကြဲတာကွ ကျောက်ခဲရ"

ကျော်က နှင်တံကို ကျောက်ခဲဆီက ယူလိုက်တယ်။

"ဟာ နေစမ်းပါဗျာ၊ ကိုကြီးတာတေကလည်း အေးအေး ထိုင်လိုက်စမ်းပါဗျ၊ ကျော်ဟာကျော် မောင်းပါ့မယ်"

"ငါမောင်းမယ်လေ ကျောက်ခဲ"

"မမောင်းနဲ့၊ မမောင်းနဲ့၊ ကျော်တို့နွားတွေက နွားကပ်ကြီးတွေဗျ၊ သူတို့အကြောင်းကို မသိရင် မောင်းဖို့မလွယ်ဘူးဗျ"

ဒါနဲ့ ကျော်လည်း လှည်းပေါ်မှာ ဆွမ်းချိုင့်ကလေးကိုင်ပြီး လိုက်ခဲ့ရတော့တာပေါ့ဗျာ။ လှည်းလမ်းကြောင်းက မီးလောင်ကုန်း သချိုင်းဘေးက ကပ်သွားရတာဗျ။ အဲဒီနားရောက်တော့ ဖဲသမား ကိုအောင်ချစ်ကြီးကို မဖဝါ ရိုက်သတ်လိုက်တာကို တွေးမိပြီး ကြက်သီးတွေ တဖျန်းဖျန်းထလာသေးတာဗျို့။

အဲဒီကိစ္စကလည်း ကိုကြီးအောင်ချစ်ဘက်က အမှားပါဗျာ။ မဖဝါကို ဖဲနိုင်အောင် လုပ်ပေးပါ၊ နိုင်ရင် ဘာကျွေးမယ်၊ ညာကျွေးမယ်နဲ့ပြောပြီး တကယ်နိုင်တော့ ဂရုတစိုက် ကျွေးမွေးတာ မဟုတ်ဘူးဗျ။ ဖဲလည်းရှုံးရော မဖဝါကို မကျွေးမမွေးတဲ့အပြင် ဆဲလိုက် ဆိုလိုက်သေးတာ။ ကျော်ပ တားပါတယ်ဗျာ။ ကျော်က တားတော့ ကျော်ကိုတောင် ဒီလူက ဟောက်လားဟိန်းလား လုပ်သေးတာ။ နောက်ဆုံးတော့ မဖဝါကြီး ထွက်လာပြီး ရိုက်သတ်လိုက်တော့တာဗျ။

ဒီအကြောင်းကို ကျော်ပ **'ကိုယ်တွေ့မဖဝါ'** စာအုပ်ထဲမှာ ရေးပြီးပြီလေဗျာ။ မဖတ်ရသေးရင် အဲဒီစာအုပ်ကို ရှာဖတ်ကြည့်လိုက်ပါ။ အဲဒီမှာ ဖဲသမားကိုအောင်ချစ်အကြောင်း ပါတယ်ဗျ။

"ကိုကြီးတာတေ ပေကုန်းကို လိုက်ရှာနေတဲ့ သရဲတွေတော့ တစ်ခါတည်းကို ကျွတ်ကုန်ကြတာနော်"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ အဲဒါ သရဲမဟုတ်ဘူးကွ ကျောက်ခဲရဲ့၊ သူတို့က တစ္ဆေတွေပါ"

"ဗျာ သရဲနဲ့ တစ္ဆေက အတူတူပဲ မဟုတ်ဘူးလားဗျ"

"မတူဘူး ကျောက်ခဲရဲ့၊ သရဲဆိုတာ အကုသိုလ်ကံတွေကြောင့် အပါယ်ဘုံရောက်သွားတာ၊ တစ္ဆေဆိုတာက သေကာနီးမှ တစ်ခုခုကို စွဲလမ်းသွားလို့ ဘဝမကူးနိုင်ဘဲ ဖြစ်နေတာပါ။ သူတို့က သတိကလေးရသွားတာနဲ့ ကျွတ်သွားကြတာကွ၊ သရဲကတော့ သူ့ရဲ့ အကုသိုလ်ကံကြီး မကုန်မချင်း အဲဒီဘဝမှာ နေကြရတာ၊ အဲဒီကံကြီး ကုန်သွားတော့မှ ကျွတ်လွတ်သွားကြတာ၊ နှစ်တွေ အကြာကြီး နေကြရတာကွ"

"ဩော် ဒီလိုလား ကိုကြီးတာတေ"

"အေး ဟုတ်တယ်"

"ကိုကြီးတာတေ၊ ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ပြီးတာနဲ့ ကျွပ်နဲ့ ပြန်လိုက်မှာလား"

"ဟာ ငါ ပြန်မလိုက်သေးဘူး ကျောက်ခဲ၊ မင်းပြန်နှင့်တော့၊ ငါ ဒီမှာလုပ်စရာကိစ္စလေး နည်းနည်းရှိသေးတယ်၊ ညနေနေချိမှ ငါ ပြန်ခဲ့မယ်၊ ပြီးတော့ ဆင်သမြောင်ကို မရောက်တာလည်း ကြာနေပြီကွ၊ ဒီရွာက သူငယ်ချင်းတွေနဲ့ရောက်တုန်း စကားလေး ဘာလေးပြောဦးမယ်ကွာ"

"ဩော် ဟုတ်ကဲ့ ဒါဆို နှမ်းအိတ်တင်ပြီးရင် ကျွပ် ပြန်နှင့်မယ်"

"အေး အေး ပြန်နှင့်၊ ပြန်နှင့်"

ဆင်သမြောင်ကို ရောက်တော့ ကျောက်ခဲက ကျွပ်ကို ဘုန်းကြီးကျောင်းရောက်အောင် လှည်းနဲ့ လိုက်ပို့တာဗျ။

ကျွပ်လည်း ဆရာတော်ကို အကျိုးအကြောင်း လျှောက်လိုက်တယ်။

"ဟုတ်တယ် တာတေ၊ မင်းကို မဖဝါအိမ်မက်ပေးတယ်ဆိုတာ ဟုတ်မယ်ကွ၊ အဲဒီညောင်ပင်ကြီးမှာ တစ်ကောင်ကောင်ရှိတာတော့ အမှန်ပဲ၊ ဒီရွာထဲကလူတွေ တစ်ခါတလေ မြင်ကြရတယ်၊ ညောင်ပင်ကြီးပေါ်ကို တက်သွားတာတို့၊ ဆင်းလာတာတို့ပေါ့ကွာ၊ အကောင်အထည်တော့ မသဲကွဲဘူးတဲ့ကွ၊ ဖြူဖြူကြီးဆိုပဲ။ သူတို့ကတော့ ဒါရှက္ခစိုးကြီးဆိုပြီး ညောင်ပင်မှာ မီးတွေဘာတွေ ပူဇော်ကြ၊ အစားအသောက်တွေ သွားကပ်ကြ လုပ်နေကြတာ"

"အေး ဒါဆိုရင် ဒီမှာဆွမ်းပွဲတွေ ဘာတွေ ပြင်ခဲ့ပြီးတော့ မင်းသွားပင့်လိုက်ပေါ့ကွ၊ ဘုန်းဘုန်း တရားပေစာ သေသေချာချာ ဟောလိုက်မှာပေါ့။ ပြီးတော့ သူကုသိုလ်ကို ရေစက်ချလိုက်ပေါ့ကွာ"

ဆင်သမြောင်ကျောင်းဆရာတော်က ကျွပ်နဲ့ နဂိုကတည်းက သိပြီးသားလေဗျာ။ ကျွပ်လည်း ဆရာတော် မိန့်တဲ့အတိုင်း လုပ်လိုက်တယ်။ ဒါပေမဲ့ တာတေပဲဗျာ။ ဒီအတိုင်းတော့ ဘယ်လုပ်မလဲ။ ကျောင်းအောက်ဆင်းပြီး မျက်ကွင်းဆေးလေး ကဗျာကယာ တွင်းလိုက်တာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က ရှေ့ကနေ ခပ်ဖြည်းဖြည်းလျှောက်တယ်။ သရဲကြီး ဦးဝုံက ကျုပ်နောက် ခပ်လှမ်းလှမ်းက လိုက်လာတာဗျ။ ခါးကြီးက လည်း ကုန်းကုန်းကြီးနဲ့ဗျို့။ လျှာကြီးကလည်း တွဲလောင်းကြီးကျလို့။ ဘုန်းကြီးကျောင်းရောက်တော့ သူကျောင်းပေါ်ကို တက်လို့မရဘူးဗျို့။ ကျောင်းဝိုင်းထဲက ထနောင်းပင်ကြီးအောက်မှာ မတ်တတ်ကြီး ရပ်နေတယ်။

ကျုပ်လည်း သူမြင်သာအောင် ဆွမ်းစားကျောင်းရဲ့ တံခါးတွေအားလုံး ဖွင့်လိုက်ရတယ်။ ဆရာတော်နဲ့ သံဃာတွေက ကျုပ် ကပ်တဲ့ဆွမ်းကို ဘုဉ်းပေးကြတယ်။ ဆွမ်းစားပြီးတော့ ကျုပ်က သင်္ကန်းကို သရဲကြီး ဦးဝုံ မြင်အောင် ထောင်ပြပြီး ဆရာတော်ကို ကပ်တယ်။ ဟာ ဟုတ်တယ်ဗျို့။ မဖဝါပြောတာ သေချာတယ်။ သရဲကြီးက ကျွတ်ခြိန်ရောက်လို့ထင်ရဲ့ လက်အုပ်ကြီးချီလို့ဗျ။

ကျုပ်က ကျုပ်မြင်တာကို ဆရာတော်ကိုလျှောက်တော့ ဆရာတော်ကလည်း ဝမ်းသာပီတိဖြစ်ပြီး သရဲကြီးကြားအောင် တရားဟောတယ်။ သေသေချာချာကို တရားနာတာဗျို့။ ဦးဝုံသရဲကြီးက မြေကြီးမှာ ဒူးကြီးတုပ်ပြီး လက်အုပ်ကို သေသေချာချာချီပြီး တရားနာတာ"

ဆရာတော်က တရားဆုံးတော့ ရေစက်ချခိုင်းတယ်။

'ဦးဝုံရေ ခင်ဗျားအတွက် ကျုပ် ရေစက်ချပေးမယ်'ဆိုပြီး ရေစက်ချပေးတယ်။ ရေစက်ချလိုပြီးတော့ ကုသိုလ်ကောင်းမှုကို

ပြီးတော့ ရွာအနောက်ဘက်က အထိကရ ညောင်ပင်ကြီး ရှိတဲ့ဆီကို ကျုပ်ထွက်လာခဲ့တာ။ ညောင်ပင်ကြီးက နည်းတာမဟုတ်ဘူးဗျ။ အောက်မှာဆို နေပျောက်တောင်ထိုးတာ မဟုတ်ဘူး။ ဒီညောင်ပင်ရဲ့ သက်တမ်းက နည်းမှာတော့ မဟုတ်ဘူး။ အနှစ် တစ်ရာလောက်တော့ ရှိမှာ။

ကျုပ်က ညောင်ပင်ပေါ်ကို မော့ကြည့်ပြီး-

"ဒီညောင်ပင်မှာ နေထိုင်တဲ့ ပါးကွက်အာဏာသားကြီး ဦးဝုံဗျာ. . .

ကျုပ်တို့က ခင်ဗျားအတွက် ကုသိုလ်ကောင်းမှုတွေ လုပ်ပေးကြမလို့ပါ။ ဆရာတော်ကျောင်းမှာ ခင်ဗျား ကုသိုလ်ဖြစ်အောင် ဆွမ်းကပ်ဖို့ ပြင်နေကြတယ်။ ပြီးတော့ သင်္ကန်းလည်း ခင်ဗျားကုသိုလ်အဖြစ် လှူပေးမှာ၊ ပြီးရင် ခင်ဗျားကုသိုလ်ကို ကျုပ်က ခင်ဗျားကိုယ်စား ရေစက်ချပေးမှာ၊ အဲဒါကြောင့် ဆရာတော်ကျောင်းကို အခု ချက်ချင်း လိုက်ခဲ့ပေတော့ ဦးဝုံ"

ကျုပ်ကပြောပြီး အသာအကဲခတ်နေလိုက်တယ်။ ဟော တွေ့ပြီဗျို့။ တွေ့ပြီ။ ညောင်ပင်ကြီးပေါ်ကနေ ဆင်းလာတာဗျို့။ ပြုန်းကနဲကြည့်တော့ ဖြူဖြူကြီးဗျ။ သေသေချာချာကြည့်တော့ ခါးတောင်းကျိုက်ကြီးနဲ့ ဆံပင်ဖားလျားကြီးနဲ့ဗျ။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျာ။ လျှာကြီးကလည်း တွဲလောင်းကြီးကျနေတာဗျ။ လူတွေ ရုတ်တရက် မြင်လိုက်ရင် လန့်ပြီး သေသွားနိုင်တာဗျ။

www.burmeseclassic.com

ကျုပ်က အမျှဝေတယ်။ ဆရာတော်ရော သံယာတွေရော ကိုရင်တွေပါ သာဓုဝိုင်းခေါ်ပေးကြတယ်။

ဟာ ဦးဗုံလည်း သာဓုခေါ်နိုင်တယ်ဗျို့။ သာဓု ခေါ်နေတယ်။ ပြီးတော့ ဆရာတော်ကို သေသေချာချာ ရှိခိုးတယ်။ ကျုပ်ကို သူမျက်လုံးအကြီးကြီးတွေနဲ့ စိုက်ကြည့်နေတယ်ဗျ။ ကျေးလူးတင်လို့ ထင်ပါရဲ့ဗျာ။

ဟော ပျောက်သွားပြီဗျို့။ ပျောက်သွားပြီ။ သရဲကြီး ဦးဗုံချက်ချင်းကို ပျောက်သွားတာဗျို့။ ကျုပ်က ဒီအကြောင်း ဆရာတော်ကို လျှောက်တော့ ဆရာတော်က ပြုံးပြီး ပီတိဖြစ်နေတာပေါ့ဗျာ။

"ဘင်း ဆိုးလိုက်တဲ့ ဘဝများနှယ်၊ ဘုရင်က အာဏာပါးကွက်သား ခန့်သတဲ့၊ သတ်လိုက်ရတဲ့လူတွေ၊ နည်းမှာမဟုတ်ဘူး၊ အင်း အပါယ်ဘုံသားကြီးဖြစ်နေလိုက်တာ၊ နှစ်ပေါင်း ဘယ်လောက်များရှိလဲတော့ မသိဘူးကွဲ့ မောင်တာတေရဲ့"

"မှန်ပါဘုရား၊ မဖဲဝါ အိပ်မက်ထဲမှာ ပြောဘာကတော့ နှစ်ရာနဲ့ချီနေပြီလို့ ပြောတယ်ဘုရား"

"အေး ဟုတ်လောက်တာပေါ့ကွယ်၊ ကြောက်စရာ တယ်လည်းကောင်းပါလားကွယ်၊ ကဲ ကဲ မောင်တာတေလည်း ထမင်းစားတော့ဟေ့၊ နို့ ဘယ်အချိန်ပြန်မှာတုံး"

"တပည့်တော် ဆပ်သမြောင် မရောက်တာ ကြာနေပြီဘုရား၊ ရွာထဲက တပည့်တော်ရဲ့ သူငယ်ချင်းတွေဆီမှာ အေးအေး

ဆေးဆေး စကားပြောပြီးမှ ရွာပြန်မယ်ဘုရား"

"မင်းသူငယ်ချင်းတွေက ဘယ်သူတွေတုံး"

"ရွာလယ်ပိုင်းက မောင်ချစ်တို့၊ ဖိုးစီတို့ပါဘုရား"

"ဩော် ဩော် ဖိုးစီတို့နဲ့ ခင်သလားကွဲ့"

"မှန်လှပါ၊ တပည့်တော်တို့ မြို့ကျောင်းမှာ အတူတူတက်တာပါဘုရား"

"ဩော် အေး အေး၊ ကဲ ဘုန်းဘုန်းတော့ အလုပ်စခန်းလေး ဝင်တော့မယ်ကွယ်"

"မှန်လှပါဘုရား၊ ဒါဆို တပည့်တော် တစ်ခါတည်း ကန်တော့လိုက်တော့မယ်ဘုရား"

"အေး အေး ကန်တော့၊ ကန်တော့"

ကျုပ်က ဆရာတော်ကို ကန်တော့လိုက်တယ်။

"မောင်တာတေ၊ လိုရာဆန္ဒ ပြည့်ဝပါစေ"

"ဒီရွာပဲ၊ ဒီခန္ဓာနဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားထူးတရားမြတ်ကို ကျင့်ကြံအားထုတ်နိုင်သူ ဖြစ်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ဘုရား"

ကျုပ် ဆရာတော်ကျောင်းမှာ ထမင်းစားပြီး ဦးပဉ္စင်းတွေနဲ့ စကားထိုင်ပြောနေသေးတယ်ဗျ။ ဦးပဉ္စင်းတွေကလည်း ကျုပ်ကို သိကြတာဆိုတော့ မဖဲဝါအကြောင်းကို မေးနေကြတာဗျ။

"တာတေရေ ဦးပဉ္စင်းတို့က ထင်ထားတာက မဖဲဝါဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ပုံပြင်တစ်ပုဒ်ပဲလို့ ထင်တာ၊ တကယ်ရှိတယ်လို့ကို မထင်ဘူးကွဲ့."

"မဖဲဝါ တကယ်ရှိတာပါဘုရား၊ တပည့်တော်က ကိုယ်တွေ့ပါဘုရား"

"အေး အခုမှပဲ ဦးပဉ္စင်းတို့က ယုံတော့တာကွဲ့."

ကျေပ်လည်း ကျေပ်အတွေ့အကြုံကလေးတွေကို ဦးပဉ္စင်းတွေကို ပြောပြရတာပေါ့ဗျာ။

"နို့ မဖဲဝါနဲ့ မောင်တာတေနဲ့က ဘယ်လိုများ ပတ်သက်ခဲ့ရှိလို့လဲကွဲ့."

"အဲဒါတော့ တပည့်တော် မသိပါဘူးဘုရား၊ တပည့်တော်တို့ရွာက ပုဗ္ဗာရုံကျောင်းဆရာတော်ရဲ့ မယ်တော်ကြီးကို ဖုတ်ဝင်တုန်းက ဆရာတစ်ယောက်က မဖဲဝါကိုပင့်ပြီး အကူအညီတောင်းတာကို တပည့်တော်က ကိုယ်တိုင် ပါဝင်ခဲ့ရတာဆိုတော့ အဲဒါကိုမှတ်ထားပြီး အဲဒီဆရာကြီး လုပ်သလို မဖဲဝါကို ပင့်တာပါဘုရား"

"နို့ မောင်တာတေ ပင့်တော့ကော မဖဲဝါက လာသလားကွဲ့."

"မှန်ပါဘုရား၊ အမြဲတမ်း လာပါတယ်ဘုရား"

"ဒါဆိုရင် မောင်တာတေမှာလည်း သူတို့လို ပင့်နိုင်တဲ့ အကြောင်းက ရှိနေလို့ဖြစ်မှာပေါ့ကွဲ့."

"ဒါတော့ တပည့်တော် မသိပါဘူးဘုရား"

"မောင်တာတေ ဆေးတွေဝါးတွေရော ထိုးဖူးသလား"

"တပည့်တော် ဘာဆေးဝါးမှ မထိုးဖူးပါဘူးဘုရား"

"အင်းတွေဘာတွေရော သောက်ဖူးသလားကွဲ့."

"အင်းတော့ သောက်ဖူးတယ်ဘုရား၊ ဆရာကြီး စိုင်းနွဲဖတို့ကို လိုက်ပြီး ကူညီတုန်းကတော့ တပည့်တော်ကို အင်းတိုက်တဲ့အခါတိုက်ပါတယ်ဘုရား"

"အေး အေး လူဆိုတာကလည်း ဘဝတွေအဆက်ဆက် ရှိခဲ့တာပဲမို့လား၊ သဲတ္တဝါတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဒီဘဝမပတ်သက်ရင်တောင် တခြားဘဝတွေမှာ ပတ်သက်ခဲ့တာတွေ ရှိကြတာပဲ။ ဒါကြောင့် လိုက်ပြီးကူညီနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွယ်၊ ကဲ ကဲ မောင်တာတေလည်း ဒီရွာရောက်တုန်း သွားစရာရှိတာ သွားဦးကွဲ့."

ကျေပ်လည်း ဦးပဉ္စင်းတွေကို ကန်တော့ပြီး ထွက်လာခဲ့တယ်။ ဆွမ်းချိုင့်အလွတ်ကိုလည်း ကျေပ် မြန်မြန်ဆွဲခဲ့ရတာပေါ့ဗျာ။

ရွာလယ်ပိုင်းကိုရောက်တော့ မောင်ချစ်နဲ့ ဖိုးစိုကို တွေ့တယ်ဗျ။ ဒီကောင်တွေလည်း ကျေပ်ကိုတွေ့တော့ အံ့သြပြီး ဝမ်းသာကြတာပေါ့ဗျာ။

ကျေပ်ကတော့ အမေဆွမ်းကပ်ခိုင်းလို့ လာကပ်တာလို့ပဲ ပြောရတာပေါ့ဗျာ။ ဒီကောင်နှစ်ယောက်နဲ့ ကျေပ်နဲ့ ထိုင်ပြီးစကား ပြောလိုက်ကြတာ ညနေကို စောင်းရောဗျ။ ဒီတော့မှ ကျေပ် ဒီကောင်နှစ်ယောက်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က မိုးမချုပ်ခင် အိမ်အရောက်မြန်ဖို့ စိတ်ကူးထားတာဗျ။ ဘာဖြစ်လို့တုံးဆိုတော့ ကျုပ် စောစောက မျက်ကွင်းဆေးကွင်းထားတာလေ။ အဲဒါကို ပြန်ဖျက်ဖို့ ကျုပ်က နန္ဒင်းဖြူ 'ဝ'ကွင်းကာ မေ့ကျန်ခဲ့တယ်။

ဒီတော့ ကျုပ်မျက်စိက နာနာဘာဝတွေကို မြင်နေတော့မှာဗျ။ ဒါကြောင့် စောစောပြန်ချင်တာ။ မောင်ချစ်နဲ့ ဖိုးစိကလည်း ကျုပ်ကို ဆွဲထားနေတော့ နေတောင်စောင်းသွားရောဗျို့။

ကျုပ်လည်း အမေ့ဆွမ်းချိုင့်အလွတ်ကို လတ်ကဆွဲရင်း ဆပ်သမြောင်က ပြန်လာခဲ့တယ်။ ဆပ်သမြောင်က ထွက်လာကတည်းက မှောင်ရီသမ်းနေပြီဗျ။ ဆပ်သမြောင်ထန်းတောကို ရောက်တော့ပဲ မိုးကချုပ်ပြီ။

ထန်းတဲကလေးတွေရှိတော့ လူကတော့ မပြတ်ဘူးဗျ။ ထန်းသမားတွေရဲ့ ကလေးတွေတောင် တဲရှေ့မှာ ပြေးလွှားကစားနေကြတုန်းလေ။ ထန်းတောကျော်တော့ ဒီရွာသားတွေ ယာကြီးလို့ ခေါ်တဲ့နေရာဗျ။ ယာကွင်းအကျယ်ကြီးကို ယာကြီးလို့ ခေါ်ကြတာပေါ့ဗျာ။ လူတော့ ပြတ်သွားပြီပေါ့။ ကြယ်ရောင်နဲ့ကို ကျုပ်တို့က သွားနေကြပါ။

ဒီလိုနဲ့ ကျုပ်တစ်ယောက်တည်း ယာခင်းတွေ တစ်ခင်းပြီး တစ်ခင်း ဖြတ်လျှောက်လာခဲ့တာပေါ့ဗျာ။ မျက်ကွင်းဆေး ကွင်းထားပေမဲ့ အခုထိတော့ ဘာမှကို မတွေ့ရပါဘူးဗျာ။ နာနာဘာဝဆိုတာ

လည်း ကွင်းရိုးကျင်းရိုးမှာ သွားချင်တိုင်း လျှောက်သွားနေတာတော့ မဟုတ်ဘူးဗျ။ သူတို့မှာလည်း သူတို့စည်းကမ်းနဲ့ အထိန်းအချုပ်နဲ့ ရှိပုံရတယ်ဗျ။

ကျုပ်လျှောက်ရင်းနဲ့ မီးလောင်ကုန်းကိုတောင် လှမ်းမြင်နေရပြီဗျို့။

မီးလောင်ကုန်းကို ရွာထဲက မဖြတ်တော့ဘူးလို့ ကျုပ်စိတ်ကူးလိုက်တယ်။ ရွာပြင်လမ်းကပဲ ထနောင်းကုန်းကို သွားမယ်။ ရွာထဲဝင်ရင် ဟိုလူကဆွဲထား၊ ဒီလူကဆွဲထားနဲ့ ကျုပ် ဒီည ရွာပြန်ရောက်မှာ မဟုတ်ဘူးဗျ။

ဒါနဲ့ပဲ ကျုပ် မီးလောင်ကုန်းရွာပြင်ကလမ်းကပဲ လာခဲ့တယ်။ ဒါကတော့ တောအုပ်ကလေးဘေးက ဖြတ်ရတာပေါ့ဗျာ။ ဒီနေရာတွေက တာတေယ်ငယ်ကလေးကတည်းက နေ့ရော ညရော သွားနေကျနေရာတွေပါဗျာ။

တောအုပ်ကလေးကျော်တော့ မြရာပင်တွေ ပေါက်နေတဲ့ တုန်းကလေးကို ရောက်ရောဗျ။ မြရာတောကလေးအလယ်မှာ လူသွားလမ်းဖွေးဖွေးကလေးရှိတယ်။

အဲဒီလမ်းကလေးအတိုင်း ကျုပ်လျှောက်လာလိုက်တာ၊ အတော်ကလေး လျှောက်မိတော့-

"ဟာ"

ကျုပ်ပါးစပ်က ယောင်ပြီးအော်လိုက်မိတယ်။ ခွေးကြီးဗျို့။

www.burmeseclassic.com

www.burmeseclassic.com

ကျပ်သွားမယ့် လမ်းကလေးမှာ ဝိတ်ပြီးရပ်နေတာဗျ။ ကျပ်
သေသေချာချာ ကြည့်လိုက်တော့မှ ဒါ မဖဝါရဲ့ ခွေးကြီးပဲဗျ။

ကျပ်ဖြင့် ကြက်သီးတွေ တဖျန်းဖျန်းထသွားတာဗျို့။ ကျပ်
မှားသွားပြီထင်တယ်။ စောစောကတည်းက မီးလောင်ကုန်းရွာထဲ
ကဖြတ်လိုက်ရင် ကောင်းသားလို့ ကျပ်တွေးလိုက်မိတယ်။

ခုမှတော့ နောက်ပြန်လှည့်လို့လည်း မမိတော့ဘူးလေ
အခြေအနေကြည့်ပြီးရင် ဆိုင်ရတော့မှာပေါ့ဗျာ။

"အီး၊ အီး၊ အီး၊ အီ"

ဟော မဖဝါရဲ့ခွေးကြီးက ကျပ်ကို မာန်ဖီတာ မဟုတ်ဘူ
ဗျ။ အမြီးကြီးလှုပ်ပြီး ကြိုဆိုတာဗျ။ သခင်တွေ့ရင် ခွေးတွေလုံ
တတ်တဲ့ပုံမျိုးပေါ့ဗျာ။ ဒါပေမဲ့ ခွေးက ခပ်သေးသေး မဟုတ်ဘူးဗျို့
နွားပေါက်လောက်ရှိတဲ့ အကောင်ကြီးဗျ။ မျက်လုံးကြီးတွေက ရဲ
တာ။ ပါးစပ်ထဲက အစွယ်ကြီးတွေလည်း ဖွေးလို့ဗျ။

ဒါပေမဲ့ ဒီခွေးကြီးက အမြီးတလှုပ်လှုပ်နဲ့ ကျပ်ကို တအီး
လုပ်နေတာ။

ဟော နောက်ကိုလှည့်ပြီး လမ်းကလေးအတိုင်း သွားပြီ
ဟာ ရပ်ပြီ။ ကျပ်ကို အမြီးကြီး လှုပ်ပြနေတယ်။ ပါးစပ်ကလည်
အီအီနဲ့ လုပ်နေတာဗျ။

ဒီကောင် ကျပ်ကို ခေါ်နေတာဗျ။ သူနောက်က လိုက်ခဲ့
ခေါ်နေတာ။ ဟော သွားပြန်ပြီ၊ ဟာ ရပ်ပြန်ပြီ။ ကျပ်ကို လှည့်ကြ

ပြီး အမြီးလှုပ်ပြနေပြန်ပြီဗျို့။ ကျပ်မှာလည်း သွားစရာက ဒီတစ်လမ်း
ရှိတော့ ဘယ်လိုလုပ်ရမလဲ။

ကဲကွာ မထူးပါဘူး။ သူနောက်က လိုက်သွားရတော့မှာပဲ
လို့ ကျပ်တွေးပြီး သူနောက်က လိုက်တယ်။

မဖဝါရဲ့ ခွေးကြီးက ရှေ့ကသွား၊ ကျပ်က နောက်ကလိုက်
တယ်။ မြရာတောလမ်းကလေးလည်းဆုံးရော ခွေးနက်ကြီးက ကျပ်
ကို တစ်ချက်လှည့်ကြည့်ပြီး အမြီးလှုပ်ပြသေးတယ်ဗျ။

သူနောက်မှာ ကျပ်ပါလာမှန်းသိတော့မှ မြောက်ဘက်ကို
ချိုးချသွားတယ်။ ကျပ်လည်း သူနောက်က လိုက်ရတာပေါ့ဗျာ။
ကျပ်စိတ်ထဲမှာ နည်းနည်းတော့ ထင့်သွားတယ်ဗျ။ ဒီမြရာတော
လမ်းကလေးကို ကျပ် ခဏ ခဏ လျှောက်ဖူးတာပဲဗျာ။ လမ်းက
ဒီလောက်လည်း မရှည်ပါဘူး။ ဒီလို အချိုးအကွေ့တွေလည်း မရှိ
ပါဘူး။

လမ်းလေးက တော်တော်ကို ရှည်တာဗျ။ ကျပ် ဒီလမ်း
လေးမှာ လျှောက်နေရတာချည်းပဲ။ နာရီဝက်ကျော်ကျော်လောက်
ရှိနေပြီ။

ခွေးကြီးက နောက်တစ်ခါက တောင်ဘက်ကို ချိုးသဗျ။
ကျပ်လည်း သူနောက်က လိုက်ချိုးလိုက်တယ်။

"ဟာ အိမ်ကြီးတစ်လုံးပါလား"

ကျပ် တွံ့ကနဲရပ်လိုက်တယ်။ မဖဝါရဲ့ ခွေးကြီးလည်းရပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ကျွပ်ကို ကြည့်နေတယ်။ အမြီးကြီးကတော့ တလှုပ်လှုပ်နဲ့ပျို့။ ကျွပ်
ကို သူ ဒီအိမ်ကို ခေါ်လာတာပါလား။

ကျွပ် မဝင်ရဲဘူး။ တိုက်ပျက်ကြီးဗျ။ နှစ်ထပ်အိမ်ကြီး
ရှေးခေတ်ကတည်းက ဆောက်ထားခဲ့တဲ့ အိမ်ကြီးဗျ။ အပေါ်ထပ်မှာ
ပြတင်းပေါက်တံခါးတွေတောင်ပြုတ်ပြီး တွဲလောင်းကျနေတယ်။

"အီ၊ အီ၊ အီ၊ အီ"

ဟော ခွေးနက်ကြီးက ကျွပ်ကို ခေါ်နေတာဗျ။ ကျွပ်
ဘယ်ဝင်ရဲပါ့မလဲ။ အိမ်ထဲမှာတော့ မီးလင်းနေတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ဟာ ဒီကောင် အူပြီဗျို့။ ဆွဲဆွဲငင်ငင်ကြီး အူလိုက်တာ

"ဟာ အိမ်ကြီးထဲက လူထွက်လာတယ်ဗျ။ ကျွပ်ကို
တော့ ရပ်သွားတယ်။ အိမ်ထဲက ဖြာထွက်နေတဲ့ မီးရောင်အောက်
မှာ ကျွပ်တွေ့လိုက်ရတာက မိန်းမတစ်ယောက်ဗျ။ ဆံပင်ဖားလျား
ချထားတယ်။

"တာတေ ဘာမှမကြောက်နဲ့ လာပါ"

ဟာ ကျွပ်ကို သိနေတာပါလား။ ကဲဟာ ဘာဖြစ်ဖြ
ခုနေထွက်ပြေးလို့လည်း ဒီခွေးကြီးက လိုက်ကိုက်ချင် ကိုက်နေမှာ
အိမ်ထဲဝင်လိုက်တာပဲ ကောင်းပါတယ်။

ကျွပ်အိမ်ထဲဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။ အိမ်ကြီးထဲကို
တဲ့လမ်းက အုတ်စီထားတဲ့လမ်းကလေးဗျ။ ဘေးတစ်ဖက်တစ်ခ

မှာ ပျိုမနဲ့ဝင်ပန်းပင်ကလေးတွေရှိတယ်။ ပန်းတွေ ဖွေးဖွေးလှုပ်
ပွင့်နေတာဗျ။ အုတ်လမ်းကလေး အလယ်လောက်ရောက်တော့
ယုဇနပင်တွေဗျ။ ပွင့်နေလိုက်ကြတာ ဖွေးနေတာပါပဲဗျာ။ ယု
ပန်းရဲ့ ခရိုအိအိအနံ့က ကျွပ်နှာခေါင်းထဲကို ဝင်လာတယ်။

ကျွပ်ခွေးကြီးကို သတိရပြီး နောက်ကို လှည့်ကြည့်တော့
ဘုရား ဘုရား ကျွပ်နောက်နားမှာ ပါလာတာကိုးဗျ။

"လာပါ တာတေ၊ မကြောက်ပါနဲ့"

ဟာ ဟိုညက ကျွပ်အိပ်မက်ထဲမှာတွေ့တဲ့ ကောင်မလေးပဲ
ဗျ။ တော်သေးတာပေါ့ဗျာ။ ဒီအသွင်သဏ္ဌာန်နဲ့ တွေ့ရပေလို့ပေါ့။
ကျွပ် သခ္ခိုင်းတွေထဲမှာ မြင်နေရတဲ့ အရပ်ဆယ်ပေလောက်ကြီးသာ
ဆိုရင် ကျွပ် ဒီနေရာမှာတင် နှလုံးခုန်ရပ်သွားမှာ သေချာတယ်ဗျို့။

အိပ်မက်ထဲက မဖဝါပါပဲ။

"တာတေ နင် ဆပ်သမြောင်ကိုသွားတာ ငါသိတယ်၊ ဦးဗုံ
ကြီး ကျွတ်သွားပြီ၊ ဝမ်းသာဖို့ကောင်းပါတယ်၊ နင်လည်း ကုသိုလ်
အများကြီး ရသွားပြီ"

ကျွပ်က မဖဝါရဲ့ အိမ်ကြီးထဲကို လိုက်ကြည့်တယ်။ တော်
တော်ကျယ်တဲ့ အိမ်ကြီးဗျ။ ဒါပေမဲ့ သုက်တမ်းတစ်ရာကျော်လောက်
တော့ရှိပြီထင်တယ်။ တော်တော့်ကို ဟောင်းနွမ်းနေတာ။

"တာတေ ထိုင်လေ"

မဖဝါက ကျွပ်ကို ကုလားထိုင်ကြီးတစ်လုံးကို လက်ညှိုးကို
ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကုလားထိုင်က ကနုတ်ပန်းတွေနဲ့ဗျ။ တော်တော်ကြီးတာ။ တစ်ခါတုန်းက လူကြီးကြီးတွေ ထိုင်တာထင်တယ်။ ရွှေတွေလည်း ချထားတယ်။ အခုတော့ ဟောင်းနွမ်းပြီး ရွှေတွေလည်း အကွက်လိုက် ကွာနေပြီဗျ။

ကျွပ်ကုလားထိုင်မှာ ဝင်ထိုင်တယ်။ ကျွပ်လက်ထဲက အမေ့ချိုင့်ကိုလည်း အောက်မချဘဲ ကိုင်ထားတာဗျ။ ကျွပ်က အကြံနဲ့လေ။ အကြောင်းဆိုရင် ဒီချိုင့်နဲ့ လွဲရိုက်ပြီး ကျွပ် စွတ်ပြေးမယ်လို့ တွေးနေတာဗျ။ အမေ့ချိုင့်က ကြွေရည်သုတ် ငါးဆင့်ချိုင့်လေဗျာ။

"တာတော၊ နင့်ချိုင့်ကြီးကို အောက်ချထားလိုက်ပါ။ ကိုင်ထားရတာ လေးက လေးသနဲ့၊ ဒီမှာ ဒီချိုင့်နဲ့ရိုက်ပြီး ထွက်ပြေးရမဲ့သူ ဘယ်သူမှ မရှိပါဘူးဟာ"

ကျွပ်တွေးတာကို သူသိနေပါလား။ ကျွပ်လည်း လက်ထဲက ချိုင့်ကို ကြမ်းပြင်ပေါ် ချထားလိုက်တယ်။

"တာတော နင် ဗိုက်ဆာနေတယ်မို့လား၊ ဘာစားချင်သလဲ၊ ငါ နင်စားချင်တာကို ကျွေးလို့ရတယ်၊ ပြော"

ဟိုနေ့ညက အိပ်မက်ထဲမှာ တွေ့တုန်းကတော့ ကျွပ်ထက သူ့ကို မဖဝါမှန်း မသိလို့ နင်နဲ့ငါနဲ့ ပြောခဲ့တာဗျ။ အခုတော့ ကျွပ် ကြက်သီးတွေ တဖျန်းဖျန်း ထနေတာဗျို့။ ဘာမှလည်း မပြောရဲတော့ဗျ။

"ဟို ဟို ကျွပ် ဘာမှမစားချင်ပါဘူး သခ္ခိုင်းရှင်မကြီး

"ဟာ တာတောကလည်း နင် ဘာမှအန္တရာယ် မဖြစ်စေရပါဘူး၊ စားချင်တာပြောပါ"

ကျွပ်ဖြင့် ဗျာ အံ့သြလိုက်တာ။ အလွန်ကြမ်းတမ်းတဲ့ မဖဝါကြီးက အခုကျတော့ အတော်ကို ယဉ်ကျေးတာဗျာ။ ကျွပ်ဖြင့် ယုံတောင် မယုံနိုင်အောင်ပါပဲ။

"တာတော ငါ့ကို မအံ့သြနဲ့၊ ငါက ကြိုက်တဲ့အသွင်ကို ယူလို့ ရတယ်ဟဲ့"

ဟာ ကျွပ်တွေးတာကို သိနေတာဗျ။ ကျွပ်ဖြင့်ဗျာ တွေးတောင် မတွေးရဲတော့ဘူးဗျို့။

ဟော ထွက်ပေါ်ကြပြီဗျို့။ ထွက်လာကြပြီ။ ငွေဗန်းလေးတွေ ကိုင်လို့ဗျ။ အောင်မလေး ကြောက်စရာကြီးတွေဗျာ။ ဆံပင်ဖားလျားကြီးနဲ့ ထဘီကြီးရင်လျားထားတာက တစ်ယောက်ဗျ။ နဖူးတည့်တည့်မှာ မျက်လုံးကြီးတစ်လုံးပဲပါတယ်။ ပါးစပ်ကလည်း ပြဲပြဲကြီးဗျ။ လက်ထဲကဗန်းကို ကျွပ်ရှေ့က သစ်သားစားပွဲခုနစ်ပေါ် တင်လိုက်ပါတယ်။

ဟော နောက်တစ်ယောက်၊ အောင်မလေး နားရွက်ကြီးက အကြီးကြီးပါလားဗျာ။ တစ်ကိုယ်လုံးမှာလည်း အမွေးရှည်ကြီးတွေ ဖုံးလို့ဗျ။ ဟာ လျှာနီနီကြီးက ပါးစပ်ကြီးထဲက တွဲလောင်းကြီးကျနေတာ။ တစ်တောင်လောက်ရှိမယ်ထင်တယ်။ ယောကျ်ားလား မိန်းမလားတော့ မသိဘူးဗျ။ သူ့လက်ထဲက ငွေလင်ဗန်းကို ကျွပ်ရှေ့က

www.burmeseclassic.com

www.burmeseclassic.com

ခုန်ပေါ် လာချတယ်။

ပြီးတော့ မဖဝါရဲ့နောက်မှာသွားပြီး ရိုးရိုးလေးတွေ ရပ်နေကြတယ်။ ကျွပ်က သူတို့ကို လိုက်ကြည့်နေတော့ မဖဝါက ကျွပ်ကို မေးတယ်။

"တာတေ နင် သူတို့ကို မြင်ရလား"

"မြင် မြင်ရပါတယ်၊ သခ္ခိုင်းရှင်မကြီးဗျာ"ဆိ

"ဟေ နင် ဘာဖြစ်လို့ မြင်ရတာတုံး"

"ကျွပ် ဆေးကွင်းထားလို့ပါ၊ သခ္ခိုင်းရှင်မကြီး"

"သြော် ဒါကြောင့်ကိုး၊ နင် ဒီဆေး ဘယ်ကရတုံး"

"ဆရာကြီးနွံဖ ပေးတာပါ၊ မဖဝါ"

"သြော် နင်နဲ့ထိုက်လို့ နင်ရတာပေါ့၊ ဒီဆေးကို နေရာတကာ မသုံးရဘူး တာတေ"

"ကျွပ် မသုံးပါဘူး သခ္ခိုင်းရှင်မကြီး၊ ဒီနေ့ ဦးဝုံကြီး ကျွတ်ရဲ့လားဆိုတာ သိချင်လို့ ကျွပ် ကွင်းသွားတာပါဗျာ"

"ကဲ တာတေ စား စား"

ကျွပ်စားပွဲပေါ်ကို လှမ်းကြည့်လိုက်တယ်။ ရွှေရောင်ဝင်းနေတဲ့ ငှက်ပျောသီးတွေက တစ်ဗန်းဗျ။ ညှပြီး ပြောင်နေတဲ့ ညှပ်တိုတို အသီးတွေက တစ်ဗန်းဗျ။ ကျွပ် ဘယ်စားရဲပါ့မလဲဗျာ။ ဒါပေမဲ့ မစားဘဲလည်း မနေနိုင်ဘူးဗျ။ ကဲ ဖြစ်ချင်ရာဖြစ်ဟာဆိုပြီး ငှက်ပျောသီးတစ်လုံးကို ခွာစားလိုက်တယ်။ ဟာ ကောင်းလိုက်တာဗျာ။ တျွပ်

ဆီးသီးလို အသီးတွေကို တစ်လုံးယူစားလိုက်တယ်။ ဇောင်းလိုက်တာ။ ချိုပြီး မွှေးနေတာဗျ။ ချက်ချင်းကို အားတွေပြည့်သွားသလိုပဲဗျ။

"ကျွပ်ကို ပြန်ခွင့်ပြုပါ မဖဝါ"

ကျွပ်က အရဲစွန့်ပြီး ခွင့်တောင်းကြည့်တယ်။

"အေး အေး ပြန်ပါ တာတေ၊ ငါက နင့်ကို ကြုံတုန်း အိမ်လည်ခေါ်တာပါ"

ကျွပ် ဘာမှမပြောတော့ဘဲ ထလိုက်တယ်။ ချိုင့်ကို လက်ကဆွဲပြီး မဖဝါရဲ့အိမ်ကြီးထဲကနေ ထွက်ခဲ့တယ်။ ခွေးကြီးတော့ မတွေ့တော့ဘူးဗျ။ သုတ်သုတ် သုတ်သုတ်နဲ့ လျှောက်လာလိုက်တာ၊ နည်းနည်းကလေးလှမ်းလာတော့ ကျွပ်နောက်ကို ဖြတ်ကနဲ လှည့်ကြည့်လိုက်တယ်။

"ဟာ သခ္ခိုင်းကုန်းကြီးပါလား"

စောစောက ကျွပ်ထွက်လာတဲ့အိမ်ကြီးကို အစအနတောင် မတွေ့ရတော့ဘူးဗျ။ သခ္ခိုင်းကုန်းကြီးပဲ တွေ့ရတယ်။ ဟုတ်တာပေါ့။ ဒါမိုးလောင်ကုန်းရွာ သခ္ခိုင်းကုန်းပဲ။ ဖဲသမားကိုအောင်ချစ်ကို မဖဝါ ရိုက်သတ်တာ ဒီသခ္ခိုင်းကုန်းပဲလေ။ ဒါဆိုရင် မဖဝါရဲ့အိမ်က ဒီနေရာမှာ ရှိတာလား။ ဒါမှမဟုတ် လူကိုလည်း ကြိုက်တဲ့အသွင်ပြောင်းလို့ရသလိုပဲ၊ အိမ်ကိုလည်း ကြိုက်တဲ့အသွင်နဲ့ ကြိုက်သလို ဖန်ဆင်းနိုင်တာလား။ မိုးလောင်ကုန်းရွာရဲ့ သခ္ခိုင်းကြီးမှာ မဖဝါရဲ့

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီး စီကယ်ရှိတာလား။ ကျွပ်ကို သူခိုင်းတာလုပ်ပေးလို့ သူ့အိမ်ကို ဒီနေရာမှာ ခဏဖန်ဆင်းပြပြီး အိမ်ခွင့်လည်ခေါ်တာလား၊ ကျွပ်လည်း တွေးလို့မရပါဘူးဗျာ။ ဘာပဲပြောပြော ပေါ့ဗျာ။ ကျွပ်စားခဲ့တဲ့ ငှက်ပျောသီးနဲ့ ဆီးသီးလိုလို့ အသီးကတော့ တကယ်ကို ကောင်းတာဗို့။ အဲဒီညက ကျွပ်အိမ်ပြန်ရောက်တော့ ဆယ်နာရီတောင် ထိုးပြီဗို့။

အဘနဲ့ အမေက ကျွပ်ကို စိတ်ပူတာပေါ့ဗျာ။ ကျွပ်က မီးလောင်ကုန်းက အသိအိမ်မှာဝင်ပြီး စကားပြောနေလို့ပါလို့ ပြောရတာပေါ့။ ပြီးတော့ အဘနဲ့ အမေကို ဦးဲ့ကြီး ကျွတ်လွတ်သွားတဲ့ အကြောင်း ပြောပြတော့ အဘတို့လည်း ဝမ်းသာကြတာပေါ့ဗျာ။ ကျွပ်ကတော့ မျက်ကွင်းဆေးကို နှန့်ငင်းဖြူသွေးပြီး ကဗျာကယာ ဖျက်ပစ်လိုက်ရတာပေါ့။ ခင်ဗျားရော မဖဝါရဲ့အိမ်ကို သွားလည်ကြည့်ချင်နေလား။

တာ်တေ

□□□

အရှော့ဘက်ကောင်းကင်

အောက်ပါစာအုပ်များ မှာယူရရှိနိုင်ပါသည်။

အရှော့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊

ဖုန်း-၀၉၇၃၁၇၃၃၈၁၊ ၀၉၄၂၀၀၅၆၃၅၄

နာနာဘာဝ

ညောင်ပင်ကြီးနားက တင်ဆေးလာတုန်းက အရမ်းချော၊ အရမ်းလှတဲ့ မိန်းမချောလေး၊ ဆိုင်ကယ်ပေါ်ကအဆင်းလှည့်ကြည့်တော့ ကြောက်ရောကောင်းတဲ့.....

တန်ဆေးမှတ်တမ်း

တန်ဆေးရဲ့အရိုးတန်ဆောင်းကို ဆေးကုဖို့ ယူသွားတဲ့ ကောင်မလေးနှင့် ဖုတ်ဝင်နေသော အပွားကြီး

ဆေးခြင်းထမ်းလာတဲ့ တန်ဆေး

ပီယဆေးဖော်ရင်း အလောင်းကောင်ကြီး ဖုတ်ဝင်သွားသော တန်ဆေးကြီးကို သတ်ဖြတ်နှိမ်နင်းခဲ့ရသော ဆရာဝင်းတို့ ဆရာကသည်သုံးယောက်